www.burmeseclassic.com

# ဆွေဆွေအောင်

## အာရနီသင်

လုံးချင်းဝတ္ထုသစ်

BURMESE CLASSIC

www.burmeseclassic.com

Design : bo bo htoon

www.burmeseclassic.com

ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ........... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ........... ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ........... ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းကမ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသောတာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ★ တရားဥပဒေစိုးမိုးရေး။
- ★ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး။
- ★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ★ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ★ ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ★ တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- ★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ★ မျိုးချစ်စိတ်ဓါတ်ရှင်သန် ထက်မြက်စေရေး။
- ★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

စာမူခွင့်ပြုချက်အမှတ်

၆၇၇/၂၀၀၄ (၇)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၁၂၄၇/ ၂၀၀၄ (၁၀)

ထုတ်ဝေသူ

ဒေါ်ဆွေဆွေအောင်

ဆွေဆွေအောင်စာပေ

၁၅၀၊ ဘိုလိမ်းလမ်း၊ မင်္ဂလာတောင်ညွန့်

ပုံနှိပ်သူ

ဦးမောင်မျိုး

ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း

ပထမအကြိမ် ၂၀၀၅ ခုနှစ် ဇန်နဝါရီလ

အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

အနန္တောအနန္တငါးပါးအပါအဝင် မိဘနှစ်ပါး ဖြစ်သူ ဖေဖေနှင့်မေမေအား ရှုပ်နှံနှာမ်တည်မြသရွေ့ သန့်ရှင်းစွာရှာဖွေရအပ်သောငွေဖြင့် ထောက်ပံ့ကူညီ ကျွေးမွေးပြုစုနိုင်သည့် သမီးကောင်းရတနာဖြစ်ရပါလို၏။

ဤဝတ္ထု၊ အမည်၊ ဇာတ်လမ်းနှင့် ဝတ္ထုတွင်းပါ ဇာတ်ကောင်များသည် စာရေးသူ၏ စိတ်ကူးယဉ်မှုသာ ဖြစ်ပါသည်။

မည်သူ့ကိုမျှ မရည်ရွယ်ပါ။
တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါ။

**ဆွေဆွေအောင်**



## ၁

"နွားကြီးကွ... နွားကြီး"

"ဟုတ်ပါဘူး ကျွဲကြီးပါကွ... ဟောဒီမှာ ကြည့်ပါလား... အဘကြီး ခြေထောက်ကြီးတွေက ကျွဲခြေထောက်ကြီးတွေ အတိုင်းပဲ"

"ဟုတ်ပါဘူး... နွားခြေထောက်ကြီးနဲ့ ပိုတူတာ"

တူနှစ်ယောက်က ဘကြီးဖြစ်သူကို တက်နင်းပေးနေရာမှ ...သားလုံး ကြွက်သားအဖုကြီးကို ကိုင်ကြည့်ရင်း ငြင်းခုန်နေ ...ခြင်းဖြစ်သည်။

'ခင်မောင်အေး' အိမ်မှာရှိသည့်နေ့မျိုးတွင် တူနှစ်ယော... ...ရှင်မြူးတူးနေတတ်သည်။



www.burmeseclassic.com

ခါတိုင်းရက်တွေ ကျောင်းသွားခါနီးအထိ ကြိမ်သံပေးပြီး နှိုးရတတ်သော်လည်း 'ခင်မောင်အေး' ရှိသည့်ရက်များတွင် မတိုင်ပင်ဘဲ သူတို့နှစ်ယောက်က ဘကြီး အိပ်ခန်းထဲ မိုးမလင်းခင် ရောက်လာတတ်ကြသည်။

ဘကြီးကို အတင်းနှိုးပြီး မုန့်လိုက်ကျွေးခိုင်းခြင်း ဖြစ်သည်။ ဘကြီး ဖြစ်သူကလည်း အိပ်ရေးမဝသည့်ကြားက တူနှစ်ယောက်အလိုကျ ချက်ချင်းထပြီး စားချင်တာ၊ပူဆာတာ အကုန်လိုက်ဝယ်ကျွေးတတ်သည်။ ဝယ်ပေးတတ်သည်။

ပြန်လာလျှင် ဗိုက်ကလေးတွေပူပြီး အရုပ်တစ်ရုပ်စီကိုင်ရင်း ပြုံးဖြီးဖြီးမျက်နှာများဖြင့် ကျေနပ်နေကြသည်။

"မီးတို့လည်း နင်းပေးမယ်"

"ဟုတ်တယ်... ကိုကြီးတို့ ဖယ်ပေး... ဆင်းပေး... မီးမီးတို့ အလှည့်"

ကျွဲခြေထောက်၊ နွားခြေထောက်ဟု ငြင်းနေကြသော 'ကိုကြီး' နှင့် 'ကိုငယ်' ကို 'သဲသဲ' နှင့် 'ဖဲဖဲ' က တွန်းချဆွဲချနေကြခြင်းဖြစ် သည်။

အကြီးနှစ်ကောင်ကလည်း တစ်နာရီကို နှစ်ဆယ်နှုန်းနှင့် နင်းနေကြခြင်းဖြစ်၍ အလုပ်သဘောကြောင့် ဖယ်မပေးကြ။





"သွား သွား နင်တို့ နင်းတတ်တာလည်း မဟုတ်ဘူး... ဟိုတစ်ခါလည်း ဘဘကြီး ကျောကုန်းပေါ် သေးပေါက်ချသွားပြီးပြီ"

"ဟမ်း..."

သူ့ကိုပြန်တွန်းချသဖြင့် 'သဲသဲ' က ငိုကနဲအော်ပါတော့သည်။

ဘကြီးလုပ်သူက မှောက်လျက်က တခွီးခွီးရယ်ရင်း ရန်ပွဲကိုရှင်းရလေပြီ။

"ကဲ ကဲ သူတို့လည်းနင်းချင်မှာပေါ့ မင်းတို့လည်းအချိန်ပြည့်ခါနီးပြီပဲ... နားကြတော့ နားကြတော့... ရော့ ရော့"

အိပ်ကပ်ထဲမှ နှစ်ဆယ်တန်တစ်ရွက်စီ ထုတ်ပေးသော အခါ...

"မီးတို့ကိုလည်း ပေးရမှာနော်"

'သဲသဲ' က နှစ်နှစ်ကျော်ကျော်သာ ရှိသေး၍ စကားကိုအထစ်ထစ်အငေါ့ငေါ့ ပြောနေရဆဲဖြစ်သည်။ အလွန်ချစ်စရာကောင်းကြပါသည်။ ကြက်တောင်စည်းလေးတွေက ခေါင်းပေါ်တွင်ထောင်နေသလို ဗိုက်ပူပူဖင်ကောက်ကောက်ကလေးတွေနှင့် ချွေးတလုံးလုံး၊ နှာရည်တရွှဲရွှဲနှင့်။

www.burmeseclassic.com

'ကိုကြီး' နှင့် 'ကိုငယ်' က ညီအစ်ကိုတစ်ဝမ်းကွဲ။

'ကဲကဲ' နှင့် 'သဲသဲ' က ညီအစ်မတစ်ဝမ်းကွဲ။

'ကိုကြီး' နှင့် 'ကဲကဲ' က မောင်နှမအရင်း။

ကျောင်းနာမည်တွေက 'နန္ဒ' နှင့် 'နီလာ'။

'ကိုကြီး' က နှစ်တန်း။ 'နီလာ' က မူကြိုတက်နေပြီ။

'ကိုငယ်' နှင့် 'သဲသဲ' ကလည်း မောင်နှမအရင်း။

ကျောင်းနာမည်တွေက 'သီဟ' နှင့် 'သီတာ'။

'ကိုငယ်' က တစ်တန်း။ 'သဲသဲ' က သုံးနှစ်မပြည့်သေး၍ မူကြိုမတက်ရသေး။

ဤအိမ်မှာက ပြောင်းပြန်။

အငယ်ဆုံး 'ဝင်းမာ'က အစောဆုံး ယောကျ်ားယူသူ။

ဒုတိယသား 'စိုးမောင်' က ဒုတိယမြောက်ယူသူ။

အကြီးဆုံးသား 'ခင်မောင်အေး' က ယခုထိ လူပျိုကြီးဘဝက မကျွတ်သေး။

မကျွတ်ရသည့် အကြောင်းအရင်းက မစွံ၍မဟုတ်။ ရိုးလွန်းအေးလွန်း၊ ညှာလွန်းသောကြောင့် ဖြစ်သည်။

ကောင်မလေးတွေက လူချော၊ လူခန့်၊ လူရည်သန့်မို့ ပညာတတ်ဘွဲ့ရဖြစ်၍ အားကိုးချင်၍ ရေလာမြောင်းပေး လုပ်





နေမှန်းသိလျှက် ဖွင့်ပြောဖို့ အားပေးထည့်ထားသလို ခဲရင်းလှသူဖြစ်သည်။

ဟိုလူငဲ့ ဒီလူငဲ့ဖြင့် သူများလက်ထဲ ပါသွားမှ ဆွေးနေတတ်သူမျိုးဖြစ်သည်။

ယခုတော့ သူ့မှာချစ်ရမယ့်သူတွေ၊ သံယောဇဉ်ထားရမည့် တူ တူမတွေ ရှိနေပြီဖြစ်၍ ပူလောင်သောအချစ်ကို မရှာချင်တော့ပါဘူးဟု မကြာခဏ ပြောတတ်သူဖြစ်သည်။

ရန်ကုန်နှင့်မန္တလေး အိမ်ဦးနှင့်ကြမ်းပြင် ခေါက်တုံ့ခေါက်ပြန် ပြေးနေသူဖြစ်၍ နဂိုရှိရင်းစွဲ အသားလတ်လတ်မှာ ညိုနေပြီ။

အရက်သေစာ သောက်စားခြင်းနှင့် အပျော်အပါးကင်းသော်လည်း အစားကောင်းကောင်းမကိုသဖြင့် ဗိုက်ရွှဲချင်နေပြီ။

အငယ်ကောင်လို နုနုဖတ်ဖတ်မနေသဖြင့် အသက်သုံးနှစ်သာကွာသော်လည်း ဆယ်နှစ်လောက် ကွာသည်ဟု ထင်ရသည်။

'စိုးမောင်' က 'ခင်မောင်အေး' လောက် မျက်နှာပေါက်ချောသော်လည်း အသားဖြူဖြူနှင့် ဆံပင်ကိုသူနှင့်လိုက်အောင် မတိုမရှည်ပုံသွင်းခြင်း၊ မျက်နှာကို ကရင်မ်လိမ်းခြင်း၊


www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတရံ အိမ်မှာနေလျှင် သနပ်ခါးလိမ်းပြီး အသားအရည်ကို ဂရုစိုက်တတ်သည်။

ထိုကဲ့သို့ ဂရုစိုက်သည့်ကြားက ဝက်ခြံပေါက်သဖြင့် စိတ်ညစ်နေသေးသည်။ ဆံပင်ညှပ်ဆိုင်တွင် ခေါင်းလျှော်ခြင်း၊ ပေါင်းတင်ခြင်းလည်း လုပ်တတ်သဖြင့် 'ခင်မောင်အေး' က...

"အမေ့သွားတော့ အခြောက်ဖြစ်တော့မှာစ်... "

ဟု မကြာခဏ ပြောတတ်သေးသည်။ ထိုအခါ 'စိုးမောင်' က...

" 'ကိုအေး' က ခေတ်နောက်ကျနေပြီ... အခုခေတ်မှာ မိန်းကလေးတွေမှ အလှအပဂရုစိုက်တာ မဟုတ်ဘူး... ယောကျ်ားတွေကအစ ခေါင်းကနေ ခြေအဆုံး သုံးစရာပစ္စည်းတွေနဲ့ နေအောင် ထုတ်လုပ်နေတာ"

"အေးပါကွာ အေးပါ... ငါ စတာပါ မင်းအခြောက်မဖြစ်ဘူးဆိုတာ ယုံပါတယ်... မကြာခင်ပဲ လက်ထပ်တော့မှာပဲ... မင်းအချိုးသမီးကလည်း မင်းသမီးတစ်ယောက်လို လှနေတော့ မင်းလည်း သူနဲ့လိုက်ဖက်အောင် နေမှဖြစ်မှာပေါ့"

"ကျွန်တော်တင် မဟုတ်ဘူးလေ... ကိုယ့်အစ်ကို အရင်းခေါက်ခေါက်ဖြစ်ပါလျှက် ပုတုံးကြီးလို့ အပြောမခံနိုင်ပါဘူးဗျာ–





'ကိုအေး' က ချောလျက်သားနဲ့ ကွမ်းကစာဖြစ်ဖြစ်နဲ့... သွားတွေဆိုနီရာက ကြာရင်မဲတော့မယ်... ဆံပင်ကလည်း ရှည်နေပြီ... ခြေသည်းလက်သည်းတွေကလည်း ရှည်နေပြီ"

"ကားသမားပဲ ကွာ"

"ဟာ ဒီလို လွယ်လွယ်မပြောနဲ့လေ... အဖေလည်းကားသမားလုပ်ခဲ့တာပဲ... သန့်သလားမပြောနဲ့... အခုခေတ် တချို့ကားသမားတွေဆို နေကာမျက်မှန်လေးတပ်ပြီး လောင်းပန်နံ ရှော့ပန်နံတွေနဲ့ အမိုက်စားပဲ"

"အေးပါကွာ... မင်း မင်္ဂလာဆောင်တဲ့[illegible]ချိန်ကျရင် မင်းကြိုက်သလို ငါ နေပေးပါမယ်... ငါ့အတွက် မင်း မျက်နှာမငယ်စေရပါဘူး စိတ်ချ"

"အနားနီးမှ ကပ်ပြီး လုပ်လို့မရဘူးလေ... တစ်လလောက်တည်းကကြိုတင်ပြီး ဟော့ဒီဗိုက်ကြီးကို နည်းနည်းချနေလောင်တာသက်သာအောင် ကျွန်တော်နဲ့ လိုက်ပြီး ပေါင်းတင်ဗျာ... သွားထဲက ကွမ်းဂျိုးတွေပြောင်အောင် သွားအလှပြုပြင်ရေးကို ခေါ်သွားပေးမယ်"

"ဟာ ဟော့ကောင် မင်္ဂလာဆောင်မှာ ငါ မဟုတ်ဘူးလေ... တော်ကြာ သတို့သားနဲ့ မှားနေဦးမယ်... ဟား ဟား



www.burmeseclassic.com

www.burmeseclassic.com



ဟား"

ဟုတ်ပါသည်။ နဂိုရှိ၍ နဂိုင်းထွက်သည့်ဟု ပြောရမည်လေ။ ထိုနေ့က 'ခင်မောင်အေး' တစ်ယောက် တိုက်ပုံအကျီ၊ ပိုးပုဆိုး၊ ကတ္တီပါဖိနပ်တို့ကို ဝတ်ဆင်ထားပြီး၊ စိန်လက်စွပ်၊ နာရီတို့ဖြင့် တကယ့် ရုပ်ရှင်မင်းသားဂိုက် ဖမ်းထားသဖြင့် မင်္ဂလာပွဲလာ အပျိုမတို့၏ စိတ်ဝင်စားခြင်းကို ခံခဲ့ရပါသည်။

"သူ့ညီနဲ့ ညီမကျတော့ ဆရာဝန်နဲ့ ဆရာဝန်ကတော် ဖြစ်ဘွဲ့ရပြီး သူကကျတော့ ဘာလို့ဘွဲ့မရတာလဲ... ဘွဲ့သာရရင် အိမ်က သ[illegible]းတစ်ယောက်,ယောက်နဲ့ ပေးစားပါတယ် ကွယ်"

အင်းယားလိတ် မင်္ဂလာပွဲဧည့်ခံပွဲနေ့က သားမက်ဖမ်းချင်သူ အမျိုးသမီးကြီးတစ်ဦး၏ နှမြောသလို ပြောနေသော စကားကို 'ခင်မောင်အေး' ၏ နှမဝမ်းကွဲတစ်ယောက်က ကြားခဲ့ရခြင်းဖြစ်သည်။

"တတိယနှစ်တက်နေတုန်း သူ့အဖေ ဆေလဖြတ်သွားလို့ သူ ကျောင်းထွက်ပြီး အိမ်ရဲ့ စီးပွားရေးကို ဦးဆောင်ခဲ့ရတာ ပေါ့"

"ဩော် နှမြောစရာနော်"



ဘာကို နှမြောမှန်းတော့ မသိပါ။

ကားဆရာ 'ခင်မောင်အေး' ကတော့ မင်္ဂလာပွဲပြီးသည်နှင့် နဂို ဒိုရင်းအတိုင်း ပုဆိုးတိုတိုဝတ်ပြီး ကားသမားဘဝကို ခံယူပါတော့သည်။

ဖခင်ကိုယ်စား အိမ်၏ စီးပွားရေးကို ဝင်လုပ်ရသည်ဆိုသော်လည်း စိတ်မပါဘဲ လုပ်ခြင်းမဟုတ်။ လူငယ်ပီပီ အကွက်မြင်မြင်လုပ်နိုင်သဖြင့် ကားတစ်စီးကနှစ်စီး၊ နှစ်စီးက သုံးစီးဖြစ်အောင် ကြိုးစားခဲ့သူ ဖြစ်သည်။

ဖခင်ကြီး စိတ်အားမငယ်အောင် တစ်ဖက်က ကြိုးစားပြခဲ့သလို ညီငယ်၊ ညီမငယ်များ စိတ်ဓါတ်မကျအောင် ပညာကြိုးစားအောင် အားပေးအားမြှောက် လုပ်ခဲ့သော သားကြီးကို မိခင်ဖြစ်သူ 'ဒေါ်ကြည်မာ' ကျေးဇူးများစွာတင်သလို ရင်ထဲတွင် ကြိတ်၍ သနားနေခဲ့မိသည်။

သူ့ခမြာ မိသားစုအတွက် ငဲ့ရသဖြင့် ဘွဲ့မရခဲ့ရှာ။

သူ့ကိုလက်ထပ်ချင်သူ မိန်းကလေးနှစ်ယောက်ကလည်း မိသားစုအလုပ်ကိုသာ လုပ်လွန်းသူဟု အပြစ်တင်ပြီး မိဘ်ဆေးစားသူများနှင့် လပ်ထပ်သွားခဲ့တာကြာပြီ။ ယခုဆို သားသမီးတွေတောင် ရနေပြီ။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



သူ့မှာတော့ တူ၊ တူမတွေနှင့်သာ ကျေနပ်ပျော်ရွှင်နေရှာသည်။ မိန်းမယူဖို့ပြောတိုင်း တော်ပါပြီဟု ခေါင်းခါပြတတ်သည်။

ဘကြီးထံမှ ပိုက်ဆံရသည်နှင့် 'ကိုကြီး' နှင့် 'ကိုငယ်' တို့နှစ်ယောက် လှစ်ကနဲ ခြံထဲမှပြေးထွက်သွားကြောင်း တွေ့လိုက်ရသည်။

လှမ်းအော်ခေါ်မည်လုပ်ပြီးမှ ပါးစပ်ပိတ်ထားလိုက်ရသည်။ 'ကိုငယ့်' အမေ 'မီမီလွင်' က လမ်းဘေးအစားအစာတွေ ဝယ်စားတာမကြိုက်။

ပိုက်ဆံသုံးတတ်တာ မကြိုက်။ ထို့အတူ သားမက်ဆရာဝန်ကလည်း အလွန်စခန်းကြီးသည်။ ဆရာဝန်ချင်းအတူတူ မိမိသားအရင်း ဆရာဝန့်ထက် သူကပိုပြီး အဆင့်မြင့်သည်။ အမြဲ ဖွန်း၊ ခရင်းနှင့် စားသည်။ သားနှင့်သမီးကိုလည်း အထက်တန်းကျကျ ဘိုဆန်ဆန် နေခိုင်းသည်။

သားမက်က အရှူးထွသလို ချွေးမကလည်း အပြိုင်ဘိုဆန်ပြတတ်သူ။

ဒါပေမယ့် ကိုယ့်ကလေးတွေက ဒီရပ်ကွက်မှာနေတာဆိုတော့ ဒီရပ်ကွက်ထဲက ကလေးတွေပျော်သလို ပျော်ချင်သည်။



စားချင်သည်။ အင်းလျားလမ်းက ခြံတွေအိမ်တွေလို၊ တစ်ခြံနှင့်တစ်ခြံ အော်မကြား ခေါ်မကြားမှ မဟုတ်တာ။ အခုဆို အင်းလျားလမ်းရော ဆိတ်ငြိမ်ရပ် ကွက်တွေမှာရော၊ တချို့ခြံတွေသာ ကျယ်တော့သည်။

တချို့ ခြံတွေဖဲ့ရောင်းပြီး အိမ်တွေပြွတ်နေအောင် ဆောက်လို့ အိမ်ချင်းတွေ ကပ်ကုန်ကြပြီ။

ကလေးနှစ်ယောက်ထွက်သွားတာ မမြင်ပါစေနှင့်၊ ပြန်လာတာ မမြင်ပါစေနှင့်ဟု ဆုတောင်းနေမိသည်။ ဒါမှ ကလေးတွေလည်း သူ စားချင်တာ စားရပြီး ပျော်ကြမည်။ ကလေးတွေ ပျော်စေချင်၍ ပိုက်ဆံထုတ်ပေးလိုက်သော ဘကြီးလည်း ပျော်ရွှင်နိုင်မည်။

ဆန္ဒမပြည့်တော့ပါ။ 'မီမီလွင်' က ဂါဝန်တဖါးဖါး၊ ဆံပင်ဖို့ယို့ဖါးလားနှင့် ခြံဝသို့ ပြေးထွက်လာပြီး ချောင်းကြည့်နေသည်။ ပြီးတော့ ခြံထဲရှိ သစ်ဝင်အကွယ်တွင် ပုန်းနေသည်။

'ကိုကြီး' နှင့် 'ကိုငယ်' တို့၏ ရယ်သံလေးများကို ကြားနေရပြီ။

"လာခဲ့စမ်း ဒါ ဘာလဲ... သေချာမှာထား ဆုံးမထားတာနဲ့ အပေါစားမုန့်တွေကို စားပြန်ပြီလား... ဂဲ-ဂဲ"



www.burmeseclassic.com

www.burmeseclassic.com



"အား နာပါတယ် မာမီရဲ့... နောက်တစ်ခါ မစားတော့ပါဘူး"

'မိမိလွင်' က ဗိုက်ခေါက်ကို ပြတ်မတတ် လိမ်ဆွဲနေခြင်းဖြစ်၍ 'ကိုငယ်' မျက်နှာမှာ နီမြန်းပြီး မျက်ရည်ပေါက်ပေါက်ကျနေပြီ ဖြစ်သော်လည်း အသံထွက်၍ မငိုရှာပါ။ သူ့ဘကြီး ကြားသွားလျှင်စိတ်မကောင်းဖြစ်မှာကို သူ သိရှိနားလည်နေပြီလေ။

"ဟွန်း ပါးစပ်က ကလေးကို ချစ်တယ်ချစ်တယ် ပြောပြီး ငွေလေးနှစ်ပြားတစ်ပဲ ပဲမုပေးပြီး ညတိုင်း ခေါ်,ခေါ် နင်းခိုင်းနေတယ်... သိပ်ညောင်းနေရင် အနှိပ်သည်ခေါ်နှိပ်ပေါ့... ပိုက်ဆံကပ်စေးနည်းတိုင်း သူများကလေးတွေပဲ နှိပ်ခိုင်းလိုက် ဆံပင်ဖြူတွေ နှုတ်ခိုင်းလိုက်နဲ့ သူတို့ခိုင်းဝတ်ကြနေတာပဲ"

ထိုစကားကြောင့် 'ဒေါ်ကြည်မာ' ရင်ပတ်ကို ခြေထောက်နဲ့ ဆောင့်အကန်ခံလိုက်ရသလို အောင့်သွားရှာပါသည်။

'ခင်မောင်အေး' ခမြာ တစ်လမှ လေးငါးရက်သာ အိမ်မှာ ရှိရှာသူပါ။ ဆံပင်ဖြူကလည်း လေးငါးဆယ်ပင်သာ ရှိရှာသည်။ တူတွေ တူမတွေနှင့် ပူးပူးကပ်ကပ်နေချင်၍ ပျော်ချင်၍ နည်းမျိုးစုံနှင့် ဆော့ ကစားရာတွင် တစ်ခါတရံသာ နှိပ်ခိုင်း



နင်းခိုင်းခြင်းပါ။

အဘိုးနှင့်အဘွားကိုလည်း နင်းပေးနှိပ်ပေးတတ်ကြသည်။ ဆံပင်ဖြူနှုတ်ပေးတတ်ကြသည်။ 'မိမိလွင်' ပြောလိုက်သည့်စကား သည် ဖိုးအေ၊ ဖွားအေ ခိုင်းတာကိုပါ မကြိုက်မှန်းသိပါသည်။

ဩော် မိမိသားကိုကျတော့ မရမကယူခဲ့ပြီး မိမိတို့လင်မယားကိုတော့ ရိုသေရမှန်းမသိပါလား။

ယောက်ျားကို ပိုင်ပြီဆိုတာနှင့် ယောက်ျား၏ မိဘများသည် မိဘအရာ၊ ရိုသေရမည့်အရာတွင် မရှိတော့ဘူးလား။

'ခင်မောင်အေး' ဆိုသည့်လူသည် သူ့ယောက်ျားဆရာဝန်ဖြစ်အောင် ထောက်ပံ့ကူညီခဲ့သူ မဟုတ်ဘူးလား။ အင်းလျားသိတ်တွင် မင်္ဂလာဆောင်ချင်သည်ဆို၍ ဆောင်ပေးခဲ့သူ မဟုတ်ဘူးလား။

မိမိတို့ဆန္ဒအတိုင်းသာဆိုလျှင် ရုံးမှာလက်မှတ်ထိုး၊ ရပ်ကွက်မှာ မဏ္ဍပ်ထိုးပြီး လူသိရှင်ကြားဧည့်ခံယုံနှင့် လုံလောက်ပြီ။

ခုတော့ ညီမမင်္ဂလာဆောင်တုန်းကလည်း ညီမ မျက်နှာငယ်အောင် သတို့သားဘက်က အကြိုက်လိုက်လုပ်ပေးခဲ့ရှာ

www.burmeseclassic.com



သူ။

'ဝင်းမာ' မင်္ဂလာဆောင်တုန်းက သားမက်လည်း ကျောင်းမပြီးသေး၊ 'ဝင်းမာ' လည်း ကျောင်းမပြီးသေး။

သူငယ်ချင်းဖြစ်သူ 'စိုးအောင်' ထံတွင် စာအတူလာ ကျက်ရင်း 'ဝင်းမာ' နှင့်အနေနီးပြီး ခိုးပြေးကြခြင်းဖြစ်သည်။

အဲဒီတုန်းကလည်း သားမက်ဘက်က သူ့သားကို အမိဖမ်းသည့်မိသားစုဆိုပြီး မင်္ဂလာပွဲဖျက်ဖို့ ကြိုးစားကြသေးသည်။ သားမက်ကို ကျောင်းဆက်ထားမပေး၍ 'ခင်မောင်အေး' ကပင် ညီနှင့်ယောက်ဖကို ကျောင်းဆက်ထားပေးခဲ့ခြင်းဖြစ်သည်။

သားကြီးအတွက် စိတ်မကောင်းဖြစ်ရသလို၊ ချွေးမရတာကံမကောင်းပါလားဟုလည်း တွေးပြီး စိတ်မကောင်းဖြစ်မိပါတော့သည်။





၂

"အမေ့ကို ခွင့်တောင်းရဦးမယ်... နက်ဖြန်ည နေကျရင် 'မီလွင်' သူငယ်ချင်းတစ်ယောက် ရန်ကုန်မှာ သင်တန်းလာတက်ရင်း မပြန်ခင် ဒီမှာ နှစ်ရက်လောက် လာတည်းချင်လို့တဲ့"

မနေ့ညက သားကြီးကို စော်ကားထားပြီး၊ ယနေ့မနက်မှစ၍ မျက်နှာချိုလာသွေးနေသော ချွေးမ၏ မျက်နှာလှလှကိုစိုက်ကြည့်ရင်း၊ သူမ၏လှပသော သွားများကို စိုက်ကြည့်ရင်း အစွယ်တွေနှင့် ရယ်ပြနေမှန်းသိပါသည်။

မိမိကလည်း ပြန်ပြုံးပြရင်း...



www.burmeseclassic.com

www.burmeseclassic.com



"နေရာပိုမှ မရှိတာကွယ်... ကားထားဖို့ နေရာတွေချန်ထားရတော့ အိမ်ကလည်း ထင်သလောက်မကျယ်ဘူးလေ... လာတည်းတဲ့ သူငယ်ချင်းလည်း ကျဉ်းကျဉ်းကြပ်ကြပ်နဲ့ အားနာစရာဖြစ်နေမှာပေါ့ 'မီလွင်' တို့မိဘတွေအိမ်က အကျယ်ကြီးပဲ... အဲ့ဒီမှာ သွားတည်းခိုင်းလိုက်ပါလား"

ထိုစကားကြောင့် သူမ၏ မျက်နှာမှာ ခက်ထန်သွားပြီး...

"'မီလွင့်' တို့အိမ်က ခြံအကျယ်ကြီး တိုက်အကျယ်ကြီးမို့ ဘယ်သူလာတည်းတည်း လက်ခံတာကြီးပါပဲ... ဒါပေမဲ့ မြို့ထဲနဲ့ ဝေးတယ်လေ... ပြီးတော့ သူငယ်ချင်းက 'မီလွင်' နဲ့ အေးအေးဆေးဆေး စကားပြောချင်လို့ လာတာမို့ပါ"

"အေးလေ... ဒါကြောင့် ဟိုမှာ 'မီလွင်' ပါ လိုက်သွားပြီး အေးအေးဆေးဆေး ပြောကြဆိုကြပေါ့... ဒီမှာ နေရာမရှိလို့ အားနာလို့ ပြောတာပါ"

"'ကိုအေး' အခန်းအားနေတာပဲ... 'ကိုအေး' ကားထွက်သွားတာတွေ့လို့ သူ ဖုန်းဆက်တုန်းက လက်ခံလိုက်တာပါ... ဟိုကိုခေါ်သွားရင် ကလေးတွေကိစ္စက ရှိသေးတယ်လေ"

"ယောက်ျားအခန်း မိန်းမညည့်သည်ထားလို့ မကောင်းဘူးထင် တယ်... တစ်ခုတော့ ရှိတယ်... 'စိုးမောင်' ကို 'ကိုအေး'





အခန်းထဲသွားအိပ်ရင် အိပ်ခိုင်းလိုက်ပေါ့"

နောက်ဆုံး မိမိကမျှင် အလျှော့ပေးလိုက်ပါသည်။

သားကြီးအခန်းကိုတော့ တခြားဘယ်သူ့ကိုမှ မဝင်စေချင်ပါ။

"'မီလွင်' က အဲ့ဒီသူငယ်ချင်းကို တမင် အိမ်မှာအိပ်ဖို့ ခေါ်လိုက်တာပါ မေမေရဲ့... မေမေ ရွှေးမရှာနေမှန်းသိလို့ 'ကိုကြီးကိုအေး' အတွက် အကဲခတ်နိုင်အောင်လို့ပါ"

"သားကြီးက အိမ်ထောင်ရေးကို စိတ်ဝင်စားပုံ မပေါ်ပါဘူး... သူ့အလုပ်က အိမ်ကပ်ရတာမှမဟုတ်တာ... ယူတဲ့မိန်းမလည်း အထီးကျန်နေမှာပဲ"

"ဒါတော့ မေမေ မတရားဘူးပေါ့... ကိုကြီး ကို တစ်ယောက်တည်း အထီးကျန်ဘဝနဲ့ နေခိုင်းတော့မှာလား... သူ့ခမြာ ညဘက်တွေဆို ပျင်းလို့ ကလေးတွေကို ခေါ်ခေါ်ဆော့နေရတာ... ကဲ 'မီလွင်' တို့ နယ်ပြောင်းသွားရင်ကော... အစိုးရဝန်ထမ်းတွေဆိုတော့ တစ်နေ့ မဟုတ်တစ်နေ့တော့ နယ်မှာတာဝန်ကျဦးမှာပဲ... ရန်ကုန်မှာကြီးပဲ အမြဲဘယ်နေလို့ ရပါ့မလဲ...

အဲ့ဒီအချိန်တွေကျရင် မေမေတို့လူကြီးနှစ်ယောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ဒွိခြံကြီးထဲမှာ နေခဲ့လို့ဖြစ်မှာမှ မဟုတ်တာ… ကိုကြီး ကို အိမ်ထောင်ချပေးလိုက်ရင် ပင်တိုင်နေပေးမယ့် ချွေးမတစ်ယောက်လည်းရမယ်… ကိုကြီး ခရီးထွက်ရင်တောင် ချွေးမနဲ့မြေးတွေကတော့ အဖော်ဖြစ်နိုင်တာပဲ”

စေတနာပါလို့ပြောတာ မဟုတ်ဘူးဆိုတာ သိပါသည်။

သို့သော် သူ ပြောတာလည်း ဟုတ်နေသဖြင့် ငြိမ်ပြီးနားထောင်နေလိုက်ပါသည်။

“အခုလာမယ့် သူငယ်ချင်းရဲ့ ကျောင်းဆရာမ… ရုပ်ရောကိုယ်လုံးရော ပြောစရာမရှိဘူး… အသိုင်းအဝိုင်းကလည်း ပြည့်စုံပြီး ဂုဏ်ရှိတယ်”

“ဘယ်သားသမီးကိုမှ အတင်းနားချပြီး ပေးစားခဲ့ဖူးတာမဟုတ်တော့ သူ ကြိုက်ရင် သူ ယူခွင့်ရှိပါတယ်”

“ဒါဆို ကိုကြီး ခရီးတစ်ခေါက် ပြန်ရောက်လာတဲ့အထိ အချိန် ဆွဲထားလိုက်ရမလား… မေမေလည်း ကြာကြာနေတော့ ပိုလေ့လာလို့ရတာပေါ့”

“ဒါဆို ဆယ်ရက်လောက် ကြာသွားမှာပေါ့… သူက ဝန်ထမ်းဆိုတော့ သိပ်ကြာသွားရင် ဘယ်ကောင်းမလဲ… ပြီးတော့ လူတစ်ယောက်အကြောင်းကို လေးငါးဆယ်ရက်လောက်ရွေး





နဲ့ လေ့လာလို့ ဘယ်ရနိုင်ပါ့မလဲ… သားကြီးနဲ့ နှီးစပ်စေချင်တဲ့ ရည်ရွယ်ချက်နဲ့တော့ လုပ်မနေပါနဲ့တော့… ညည်းတို့ သူငယ်ချင်းနှစ်ယောက် တွေ့ချင်ဆုံချင်တာကိုတော့ လေးငါးရက်မျိုးလာလည်တာကိုတော့ မတားလိုပါဘူး”

‘မိမိလွင်’ မျက်နှာက သိပ်တော့ကျေနပ်ပုံတော့ မပြပါ။



www.burmeseclassic.com

www.burmeseclassic.com

"မောင်ရေ…"

"ပြောဗျာ"

"နယ်ပြောင်းပါလား"

"ဟောဗျာ မယူခင်တုန်းကတော့ ရန်ကုန်ကိုမပြောင်းမချင်း ဂျီတိုက်နေလို့ ရန်ကုန်ရှိအောင် မေမေတို့မိတ်ဆွေတွေအကူအညီတောင်းထားရတာ… အခု ဘာဖြစ်နေပြီလဲ"

"မောင်တစ်နေ့ကုန်ဆေးရုံသွား ဆေးခန်းသွားနဲ့ဆိုတော့ 'မီလွင်' ရဲ့ အနေကျဉ်းကျပ်မှုကိုမသိဘူးလေ… မေမေတို့က ခြည့်သည်စောင့်လာရင် မကြိုက်သလိုပုံစံကြီးနဲ့ကြည့်ကြည့်နေတတ်တာ"





"ထင်လို့နေမှာပါကွာ… ခြံထဲလာတဲ့လူကိုပဲ ကြည့်စရာရှိတာလေ… ညနေတုန်းက ဆေးခန်းမသွားခင် ထမင်းသွားစားတုန်းကတောင် 'မီလွင့်' သူငယ်ချင်းလာရင် မောင့်ကို 'ကိုအေး' အခန်းမှာ အိပ်ပေးဖို့တောင်ပြောနေသေးတယ်… မောင်စဉ်းစားကြည့်ကွာ… 'မီလွင့်' မှာ ကိုယ့်သူငယ်ချင်း ကိုယ့်ဆွေမျိုးလာရင်တောင် ပေးသိပ်စရာနေရာမရှိဘူး…

ချက်ပြုတ်ကျွေးစရာနေရာမရှိဘူး… ကလေးတွေလည်းတစ်နေ့တခြား ကြီးလာမှာဆိုတော့ ကိုယ့်အိုးကိုယ့်အိမ်ကလေးနဲ့ သီးသန့်နေနိုင်ရင် ပိုကောင်းတာပေါ့ မဟုတ်ဘူးလား"

"ဒါလည်း ကိုယ့်အိုးကိုယ့်အိမ်ပဲလေကွာ… အိမ်လခလဲပေးစရာမလိုဘူး… ထမင်းလည်း အလကားစားနေရတာ… ဒီ့ထက်ကောင်းတာ ဘာများရှိဦးမှာလဲ"

"မောင်ကတော့ ပြောလိုက်ရင် ဒီလိုကြီးပဲပြန်ပြောနေတာပဲ… ဒါကိုပဲ ကျေနပ်နေတာပဲ… ကဲ 'ကိုအေး' မိန်းမယူပြီးရင် ဒီလိုပဲနေကြမှာလား စားကြမှာလား"

"အေးလေ အရင်ကလဲ 'ကိုအေး' ပဲ စီးပွားရေးကိုဦးစီးခဲ့တာ… နောက်လည်း သူပဲစီးပွားရေးကို ဦးစီးဦးမှာပဲ… ဒီတော့ ဒီလိုပဲနေကြ စားကြရမှာပေါ့"


www.burmeseclassic.com

www.burmeseclassic.com



"ဟာ မောင်ကလေ ဦးနှောက်ကိုမရှိဘူး… မိန်းမယူလိုက်ရင် သူ့စိတ်ထားကအရင်လို ရှိဦးမယ်ထင်လို့လား… အရင်ကလို စေတနာရှိဦးမယ်ထင်လို့လား"

'စိုးမောင်' က မျက်မှောင်ကြုတ်၍ စဉ်းစားပြီးနောက်…

" 'ကိုအေး' ပုံစံကတော့ ဘယ်တော့မှ ပြောင်းလွဲမှာမဟုတ်ပါဘူး… တကယ့်ကို မိသားစုအပေါ်မှာ စိတ်ကောင်းရှိတဲ့လူ… စေတနာကောင်း ရှိတဲ့လူပါ"

"ဟုတ်ပါတယ်… အရင်ကတော့ မောင်ပြောသလိုပဲပေါ့ မိန်းမသွေးထိုးရင်ပြောတာ"

"အဲဒီလိုဖြစ်လာရင်တော့ တစ်မျိုးစီစဉ်ကြတာပေါ့… လူကြီးတွေလည်း ရှိနေတာပဲ… မျှမျှတတဖြစ်အောင်လုပ်ပေးမှာပါ… အမှန်အတိုင်းပြောရရင်တော့ ခုလောက်ကြီး ကြီးပွားလာတာ 'ကိုအေး' ရဲ့ ကြိုးစားမှုတွေက အများကြီးပါ… ကိုယ်ဆရာဝန်ဖြစ်လာအောင် နားကြပ်လေးပခုံးပေါ်တင် ဆေးအိတ်လေးစတိုင်လ်နဲ့ဆွဲပြီး ကားလေးသော့ဖွင့်မောင်းနိုင်အောင် 'ကိုအေး' က စီစဉ်ပေးခဲ့တာလေ… 'ကိုအေး' စီစဉ်တာကိုပဲ ကျေနပ်ခဲ့တဲ့သူဆိုတော့ ကိုယ်ကစပြီး ဘာမှစိတ်ဝမ်းမကွဲချင်ပါဘူး…

သူ့ဘဝ သူ့အကျိုးထက်တောင် မိသားစုအကျိုးကို





ကြည့်ခဲ့တဲ့လူဆိုတော့ သူ့ကိုယ့်ကျိုးကိုပိုပြီးကြည့်လိမ့်မယ်လို့ မထင်ပါဘူး"

လင်ဖြစ်သူကို သွေးထိုးနေကြောင်း 'ဒေါ်ကြည်မာ' ကောင်းစွာကြားနေရပါသည်။ သားကြီး၏အခန်းထဲမှ ပစ္စည်းများသိမ်းသင့်တာသိမ်းရန် တစ်ဖက်ခန်းတွင်ရောက်ရှိနေချိန်ဖြစ်ပါသည်။

အကျယ်ဆယ်ပေ၊ အရှည်ပေးသုံးဆယ်ခန့်၊ ခြောက်ခန်းကို ညီမျှစွာခွဲဝေပေးထားခြင်းဖြစ်သည်။ အိပ်ခန်းသုံးခန်းစီနှင့် ဘုရားခန်း၊ ဧည့်ခန်း၊ ရေချိုးခန်းအိမ်သာနှင့် စားသောက်ခန်း တစ်ခုစီပါဝင်ပြီး အိပ်ခန်းများတစ်ခုနှင့်တစ်ခုကြားတွင် ဧည့်ခန်း ထမင်းစားခန်းများကို ကြားကန့်ပြီး ထည့်ပေးထားခြင်းဖြစ်သည်။

တစ်အိုးတည်းစားနေကြ၍ မီးဖိုချောင်ကိုတော့ မသုံးကြ။

အုတ်ညှပ်တိုက်လှလှပပလေး ဖွဲ့စည်းပေးထားခြင်းဖြစ်သည်။

မီးဖိုချောင်ကြီးနှင့် ထမင်းစားခန်းကြီးကိုတော့ မိဘများ၏အိပ်ခန်း၊ ဧည့်ခန်းနှင့်တွဲပေးထားသည်။ အယ်လ်ပုံစံအိမ်ကြီး၏ ရှေ့မြေကွက်လပ်တွင် ကားကြီးသုံးစီးရပ်နားရန်နေရာနှင့်

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com


ကားငယ်လေးတစ်စီးရပ်ရန် နေရာရှိသည်။

"မေမေကပြောနေဘယ်... 'ကိုအေး' ကို မိန်းမပေးစားဖို့လေ"

ခြေသံဖွဖွဆက်လျှောက်လာရင်း သမီးဖြစ်သူ၏အခန်းရှေ့ဝရံတာနားအရောက် ဧည့်ခန်းထဲမှပြောလိုက်သော သမီးအရင်းခေါက်ခေါက်အသံကြောင့် 'ဒေါ်ကြည်မာ' ခြေလှမ်းများရပ်တန့်သွားခဲ့သည်။

" 'ကိုအေး' က ယူချင်တယ်ပြောမယ့်ပုံတော့မပေါ်ပါဘူး မိန်းမရာ"

" 'မမိလွင်' က သူ့သူငယ်ချင်းနဲ့စပ်ပေးမလို့တဲ့"

"ဟား ဒီမိန်းမ တယ်လျှာရှည်ပါလား... လူပျိုကြီးဘဝနဲ့နေတော့ သူ ချက်ပြုတ်ကျွေးရတာကြနေတာပဲ... သိပ်အတာကိုး... မိန်းမယူလိုက်ရင် သွေးထိုးခံရပြီး မိသားစုစိတ်ခါတ်ပျောက်သွားမှာကိုတော့ မမြင်ဘူး"

"အောင်မာ မောင်က ဝါးလုံးရှည်နဲ့ရမ်းပြီးမပြောပါနဲ့နော်... မိန်းမယူတိုင်း သွေးထိုးခံရလို့လား... မောင့်မိဘတွေနဲ့မောင့်ကို ဘယ်တုန်းက 'ဝင်းမာ' သွေးခွဲဖူးလဲ"

"မထူးပါဘူးဗျာ... ဟော့ဒီမိန်းမကိုမြင်ပြီး မိဘမောင်နှမ





တွေကို လုံးဝလှည့်မကြည့်တော့ဘဲ ခိုးပြေးခဲ့တာရောဗျာ"

"မောင့်မိဘတွေကသာ 'ဝင်းမာ' နဲ့မတူမတန်မပေးစားချင်သလိုလုပ်ခဲ့တာ... သူတို့မကောင်းပေမယ့် 'ဝင်းမာ' တို့ဘက်က ကောင်းပါတယ်နော်... အခုလည်း မောင့်ကိုမိဘတွေဆီ တစ်ပတ်တစ်ခါသွားလည်ဖို့ သွားအိပ်ဖို့ ကိုယ့်လခထဲက တတ်နိုင်သလောက် ထောက်ပံ့ဖို့မပြောဘူးလား မလွှတ်ဘူးလား"

ရန်ထောင်သလိုပြောနေသော 'ဝင်းမာ' ကို 'ညီထွန်း' က လှမ်းဖက်ရင်း...

"ဟုတ်ပါတယ်... 'ဝင်းမာ' တို့ဘက်က ဘာတစ်ခုမှအပြစ်ပြောစရာကိုမရှိတာပါ... အပြစ်လည်းမပြောပါဘူး... ကိုယ့်အသိုင်းအဝိုင်းကလည်း သဘောပေါက်လို့ ခုဆို 'ဝင်းမာ' မှ 'ဝင်းမာ' ဖြစ်နေကြပြီပဲ... ကျောင်းမပြီးပဲအိမ်ထောင်ပြုလို့ကိုယ့်ဘဝရည်မှန်းချက်ပန်းတိုင် မရောက်မှာစိုးရိမ်ကြတာပါ...

ခုတော့လည်း ရည်မှန်းချက်ပန်းတိုင်က ဆရာဝန်လည်းဖြစ် ဘွဲ့လည်းရ ကလေးနှစ်ယောက်တောင် စုဆောင်းထားပြီး နေစရာအိမ်အသင့် ဆေးခန်းအသင့် စားဖို့သောက်ဖို့လည်းမပူရတော့ ကိုယ့်လောက်ကံကောင်းတဲ့သူ ရှိဦးမလား" ဟဲ ဟဲ

www.burmeseclassic.com

ယောက်ဖကြီးရဲ့ ကျေးဇူးတွေကို တစ်သက်လုံးမမေ့ပါဘူးဗျာ ဒါကြောင့် မိန်းမယူသွားမှာကို နှမြောနေတာပေါ့"

"သြော် မောင်ရယ်... မေမေတို့က 'ဝင်းမာ' တို့ 'ကိုစိုး' တို့ ကိုယ့်မိသားစုလေးတွေနဲ့ ကိုယ် သိုက်သိုက်ဝန်းဝန်းပျော်ပျော်ပါးပါးနေတာကိုတော့မြင်တော့ သူ့သွားကြီးတစ်ယောက်တည်း အထီးကျန်နေရှာတာကို သနားနေမှာပေါ့"

"မေမေက အလကားပူနေတာပါကွာ... သူပြန်လာတာနဲ့ သူ့တူ တူမတွေက ဂုတ်ခွစီးတဲ့လူကစီး... မုဆိုးစဆွဲတဲ့လူကဆွဲနဲ့ ဟိုတစ်နေ့က လူပျိုကြီးလုံချည်ကျွတ်ကျသွားလို့ ဟိုကြည့်ဒီကြည့်နဲ့ ရှက်နေတာ မောင်ဖြင့် မမြင်ချင်ဟန်ဆောင်နေလိုက်ရသေးတယ်... ဟား ဟား ဟား"

"အဟင်း ဟင်း ဟင်း"

သူတို့လင်မယားနှင့်အတူ ဝရံတာမှ 'ဒေါ်ကြည်မာ' လဲ ရယ်နေမိပါသည်။

"ဒါပေမဲ့ မောင်ရယ်... ကိုယ့်သားသမီးအရင်းမှဟုတ်တော့... သူ့ခမြာလည်း ပေးပေးကျွေးကျွေးနဲ့ အပြောခံနေရတာ... 'မမီလွင်' က 'ကိုအေး' မုန့်ဘိုးပေးလည်းမကြိုက် နင်းနိုင်းလည်းမကြိုက်နဲ့"





"ဒါက ဒီလိုရှိတယ်လေ မိန်းမရဲ့... ပိုက်ဆံပေးပြီးခိုင်းမှန်းသိရင် နောက်ဆိုရင် ပိုက်ဆံပေးမှလုပ်ပေးမယ်ဆိုတဲ့အတွေးတွေ ဝင်လာမှာစိုးလို့နေမှာပါ... ပိုက်ဆံရတာနဲ့ ဒီကောင်တွေက မုန့်ဆိုင်တန်းပြေးပြီး မတည့်တာတွေဝယ်စားတော့ ချောင်းဆိုးရော... ချေးပန်းရော... ဒါတွေကြောင့် ပြောတာနေမှာပါ... 'ကိုအေး' မိန်းမယူမယ်ဆိုရင် မောင့်အမျိုးတွေထဲမှာလည်း ချောချောလေးတွေ မျိုးရိုးကောင်းလေးတွေ အတော်များများရှိတယ်ကွာ... အင်း 'ကိုအေး' သာ ဘွဲ့တစ်ခုခုရခဲ့ရင်ကောင်းမှာ ဆရာဝန်မတို့ အင်ဂျင်နီယာမတို့ ရွှေဆိုင်ထိုင်နေတဲ့ ကောင်မလေးတွေနဲ့ စပ်ပေးချင်တာ... သိတဲ့အတိုင်း ပညာတတ်အသိုင်းအဝိုင်း ဂုဏ်ရှိတဲ့အသိုင်းအဝိုင်းတို့က ကားမောင်းတဲ့လူဆိုရင် အထင်မကြီးချင်တော့ဘူး ဖြစ်သွားရော"

ထိုစကားကြောင့် 'ဒေါ်ကြည်မာ' အံကြိတ်မိသလို 'ဝင်းမာ' ၏ ဒေါသသံလေးကိုလည်း ကြားလိုက်ရပါသည်။

"'ကိုညီထွန်း' ရှင် ဘာစကားပြောတာလဲ... ရှင်ဆရာဝန်ဖြစ်တဲ့အထိ လေးနှစ်တိတိဆက်ကျောင်းထားခဲ့တာ... ဘယ်သူရှာတဲ့ငွေနဲ့လဲ... အခုရော ရှင်အလကားနေနေရတာ အလကားစားနေရတာ ဘယ်သူရှာတဲ့ငွေနဲ့လဲ... ရှင့်အမျိုးမတော်ပေက်သာ

www.burmeseclassic.com

www.burmeseclassic.com


တာနဲ့ ရှာပေးစားမယ်နားလည်လား"

"ဟာကွာ ငါ့မိန်းမက တစ်ဆိတ်ရှိရင် ဒေါပွဖို့ပဲစဉ်းစားနေတာပဲ... 'ကိုအေး' ကို နှိမ်ချင်တဲ့စိတ်နဲ့ပြောနေတာမဟုတ်ဘူး... 'ကိုအေး' ဘွဲ့လေးရခဲ့ရင် ကောင်းမယ်ဆိုတဲ့ စေတနာနဲ့ ပြောမိတာပါ... စော်ကားလိုတဲ့စိတ်နဲ့ ပြောတာဆိုရင် ကားတိုက်သေရပါစေကွာ ကဲ"

'ဒေါ်ကြည်မာ' သက်ပြင်းချရင်း နောက်ကြောင်းပြန် လျှောက်ခဲ့မိပါတော့သည်။



## ၃

"မဆိုးပါဘူးကွ... အရပ်ရော ရုပ်ရော သားသားနားနားပဲ... မင်းတို့ မင်္ဂလာပွဲတုန်းက ကိုယ်မရောက်ခဲ့ပေမယ့် ရောက်ခဲ့တဲ့ မိတ်ဆွေတွေက သတို့သားထက် သတို့သား အစ်ကိုက ပိုချောတယ်လို့ ပြောသံကြားခဲ့ဖူးတယ်"

"ဘွဲ့တော့ မရဘူးနော်... တတိယနှစ်မှာ ထွက်ခဲ့တာ"

"ကိစ္စမရှိပါဘူးကွာ... အရှာအဖွေကောင်းဖို့က အရေးကြီးတာ သိတဲ့အတိုင်း ကိုယ့်မိဘတွေကို ပြန်ထောက်ပံ့နိုင်တာပေါ့... ကိုယ့် မောင်နှမတွေ ယူထားတာတွေက ဝန်ထမ်းတွေ


www.burmeseclassic.com

www.burmeseclassic.com

ကြီးပဲဆိုတော့ ပို့လျှံတယ်ကို မရှိဘူး”

“လောလောဆယ် သူက မရှိဘူးကွ… တစ်ပတ်လောက် နေမှ ရောက်မှာ”

“ရပါတယ်… ကိုယ် ခွင့်ရက်ရှည် ယူလာတာပဲ”

မိန်းမတန်မယ့် ဤမြှူ ဈေးပေါ၊ အညှာလွယ်တာမျိုးတော့ ‘ဒေါ်ကြည်မာ’ မကြိုက်ပါ။ သူမ အကြောင်းကိုလည်း စုံစမ်းရဦးမှာပေါ့။ ပြီးတော့ သားကြီး က လက်ခံဦးမှကို။

‘မီလွင့်’ သူငယ်ချင်းဆိုတော့ ‘မီလွင်’ ပုံသွင်းသလို လုပ်နေရင်ကော။ သိမ်လက်မခံချင်သဖြင့် ‘ဒေါ်ကြည်မာ’ သိမ်ပြီး အတွေ့မခံ။ ဒါကို ‘မီလွင်’ တို့က ရိပ်မိကြသည်။

“မင်း ဘွားဒေါ်က ကိုယ့်ကိုမကောင်းတတ်လို့ ပြုံးပြပြီး စကားမပြောချင်လို့ ရှောင်,ရှောင်ထွက်သွားသလိုပဲ”

‘ခင်အေးမြင့်’ က မျက်ရည်လေးဝဲပြီး ဝမ်းနည်းစွာပြောနေခြင်းဖြစ်သည်။ ‘မီမီလွင့်’ မျက်လုံးများကတော့ မီးဝင်းဝင်း တောက်နေပြီး အံကိုလည်း တဂျစ်ဂျစ်ကြိတ်နေကြောင်း တွေ့နေရသည်။

“ဒီကိစ္စကို ဆုံးဖြတ်ရမယ့်သူက ‘ကိုအေး’ ပါကွာ… ‘ကိုအေး’ လာတဲ့အထိသာ စောင့်ကွာ”





ပညာတတ် မိန်းကလေးကလည်း ဖြစ်ပြန်၊ တခြားလက်ထပ် ခွင့်တောင်းထားသူလည်း ရှိနေသဖြင့် မာန်မာနကို အညှန့်အချိုးမခံလိုသဖြင့်…

“တော်ပါပြီကွာ… ပိုက်ဆံချမ်းသာလို့ ယူပြီးမှ ယောက္ခမ နှိပ်စက်တဲ့ ဒဏ်ကိုခံနေရဦးမယ်… သူ့ထက် မာနကြီးကြောင်း တော့ ပြချင်သေးတာပေါ့ကွာ”

ပြောထားသည့်အတိုင်း နှစ်ရက်သာနေပြီး ‘ခင်အေးမြင့်’ ပြန်သွားခဲ့ပါသည်။

‘ခင်အေးမြင့်’ ပြန်သွားပြီးတည်းက ‘မီမီလွင်’ ပုံစံက သိသိသာသာ မာကြောနေကြောင်း သိပါသည်။

“မေမေ ရေ… ‘မမီလွင်’ လေ လမ်းထိပ်မှာဖုန်းဆက်နေတာ တွေ့ခဲ့တယ်”

“သူ့အိမ်ကို အတင်းပြောချင်လို့ နေမှာပေါ့အေ… ဘယ်လောက်အထိ လမ်းထိပ်မှာ ပိုက်ဆံပေးပြီးပြောနိုင်မှာလဲ… အချိန်တန် အိမ်မှာပဲ လာပြန်ဆက်လိမ့်မယ်”

မည်မျှအထိ ပညာပြသနည်းဆိုလျှင် ‘ခင်မောင်အေး’ ပြန်လာသည့်နေ့တွင် ကလေးနှစ်ယောက်ကို မပြောမဆို ဟိုဘက် အဖိုးအဖွား အိမ်ကိုပို့ထားသဖြင့် ဘကြီး ဖြစ်သူက ပြေးလာခတ်



www.burmeseclassic.com

www.burmeseclassic.com



နေရှာသည်။ ကျန်ခဲ့သည့် 'ကိုကြီး' နှင့် 'ကဲကဲ' တို့လည်း လွမ်းသလိုလို အဖော်မဲ့သလိုလို ငြိမ်ကုပ်နေရှာသည်။

" 'မီလွင်'... ညကျရင် ငါ သွားခေါ်လိုက်မယ်ဟေ့ နော်"

ကလေးအတွက် မျက်နှာအငယ်ခံနေသော သားဖြစ်သူအတွက် ရင်ထဲမှာ ခံစားလိုက်ရပါသည်။

'ဝင်းမာ' ကတော့ ဤမျှ ဈေးပေါ်ရပါမည်လားဟု အစ်ကိုကြီးကို စိတ်တိုပြီး ခပ်ဝေးဝေးရောက်မှ ...

" 'ကိုကိုအေး' ကလည်း အိမ်မှာ 'ကိုကြီး' နဲ့ 'ကဲကဲ' တို့ရှိနေတာပဲ... ဟိုနှစ်ယောက်မရှိရင် မနေတတ်ဖူးလား... မဖြစ်ဘူးလား"

မနာလိုသလို အပြောကြောင့် ခေါင်းကိုခါရမ်းရင်း...

"တလွဲမထင်ပါနဲ့ 'ဝင်းမာ' ရယ်... ဒီကလေးနှစ်ယောက်ကလည်း သူတို့ဆော့နေကြ အဖော်တွေမရှိလို့ မျှော်နေကြတယ်ဆိုတာ ငါ သိတာပဲ... ငါ ပွင့်ပွင့်လင်းလင်းပဲ ပြောရပါတယ်... 'ကိုကြီး' ဟာ မြေးဦးမို့လို့ မေမေတို့အတွက် အချစ်ဆုံးဖြစ်သလို ငါ့အတွက်လည်း တူဦးမို့ အချစ်ဆုံးပါ...

ကျန်တာတွေကိုတော့ တစ်ပြားမှလည်းပိုမချစ်ဘူး... လျှော့လည်း မချစ်ဘူး... တန်းတူတန်းမျှပဲ... ဟိုဟိုဒီဒီ[illegible]





လျှောက် တွေးမနေနဲ့"

" ကိုကြီး တို့က သိပ်ကဲပြနေရင် ဟိုမိန်းမ ပိုဈေးကိုင်မှာစိုးလို့ သတိပေးနေရတာ"

ဤမျှ ပြောနေသည့်ကြားက ကားထုတ်ပြီး ကလေးနှစ်ယောက်ကို ကားပေါ်တင်ပြီးနောက်...

" 'မီလွင်' ရေ... နင့်အမေကို ဘာမှာဦးမလဲ... ငါ ဘာဝယ်သွားပေးရဦးမလဲ... ကလေးတွေ သွားခေါ်မလို့"

'မိမိလွင်' က အူယားဖါးယားပြေးထွက်လာပြီး...

"ဟာ ဘယ်ခေါ်လို့ဖြစ်မှာလဲ... သူတို့ကို အပြီးပို့ထားတာ... 'မီလွင့်' မှာ ကိုယ်ဝန်ရှိနေလို့ အမေတို့က တမင်ခေါ်ထားတာလေ"

အပြီးပို့လိုက်သည်ဆိုသော စကားကြောင့် အဖိုး၊ အဖွား၊ ဘကြီးအပြင် အဒေါ်ပါ ချက်ချင်းဆွေးပြီး မျက်နှာတွေ ပျက်ကုန်ကြတော့သည်။

'ဝင်းမာ' ကလည်း ခပ်စွာစွာမို့...

"အို ဒီကလေးတွေ ဒီမှာမွေးတာ... 'မမီလွင်' တစ်ယောက်တည်း ပိုင်တာမဟုတ်ဘူး... 'ကိုစိုး' သဘောမပါဘဲနဲ့တော့ ဒီလိုလုပ်လို့ ဘယ်ရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင်ကလည်း သူများလင်မယားကြား မိသားစုကြား ဝင်မပါနဲ့လေဟာ... အငယ် အငယ်လို နေစမ်းပါ"

"အို 'ကိုစိုး' နဲ့ 'ဝင်းမာ' တို့ကရော မိသားစုမဟုတ်ဘူးလား သွေးခွဲတဲ့စကားတွေ လာပြောမနေနဲ့လေ"

"အို အိမ်ထောင်ပြုပြီးရင် သွေးကွဲကုန်ကြတာကြီးပဲ"

"'ဝင်းမာ' တို့မှာ အဲ့ဒီစိတ်မရှိဘူး"

အသံတွေကျယ်လာပြီဖြစ်၍ ရှက်တတ်သော 'ခင်မောင်အေး' က ခယ်မနှင့် ညီမကို တောင်းပန်ပြီး သူ့ အခန်းထဲဝင်သွားခဲ့သည်။

'ဝင်းမာ' ကလည်း တံခါးဆောင့်ပိတ်ပြီး သူမ အခန်းထဲကို ဝင်သွားခဲ့သည်။

'ဒေါ်ကြည်မာ' လည်း ကိုယ်တစ်ခြမ်းသေနေသော ခင်ပွန်းသည်ကို အားပေးဖို့ ထွက်ခဲ့ပါသည်။

"ဘာဖြစ်ကြတာလဲကွယ်"

ပါးရွဲ့ပြီး လျှာလိမ်နေသဖြင့် သွားရည်ကျပြီး စကားမပီရှာသော ခင်ပွန်းသည်က မျက်ရည်အဝဲသားဖြင့် မေးနေသဖြင့် 'ဒေါ်ကြည်မာ' က ခပ်ပြုံးပြုံးမျက်နှာဖြင့် 'ဦးငြိမ်းမောင်' ၏ ရင်ပတ်တွင် ချည်ထားသော လက်ကိုင်ပုဝါဖြင့် လျှာရည်များကို





သုတ်ပေးရင်း...

"ဒီလိုပါပဲ 'ကိုငြိမ်း' ရယ်... လွန်ဆွဲကြတာပေါ့... အားလုံးစိတ်ချမ်းသာဖို့အတွက် 'ကြည်မာ' ပဲ အရှုံးပေးလိုက်ပါတယ်"

"အေး အေး ကလေးတွေကို ခေါ်လိုက်ပါ"

မပီကလာ ပီကလာပြောနေသော ယောကျ်ားကို အားပေးသလို ပြုံးပြပြီး လက်ဖဝါးများကို ဆုပ်နယ်ပေးပြီး ကွယ်ရာကျမှ 'ဒေါ်ကြည် မာ' ငိုမိပါသည်။

ချွေးမနှင့်ပတ်သက်ပြီး ငိုခဲ့ရတာ အကြိမ်ကြိမ်ပေါင်း များပြီပဲလေ။

ဒီအိမ်ပေါ်ရောက်ပြီးတည်းက အိမ်ခွဲချင့်၍ ခဏခဏ နှိပ်စက်ခဲ့ပြီးပြီ။ စီးပွားခွဲချင်၍ သွေးခွဲခဲ့ပြီးပြီ။ 'စိုးမောင်' လိမ္မာ၍ ယနေ့အထိ သိုက်သိုက်ဝန်းဝန်း ရှိနေခြင်းဖြစ်သည်။

"သားကြီး ကို ပြောရဦးမယ်ကွယ်... 'မီလွင်' က သားကြီးကို သူ့သူငယ်ချင်း ကျောင်းဆရာမနဲ့ သဘောတူနေတာ... မေမေ က မပေးစားချင်ဘူးထင်ပြီး ဂျိုတိုက်ချင်နေတာ... ငါ့သားကြီးရဲ့ သဘောထားကိုလည်း တီးခေါက်ချင်သေးလို့ မေမေက ချက်ချင်း လက်မခံလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စအတွက်နဲ့တော့ ကလေးတွေကို ဟိုဘက်အမျိုးတွေဆီ ပို့မထားပါစေနဲ့ဗျာ... ဖေဖေ လွမ်းနေ ငိုနေတာကို ကျွန်တော်သိတယ်"

အသံတွေတုန်၊ မျက်ရည်တွေဝဲနေသော သားကြီးကို ကြည့်ပြီး 'ဒေါ်ကြည်မာ' လည်း မျက်ရည်ကျပါသည်။

'စိုးမောင်' ဆေးခန်းက ပြန်လာသော အချိန်ကိုစောင့်ပြီး အိမ်တွင်းရေးကို ဆွေးနွေးရသည်။

ထုံးစံအတိုင်း 'စိုးမောင်' က ဟိုဘက်ဒီဘက် မျှမျှတတပြောသည်။

"'မီလွင်' ကလည်း ဒီကိစ္စလေးနဲ့ စိတ်ကောက်စရာမှ မဟုတ်တာ... ကလေးတွေကိုလည်း အပြီးပို့လို့ ဘယ်ဖြစ်မှာလဲ... ဟိုဘက်မှာက တစ်ချိန်လုံး စောင့်ကြည့်ပေးမယ့်လူက ရှိတာမဟုတ်ဘူး... ဒီမှာက မေမေ ရော 'ဝင်းမာ' ရော ဒရိုင်ဘာမိန်းမတွေရော နှစ်ယောက် သုံးယောက်ကတော့ အမြဲရှိနေတာပဲ...

စနေ တနင်္ဂနွေ နှစ်ရက် လောက်တော့ ဟိုဘက်အဘိုးအဘွားဆီကို ပို့ပေါ့... 'ခင်အေးမြင့်' ကိစ္စ ကိုလည်း 'ကိုအေး' က သူကိုယ်တိုင် သွားလေ့လာအုံးမယ်တဲ့... လိပ်စာပေးလိုက်





ပေါ့"

"ခုမှတော့ သွားမနေပါနဲ့တော့... ဟိုက ရှက်သွားပြီ"

"သွားတောင်းပန်လိုက်မှာပေါ့ဟာ"

'ကိုအေး' က တူနှင့်တူမကို ပြန်ခေါ်ချင်နေသဖြင့် အောက်ကျခံနေပါသည်။

"'ကိုအေး' စိတ်ဝင်စားတယ်ဆိုရင် 'မီလွင်' သူနဲ့ဆက်သွယ်ပေးမှာပါ... နက်ဖြန်ကျရင် ကျောင်းချိန်ကျရင် ဖုန်းဆက်ပေးမယ်"

"အိုကေ အိုကေ... ငါ့ညီမ သဘောတူရင် 'ကိုအေး' ယူမယ် ဟုတ်ပြီလား... စိတ်မကောက်နဲ့တော့နော်... ကြားလား"

မိသားစုအပေါ်တွင် ချစ်လွန်း၍ သူ့ဘဝကြီးတစ်ခုလုံးကို ပုံအပ်ထားခဲ့သူ 'ကိုအေး' အတွက်ကတော့ အားလုံးစိတ်ချမ်းသာဖို့အတွက် ဘာပဲလုပ်ရလုပ်ရ လုပ်ပြမယ့်သဘောပင်။

ညနေပိုင်းတုန်းက တဝုန်းဝုန်း တဒိုင်းဒိုင်းနဲ့ တိုက်ခတ်နေသော မုန်တိုင်းသည် ညနက်ပိုင်းတွင် ငြိမ်သက်သွားခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



'မီမီလွင်' ဈေးထွက်သွားတာကို မြင်သဖြင့် 'ဝင်းမာ' က အနားရောက်လာပြီး…

"'ကိုကိုအေး' က အိမ်ထောင်ပြုတဲ့ကိစ္စကို ကားပေါ်ကုန်တင်သလို လွယ်လွယ်လေးများ မှတ်နေလို့လား… အဲ့ဒီ ဆရာမဆိုတာကို မြင်လည်းမမြင်ဖူးဘဲနဲ့ ယူမှာပဲလား… ရုပ်ကလေးဘာလေး မကြည့်တော့ဘူးလား"

ထိုစကားကြောင့် 'ခင်မောင်အေး' က ကွမ်းထွေးပြီး…

"ကားပေါ် ကုန်တင်တာလည်း မလွယ်ပါဘူး ညီမရာ… ဘယ်ပွဲရုံက ဘာကိုဘယ်နှစ်အိတ် ဘယ်ပွဲရုံက ဆီ ငံပြာရည်





အားကုန်တင်တာဆိုတော့ သူ့နေရာနဲ့သူထားရတာ… ဆန်အိတ် သကြားအိတ်ပေါ် ဆီဖိတ်ကျလို့ ငံပြာရည် ဓါတ်ဆီဖိတ်ကျလို့ လျှော်ရတာ ခဏ ခဏ… ဟိုတစ်ခါ တစ်စီးလုံး ဆန်တင်သွားတာ… စပယ်ယာကောင်လေး မိုးကာသေချာမအုပ်လို့ လျှော်လိုက်ရတာ ရမယ့်ကားခတောင် မလောက်လို့ အိပ်ကပ်ထဲက စိုက်ရသေးတယ်ဗျ"

"မိန်းမယူချင်ရင်လည်း ကိုယ်ကြိုက်တာ ကိုယ်ရွေးယူလို့ရနေတာပဲ"

"ကိုယ်ကြိုက်တာယူရင် ကိုယ့်ကို အနိုင်ကျင့်နေဦးမယ်… မေမေနဲ့ ဖေဖေ အဖော်တစ်ယောက် ထပ်တိုးတာပေါ့… နင်ကနင့်ယောက်ျား နယ်ပြောင်းသွားရင် ကောက်ကောက်ပါအောင် လိုက်သွားမှာ"

"'ဝင်းမာ' ပြောချင်တာက တခြားပါကွာ… 'မမီလွင်' ရဲ့ဆရာမကို အရင်လေ့လာပြီးမှ ယူဖို့ဆုံးဖြတ်စေချင်တာ… ကျောင်းဆရာမဆိုတော့ တစ်အိမ်လုံးကို ဆရာလာလုပ်နေရင်ကော"

"ဒီအိမ်မှာ တပည့်မရှိပါဘူးဗျာ… ဆရာမ ခမြာလည်း တပည့်တွေ ဆိုးလွန်းလို့ ကျောင်းပြောင်းသွားမှာ ဖြင့်ယောင်



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်"

'ဝင်းမာ' က မျက်စောင်းလေးထိုးရင်း...

"ဟွန်း ကိုကြီး နော်... မိန်းမတောင် မယူရသေးဘူး... ဒီစကားမျိုးပြောနေပြီလား... ဘာလဲ မိန်းမက ဒီအိမ်မှာ မနေချင်တော့ဘူး ပြောရင် ကိုကြီး ကပါ လိုက်ပြောင်းသွားမှာလား"

"အဲ့သလို စိတ်မျိုးရှိရင် ငါမိန်းမရနေတာ ကြာနေပြီပေါ့ 'ဝင်းမာ' ရာ... အဖေ ဒုက္ခိတကို သနားလွန်းလို့ ငါ့ညီနဲ့ညီမနဲ့ ကောင်းစားစေချင်လွန်းလို့ မယူခဲ့တာပေါ့ဟ... အခုလည်း ငါ ယူချင်လို့ မဟုတ်ပါဘူး... ကလေးတွေအတွက်ပါ"

"ကိုကြီးက ကလေးတွေအတွက်ဆိုပြီး သူ့စကားနားထောင်လိုက်တာ အရေးမကြီးဘူး... ငါ ပြောတိုင်းပြီးတယ် ထင်နေပြီး နောက်ထပ်လည်း ထပ်ကဲပြနေရင်ရော... ကိုကြီး မှာသာ မိန်းမယူလိုက်ရတာသာ အဖတ်တင်မှာ"

မိခင်ကြီး ရောက်လာပြီး...

"လူကြီးမဆန်လို့ ဝင်ပြောတာ မဟုတ်ဘူးသားရယ်... မကြိုက်ဘဲနဲ့တော့ မယူပါနဲ့... အိမ်ထောင်ပြု ဘုရားတည် ဆေးမင်ရည်စုတ်ထိုး ဒီသုံးမျိုးနောင်ပြင်ရန် ခက်ခဲတယ်ဆိုတဲ့ စကားလည်း ရှိတယ်မဟုတ်လား... ငါ့သားလည်း အသက်ရ





လာလို့ အိမ်ထောင်ပြုစေချင်တာတော့ အမှန်ပဲ... ဒါပေမဲ့ ကိုယ်နှစ်သက်တာကိုပဲ ကိုယ်ရွေးစေချင်တယ်"

"စိတ်ချ စိတ်ချ... ကျွန်တော် ကိုယ်တိုင် သွားလေ့လာ အကဲခတ်ပါ့မယ်... မကြိုက်ရင် မယူပါဘူး... ကျွန်တော်တော်ယုံ မကြိုက်ဘူးဆိုတာလည်း အမေတို့သိနေတာပဲ... အမိက,ကတော့ မိန်းမပီသပြီး အမေနဲ့အဖေကို မိဘအရင်းလို ချစ်ခင်ရှိသေဖို့ပဲ... ဒါတွေ ကျွန်တော် ကိုယ်တိုင်ဆွေးနွေးမှာပါ... မေမေတို့လည်း အကဲခတ်ပါအုံး... သဘောမတူဘူးဆိုရင်လည်း မယူရုံဘဲပေါ့"

"မယူရင် 'မမီလွင်' က ကလေးတွေနဲ့ ထပ်ခြိမ်းခြောက်ရင်ကော"

'ခင်မောင်အေး' က သက်ပြင်းချရင်း...

"ကိုယ့်ကလေးမဟုတ်တော့ ကိုယ်မပိုင်ဘူးပေါ့ဟာ... ကိုယ့်သားသမီးတောင် ကိုယ်ပိုင်ကြတာမှမဟုတ်တာ... အချိန်တန်အရွယ်ရောက်လာရင် မိဘရင်ခွင် မောင်နှမရင်ခွင်တွေကို စွန့်ခွာထွက်သွားကြသေးတာ"

ထိုစကားကြောင့် 'ဝင်းမာ' က မျက်စောင်းလေးထိုးရင်း ထွက်သွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၄

ယခုတစ်ခေါက် ခရီးထွက်ခြင်းသည် ခါတိုင်းနှင့် မတူ။ ခရီးစဉ်လည်း မတူ။ လူလည်း မတူ။ မူလည်း မတူ ဖြစ်နေသည်။

ဆရာမ 'ခင်အေးမြင့်' ရှိရာလည်း ရောက်မည်။ အလုပ်ကိစ္စလည်း ဖြစ်မည်။ ဘုရားလည်းဖူးရင်း လိပ်ဥလည်း တူးရင်း ဆိုသလိုပေါ့။

ခါတိုင်းသွားနေကြ အရပ်သို့မဟုတ်။ မြောက်အရပ်သို့။

'ခင်အေးမြင့်' တို့ မြို့နှင့်နီးသည့်နေရာရှိ ပွဲရုံများသို့ ကုန်ပစ္စည်းများ သယ်ဆောင်လာခဲ့ခြင်းဖြစ်သည်။





ပွဲရုံတွင်ပစ္စည်းတွေ ဇာ်ချရင်း 'ခင်အေးမြင့်' အကြောင်းစုံစမ်းသည်။

မိန်းမ သိပ်ပီသတာပေါ့။

ဆရာမဆိုတော့ အပြင်အဆင်ကိုက ကျော့ကျော့ရှင်းရှင်း သွက်သွက်လက်လက်ပေ့ါ။

ချမ်းချမ်းသာသာကြီး မဟုတ်ပေမယ့် ကြွေးမြီတော့ ကင်းရှင်းပါတယ်... နာမည်ပျက်မရှိပါဘူး... ရိုးရိုးသားသားတွေပါပဲ။

တောင်းရမ်းချင်တဲ့လူ နှစ်သက်တဲ့လူတွေတော့ ရှိတာပေါ့... ဒါပေမဲ့ 'ခင်အေးမြင့်' က ချေးများနေတာကိုး... သူကသည်း ကြီးကြီး မားမားတွေကို မှန်းနေတာလားမှ မသိတာ...

စကားတွေကို နားထောင်ပြီး 'ခင်မောင်အေး' နှောင်တရသွားမိသည်။

ဘွဲ့ရအောင် မယူခဲ့မိတာကိုပေါ့။

အင်းလေ။ မိမိ မရခဲ့ပေမယ့် ညီနဲ့ညီမ ရခဲ့တာပဲ။ မိမိတစ်ကိုယ်ကောင်းဆန်ပြီး ကိုယ်ကျိုးကိုကြည့်ခဲ့လျှင် မိမိတို့ မိသားစုတွင် ခုလို ဆရာဝန်နှစ်ယောက် ဘွဲ့ရပညာတတ် ညီမနှင့်ခယ်မတို့ ရှိနေမည်မဟုတ်။ စီးပွားရေးလည်း ခုလိုတောင့်



www.burmeseclassic.com

www.burmeseclassic.com

တင်းနေမည် မဟုတ်။

ဘွဲ့မရှိပေမယ့် မိမိမှာ ငွေရှိသည်။ ငွေဖြင့် မိန်းမတစ်ယောက်ကို ဝယ်မည်။ အင်းလေ 'ခင်အေးမြင့်' ကလည်း စိတ်ဝင်စား၍ အိမ်မှာတောင် လာတည်းသွားပြီပဲလေ။

သူမအတွက် လက်ဆောင်ပစ္စည်းတွေ ပါလာပြီးသားဖြစ်သည်။ သို့သော် ရွှေရောင်ပိုက်ဆံအိတ်လေးတစ်လုံး ထပ်ဝယ်ခဲ့သည်။ သုံးသောင်းတဲ့။ မိန်းမတွေ ပိုက်ဆံအိတ်သိပ်ကြိုက်တာလောက်တော့ သိတာပေါ့။

မိမိ မောင်းလာသည့် ကားတစ်စီး၏ တန်ဘိုးကပင် သိန်းနှစ်ရာကျော်သည်ဆိုတော့ အထင်ကြီးပြီးသား ဖြစ်မှာပါ။

မိမိ အသောက်အစား အပျော်အပါးကင်းတာလည်း 'မီလွင်' ခ[illegible] သိပြီးရောပေါ့။ မိမိ ရုပ်ရည်သန့်ပြန့်တာလဲ ဓါတ်ပုံထဲမှာ မြင်ပြီးရောပေါ့။

သူမတို့အိမ်ကို ဆယ်နာရီခန့်ရောက်မည်ဟု 'မီလွင်' အကြောင်းကြားထားပြီးသား ဖြစ်သည်။

ယနေ့ တနင်္ဂနွေနေ့ဖြစ်၍ သူမ အလုပ်အားသည်။ နံနက်စာစားဖို့ ဖိတ်ထားသည်။

ညီနှင့်နှမ မင်္ဂလာဆောင်စဉ်ကသာ လုပ်ဖူးခဲ့သော





အလုပ်တစ်ခုကို 'ခင်မောင်အေး' မနေ့ညက ထပ်လုပ်ခဲ့သည်။

အမျိုးသားများအတွက် သီးသန့်ဖွင့်ထားသော ခေါင်းလျှော်၊ ပေါင်းတင်သည့်ဆိုင်သို့ သွားခဲ့သည်။

ကားအမြဲမောင်းနေသဖြင့် အသားတွေနေလောင်ထားသည်။ ပေါင်းတင်၊ ချေးချွတ်လိုက်တော့ မျက်နှာပြင်တွင်ရှိသောချေးများ အညှိအညစ်များ ကင်းစင်သွားပြီး ချောနေသွားတာအမှန်။

လိပ်စာအတိုင်း၊ လမ်း၊ ရပ်ကွက်၊ အိမ်နံပါတ်တွေကြည့်မောင်းခဲ့သည်။ သူတို့အရပ်က ခြံနှင့်ဝင်းနှင့် နေတာများသည်။

ပိန္နဲပင်၊ သရက်ပင်၊ ပိတောက်ပင်တို့ဖြင့် အုပ်နေသောသွပ်မိုး ပျဉ်ထောင်နှစ်ထပ်အိမ်လေးကို တွေ့ရသည်။

ကားဟွန်းတီးသောအခါ အမျိုးသမီးတစ်ယောက် ထွက်လာသည်။ အသက် သုံးဆယ်ခန့်။ ဆံပင်အရှည်ကြီးကို ဘီးစတော်ပတ်ထားသည်။ ကိုယ်လုံးကတော့ လှသည်။ ရုပ်ကတော့ သာမန်ပါပဲ။ မျက်နှာကလည်း ပြုံးဖို့ဝန်လေးသည့် ပုံကြီး။

မျက်လုံးအကြည့်ကလည်း စူးရှလွန်းသည်။ မိမိကို စူးစူးရဲရဲကြီး ကြည့်နေခြင်းဖြစ်သည်။ ဤအမျိုးသမီးသာ 'ခင်အေးမြင့်' ဆိုလျှင်တော့ အိမ်မှားလာသည်ဟု ညာဖို့ စဉ်းစား[illegible]သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

"ဆရာမ 'ခင်အေးမြင့်' များ ရှိမလားလို့ပါ"

"ရှင်က ဘယ်သူပါလဲ… သူနဲ့တွေ့ဖို့ ချိန်းထားလို့လား"

"ရန်ကုန်က 'မိမိလွင်' လွှတ်လိုက်တာပါ"

ထိုစဉ် အိမ်ထဲက အမျိုးသမီးတစ်ယောက် ထွက်လာပြီး…

"ဪ် 'ကိုခင်မောင်အေး' ထင်တယ်… လာပါရှင့်… 'မိမိလွင်' လူကြုံနဲ့စာပို့ထားပါတယ်… ကျောင်းကိုလည်း ဖုန်းဆက်ထားပါတယ်…"

ယခုတွေ့လိုက်ရသော အမျိုးသမီးမှာ ဖြူဝင်းသော အသား၊ မျက်ခုံးမျက်လုံး မျက်တောင်တွေ နက်မှောင်ပြီး နှာတံပေါ်သလို၊ နှုတ်ခမ်းနှစ်လွှာက မထူမပါးလေးနှင့် အတော်ချောသည်ဟု ပြောနိုင်ပါသည်။

လှိုင်းထနေသော ဆံပင်များကို ခေါင်းလျှော်ပြီး ဖါးလျားချထားသည်မှာ ဥစ္စာစောင့်မများ၏ ပုံတူပန်းချီထဲကနှင့် တူနေသေးသည်။ ရိုက်ကြီးဖိုင်ယ် အသွယ်သွယ်နှင့် မြင်သူငေးရပါပြီ။

" 'ခင်အေးမြင့်' ဆိုတာ…"

"ကျွန်မပါပဲ… 'ကိုခင်မောင်အေး' ဘယ်တုန်းက ရောက်





ပါသလဲ"

"ညကရောက်တာ မိုးချုပ်လို့ မနက်ဘက်ပဲ လာခဲ့လိုက်တာ… ဒါ 'ခင်အေးမြင့်' အတွက် လက်ဆောင်… ဒါက 'မိမိလွင်' ပေးလိုက်တာ"

ရင်ခုံတွေခုန်နေပါသည်။ မိမိ မှျော်လင့်ထားတာထက် အဆပေါင်းများစွာ ပိုချောနေသောကြောင့် ဖြစ်ပါသည်။

"ဒါက 'အေးမြင့်' ရဲ့အစ်မကြီးလေ… အစ်မလည်း ကျောင်းဆရာမပဲ… မမကြီး နာမည်က 'ခင်အေးပွင့်' တဲ့"

ခြံတံခါးလာဖွင့်ပေးသော အမျိုးသမီးက ခေါင်းတစ်ချက်ညိတ်ပြပြီး ပြုံးပြဖို့ မေ့နေပုံရသည်။ ထုံးစံအတိုင်း အကဲခတ်သလိုကြည့်နေသဖြင့် နေရခက်တာ အမှန်။ ခါတိုင်းလို စိတ်မျိုးနှင့်ဆိုလျှင် ဤမျက်နှာကို စိတ်ပျက်သဖြင့် လှည့်ပြန်မိမှာ အမှန်။

ခုတော့ တွေ့ဖို့လာတာ 'ခင်အေးမြင့်'။ 'ခင်အေးမြင့်' နှင့် မိမိတစ်ယောက်နှင့်တစ်ယောက် ကြည်ဖြူလျှင်၊ လက်ခံနိုင်လျှင် လက်ထပ်ဖို့ပဲရှိသည်။ 'ခင်အေးမြင့်' ၏ မျက်လုံးနှင့် အပြုံးကိုကြည့်ယုံ မြင်ယုံဖြင့် မိမိကို လက်ခံမှန်းသိသာသည်။

"ထမင်းစားပြီးမှ ပြန်နော်… 'ကိုခင်မောင်အေး' ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com


ကိုရော ဘယ်တော့ ပြန်မှာလဲဟင်”

ဧည့်ခန်းထဲ ရောက်ခဲ့ပြီ။

“ထမင်း မစားတော့ဘူး”

“ဟာ ချက်ထားတယ်လေ... ကိုယ်နဲ့တွေ့ဖို့ အဝေးကြီးက လာခဲ့ရတဲ့သူကို ဧည့်ဝတ်ပြုစုဖို့ တာဝန်ကရှိကိုရှိနေတယ်လေ... လာတာကလဲ 'ခင်အေးမြင့်' ဘဝအတွက်ဆိုတော့ ဒီလောက်တော့ ပြုစုသင့်နေပြီလေ... စားပြီးမှ ပြန်ပါနော်”

စမ်းရေစီးသံနှင့် ညှို့နိုင်စွမ်းသောအကြည့်၊ အလှတွေကြောင့် ရေခဲတုံးကြီးချက်ချင်း အရည်ပျော်သွားခဲ့ပါပြီ။ မိမိလာရင်းကိစ္စကလည်း တစ်သက်လုံး ထမင်းအတူ စားကြဖို့ကိစ္စပဲ မဟုတ်လား။ သူမက ယခုထမင်းတစ်ခါကျွေးမည်။ မိမိက သူမကို တစ်သက်လုံး ကျွေးမည်။ တစ်ယောက်နှင့်တစ်ယောက် သဒ္ဒါရင် ပြီးပြီပဲမဟုတ်လား။

“အဖေ အမေတွေရော တခြား အိမ်သားတွေရော”

“ဒီနေ့ တနင်္ဂနွေနေ့ဆိုတော့ 'အေးမြင့်' တို့ညီအစ်မတွေ ကျောင်းပိတ်တုန်း အဖေအမေတွေက သူတို့ဆွေမျိုးသားချင်းအိမ်တွေသွားလည်တယ်လေ... အစ်ကိုတွေ့ချင်ရင် နက်ဖြန်တစ်ခေါက် ထပ်လာလည်လေ”



“ကိုယ် မနက်အစောကြီး ပြန်ဆင်းတော့မှာ”

“ဟင် မြန်လှချည်လား အစ်ကိုရယ်”

သူမက လွမ်းဆွေးသလို မျက်လုံး၊ မျက်နှာလေးလုပ်ပြသဖြင့် 'ခင်မောင်အေး' ရင်ထဲတွင် မခွဲချင်သလို ဖြစ်သွားပါသည်။

“ကုန်သည်တွေက ဈေးကွက်ရတုန်း သူတို့အသီးတွေကို မြန်မြန်ပို့ချင်တာ... နောက်လည်း သူတို့နဲ့ဆက်ဆံရအုံးမှာဆိုတော့ သူတို့စိတ်ကြိုက်လုပ်ပေးလိုက်ရတာ... ကိုယ် တစ်ပတ်တစ်ခေါက်တော့ ရောက်မှာပါ”

“ရန်ကုန်အထိဆိုရင် တစ်ပတ်တစ်ခေါက်တော့ မရောက်နိုင်ဘူးထင်တယ်... ဟိုကကုန်ကို ပြန်စောင့်ရင်း ဆယ်ရက်လောက်ကြာသွားမှာပေါ့... မန္တလေးမှာချပြီး ဒီကိုပြန်တက်ရင် တစ်ပတ်နှစ်ခေါက်တော့ အေးအေးဆေးဆေးပဲ... လက်ထပ်ပြီးလို့ 'အေးမြင့်' ရန်ကုန်မှာ လိုက်နေတဲ့အခါကျတော့ ရန်ကုန်တစ်ဝိုက်မှာပဲ မောင်းပေါ့နော်”

မိမိကို မခွဲချင်ကြောင်း ရေလာမြောင်းပေးစကားတွေက မိမိ နှလုံးသားကို သံယောဇဉ်ကြိုးတွေနှင့် ရစ်ပတ်နှောင်နေခြင်းပဲ မဟုတ်ပါလား။


www.burmeseclassic.com

www.burmeseclassic.com



မိမိ ကိုယ်တိုင်ကလည်း မိန်းမယူဖို့ ကိစ္စနှင့် ဤအိမ်ကို ရောက်လာသူ။ ဤအိမ်ရှင် မိန်းကလေးကလည်း မိမိကို ကျေနပ်စွာ တံခါးဖွင့်ကြိုဆိုနေသူ။ နှစ်ဘက် မိဘများကလည်း ဤကိစ္စကိုသိလျှက်နဲ့ လွှတ်လိုက်သည်။ ရှောင်ပေးကြသည်။

"မနက်မှ ပြန်မှာဆိုတော့ ညနေဘက်တော့ အားတယ် မဟုတ်လား... အစ်ကို့ကို ဘုရားလိုက်ပို့ပေးမယ်လေ"

မိမိကလည်း သူမနှင့် ထပ်မံတွေ့လို ပါသေးသည်။ ထို့ကြောင့် ဆုတောင်းပြည့်ဘုရား လှေခါးရင်းတွင် ညနေလေး နာရီချိန်းလိုက်ကြ ည်။

ခရမ်းနုရောင် မာစရိုက်အဆင်ဆန်းလေးနှင့် ကျစ်ဆံမြီး အရှည်ကြီးကို ကျစ်ထားသော 'ခင်အေးမြင့်' ၏ ပုံစံမှာ ရွှေရောင်နေမင်း၏ အောက်တွင် ရွှေမင်းသမီးလေးလို အလှပန်းတွေ ပွင့်နေပါသည်။

ဘုရားဖူးဖို့ထက် လိပ်ဥတူးဖို့အတွက် ရောက်လာသူများဖြစ်၍ ဘုရားဦးချကန်တော့ပြီးသည်နှင့် လူရှင်းသည့် ရေကန်ဘောင်ဘေးသို့ ရောက်လာသည်။

"'ခင်အေးမြင့်' မျက်နှာက မနေ့ကလို ရွှင်ရွှင်လန်းလန်း မရှိပါလား"





သူမကို တစ်ချိန်လုံး အရိပ်တကြည့်ကြည့်လုပ်နေသူဖြစ်၍ သူမ မှုံစံ ညှိုးသွားသည်ဟု ထင်မိသည်။

"မမကြီး ဆူထားလို့ပါ"

"ဟင် ဘာဖြစ်လို့ ဆူတာလဲ"

"'အေးမြင့်' ကို အညာလွှယ်လို့တဲ့... ခုမှတွေ့တဲ့လူကို ဝရောပရီနေလို့တဲ့..."

"ဟာ ဒါကတော့ ကိုယ်တို့က မကြာမီ ရက်ပိုင်းအတွင်း လက်ထပ်ပြီး ဘဝအဖော်ဖြစ်ကြတော့မှာပဲ... ဒီကိစ္စအတွက် ကိုယ်ရောက်လာခဲ့တာပဲ... ကိုယ့်ကိုလည်း 'ခင်အေးမြင့်' တို့အိမ်က ဒီကိစ္စအတွက် ဖိတ်ခေါ်ထားတာပဲ... ဘာကို ဟန်လုပ်နေရဦးမှာလဲ... သူ့ပုံစံကြီးကို က မရယ်မပြုံးနဲ့ တစ်သက်လုံး ယောကျ်ားရမှာကို မဟုတ်ဘူး... ညီအစ်မသာဆိုတယ် ရုပ်ခြင်းရော စိတ်ထားခြင်းရော တခြားစီပဲ... ခုလို လွတ်လွတ်လပ်လပ် တွေ့ရတုန်း မေးစရာရှိတာ မေးရဦးမယ်"

"ဘာမေးချင်လို့လဲ မေးလေ"

"'ခင်အေးမြင့်' ဒီလောက် လှနေမှတော့ ကြိုက်မယ့်လူတွေ ရှိမှာပေါ့... ရည်းစားတွေဘာတွေ ရှိနေမလားလို့"

သူမက စဉ်းစားသလိုလုပ်နေရင်းမှ ခပ်ပြုံးပြုံးမျက်နှာ



www.burmeseclassic.com

www.burmeseclassic.com

လေးဖြင့်…

“အစ်ကိုလည်း ရည်းစားတွေ ရှိခဲ့ဖူးမှာပေါ့”

“ကြာပါပြီ… လွန်ခဲ့တဲ့ဆယ်နှစ်လောက်က ရှိခဲ့ဖူးတယ်… နောက်ပိုင်း ချမ်းသာချင်တာပဲသိတယ်”

“ကဲ တကယ်လို့ ‘ခင်အေးမြင့်’ နေရာမှာ မမကြီး ဆိုရင်ရော အစ်ကိုက လက်ထပ်မှာပဲလား”

‘ခင်မောင်အေး’ က မျက်နှာကိုမဲ့ရင်း…

“သူ့ပုံစံက စွဲမက်စရာ မကောင်းရတဲ့ကြားထဲ မျက်နှာပေါက်ကလည်း ဆိုးဆိုတော့ သူသာဆိုရင် ကိုယ် ထမင်းတစ်နပ်တောင် ဝင်စားမိမှာမဟုတ်ဘူး”

“ဒါဆို ‘ခင်အေးမြင့်’ ကို မို့ပေါ့”

“ဟုတ်တယ် မင်းက ချောရတဲ့ကြားထဲ ကိုယ့်ကို စပါးကြီးမြွေ ညှို့သလိုညှို့ထားတာကို… ကဲပါ ကိုယ်မေးထားတာဖြေဦးလေ”

“ကြိုက်တဲ့လူတွေ ရှိတာပေါ့… နှစ်ယောက်ပြိုင်လုပြီး ထိုးကြသတ်ကြနဲ့ အဲ့သလိုကြီးအထိဖြစ်တော့ ‘အေးမြင့်’ ရည်းစားထားရမှာ ကြောက်သွားတယ်လေ… ‘အေးမြင့်’ ကြောင့် ရုံးရောက်ဂတ်ရောက် ထောင်ကျတဲ့အထိ ဖြစ်ကုန်ကျတာဆို





တော့ တစ်ခါတည်းနဲ့ ကိုလန့်သွားတာ”

ထိုစကားကြောင့် ‘ခင်မောင်အေး’ က မျက်မှောင်ကြုတ်၍ ကြည့်ရင်း…

“ဒါဆို ကိုယ်နဲ့ ပြိုင်လုမယ့်သူများ ရှိနေဦးမှာလား”

သူမ က ခေါင်းလေးခါရင်း…

“ရည်းစားတောင် မထားဘူးခဲ့သေးတဲ့ သူပါနော်… တစ်ယောက်က အိမ်ကလူကြီးတွေနဲ့ ခင်တော့ အိမ်ထဲဝင်ခွင့်ထွက်ခွင့်ရှိတယ်လေ… အဲ့ဒါကို သူက ‘အေးမြင့်’ ကို သိပ်ပိုင်တဲ့ပုံစံနဲ့ ဟိုတစ်ယောက်ကို သွားသွားပြောတာ… ဟိုတစ်ယောက်ကို ‘အေးမြင့်’ က အဖြေမပေးချင်လို့ လူကြီးတွေပေးစားတာပဲယူမှာလို့ ပြောထားတာလေ… ခုတော့လည်း ဒီလူနှစ်ယောက်လုံး အိမ်ထောင်တွေကျကုန်ပါပြီ”

“ကိုယ်နဲ့ယူပြီးရင် ကိုယ့်မိဘကို မိဘအရင်းလို ရှိသေမှဖြစ်မှာ ‘မိမိလွင်’ က အိမ်မှာသာ အတူလာနေတာ မိသားစုစိတ်ဓါတ်မရှိဘူး… ‘ခင်အေးမြင့်’ ကပါ သူငယ်ချင်းနှစ်ယောက်ပေါင်းမိပြီး ကိုယ့်မိဘတွေစိတ်ဆင်းရဲအောင် အတိုက်အခံလုပ်မှာတော့ ကြောက်တယ်… အထူးသဖြင့် ကိုယ်ကသားအကြီးဆုံး မိသားစုအားလုံးရဲ့ စားဝတ်နေရေးတာဝန်ကို ကိုယ်ကယူ

www.burmeseclassic.com

ထားရတာ... အိမ်မှာလည်း အမြဲမရှိဘူး... ကိုယ့်ကိုယူတဲ့ အမျိုးသမီးဟာ ကိုယ့်လိုပဲ ကိုယ့်မိဘကို စောင့်ရှောက် နိုင်ရမယ်...

ကိုယ့်လိုပဲ အားလုံးအပေါ်မှာ သဘောထားကြီးနိုင်ရမယ် ခွင့်လွှတ်စိတ်ရှည်နိုင်ရမယ်... အဲသလိုနေနိုင်ရင် အငယ်အားလုံးက ကိုယ်နဲ့အတူ ချစ်ခင်ကြောက်ရွံ့ရှိသေပြီး ကိုယ်တို့ဩဇာညောင်းမှာပဲ"

'ခင်အေးမြင့်' က မျက်လုံးလေးစင်း၍ စိုက်ကြည့်နေသဖြင့်...

"ဟော ဘယ်လိုဖြစ်သွားတာလဲ... မဖြစ်နိုင်ဘူးဆိုတဲ့ သဘောလား"

"'အေးမြင့်' က အစ်ကို့မျက်နှာတစ်ခုတည်းနဲ့ လိုက်ခဲ့ရမှာလေ... လင်တစ်ယောက်ယူတာ တခြားလူတွေကို ကိုယ်က ပြန်တာဝန်ယူရမှာဆိုတော့ ကိုယ့်စကားကိုသူတို့ကနားထောင်ဦးမှကို... အစ်ကို့ကို သူတို့က ကြည်ဖြူရိုသေကြပေမယ့် ကိုယ့်ကိုတော့ သူတို့က လက်ခံဦးမှကိုး... ဒါတွေကို တွေးနေမိလို့ပါ...

လွယ်လွယ်နဲ့ခေါင်းညိတ် လိုက်ခဲ့ပြီးတော့မှ ဟိုရောက်





ပြီး အစ်ကိုက မိသားစုဘက်ပါသွားပြီး 'အေးမြင့်' ကို ပစ်ထားရင်ကော... ဒီလိုလုပ်လေ အစ်ကို ကုန်ကူးနေပေါ့... 'အေးမြင့်' ဒီမှာပဲနေမယ်"

ဒီတစ်ခါ ငိုင်ရသူက 'ခင်မောင်အေး' ပါ။

ဒီမိန်းကလေး၏ အလှကို မက်မိပြီဖြစ်၍ ဒီမိန်းကလေး၏ အပြုအမူ အပြောအဆိုတွေကို သာယာတပ်မက်မိပြီဖြစ်၍ သူမ ငြင်းလိုက်မှာကို အရမ်းကို စိုးရိမ်နေမိပါပြီ။ သူမကို ရယူ ...င်ဆိုင်ချင်နေပြီဖြစ်၍ လက်ထဲရောက်ပြီးမှတော့ ပြန်အလွှတ် ...ခံနိုင်ပါ။ စိတ်ထဲက ထိုသို့ တွေးလိုက်မိသလို စိတ်၏စေခိုင်း ...ျက်အတိုင်း သူမကို ရုတ်တရက်ဆွဲဖက်လိုက်မိသည်။

မထင်မှတ်ဘဲ ခပ်ကြမ်းကြမ်း လှမ်းအဖက်ခံလိုက်ရ ...ဖြင့် 'ခင် အေးမြင့်' က မျက်လုံးပြူးလေးဖြင့် မော့ကြည့်ရင်း ...ရုန်းထွက်ဖို့ ကြိုးစားနေပါသည်။ သို့သော် အချစ်နှင့်ဝေး၍ ...သားချိတ်မာဖြစ်ခဲ့သော 'ခင်မောင်အေး' သည် ယခု အချစ်ကို ...လည်ရှာဖွေတွေ့ရှိပြီ ဖြစ်သလို နီးစပ်မှုလည်းရှိ၊ မိဘ ညီအစ် ...အောင်နှမတွေကလည်း ဘဝကြင်ဖော်ရှာဖို့ လွှတ်လိုက်ကြ ...ည်ဖြစ်၍ မုန်ယိုနေသောဆင်ကဲ့သို့ ချုန်းမအုပ်နိုင်တော့သလို ...သွားပြီ။


www.burmeseclassic.com

www.burmeseclassic.com

"မင်း မင်း အခုတစ်မျိုး တော်ကြာတစ်မျိုး မရှိုးနဲ့လေ... မနက်တုန်းကတော့ ငါ့ကို ရှန်းမထွက်နိုင်အောင် အမျိုးမျိုးရေလာမြောင်းပေးတွေ လုပ်ခဲ့ပြီးမှ ငါ ဆိုတဲ့ကောင်က ဗူးဆိုဖရုံမသိဘူးနော်... ငါ့ စကားနားထောင်ရမှာပဲ... ငါ ခေါ်တဲ့နောက်ကို လိုက်ရမှာပဲ... ယောင်နောက်ဆံထုံးပါဆိုတဲ့ စကားပဲရှိတယ်"

'ခင်အေးမြင့်' တစ်ယောက် ရှန်းမထွက်သာတော့ပါ။





## ၅

'ဒေါ်ခင်အေးမြင့်' တစ်ယောက် အံကြိတ်ရင်း၊ ခြံထဲတွင် လမ်းလျှောက်နေပါသည်။

'မီကေသရီ' တစ်ယောက် မပြောမဆိုနှင့် လစ်ထွက်သွားခဲ့သည်။ ယခု ကိုးနာရီပင် ထိုးနေပြီ ပေါ်မလာသေး။

'ကေသရီ' ကို တောမြို့မှ ခဏခေါ်ထားခြင်းဖြစ်သည်။ အမှန်အတိုင်း ပြောရမည်ဆိုလျှင် သူမ ဆယ်တန်း တဘုန်းဘုန်းကျနေသဖြင့် ယခုနှစ်တော့ ဆယ်တန်းအောင်စေချင်၍ 'ခင်အေးမြင့်' ထံတွင် အပ်ထားခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ယောကျ်ားကောင်းကောင်းရလျှင်လည်း ပေးစားဖို့မှာ

ထားသည်။

ဆွေမျိုးမကင်းသဖြင့်သာ ကူညီရခြင်းဖြစ်သည်။ 'ကေ

သရီ' သည် ရုပ်လှသလောက် အလွန်ပွေချင်၊ ရှုပ်ချင်သော

မိန်းကလေးဖြစ် သည်။

မိဘတွေက ဈေးကြီးထဲတွင် ကုန်စုံဆိုင်ဖွင့်ထားသဖြင့်

ဆိုင်မှာကူပြီး ဈေးရောင်းပေးစေချင်သော်လည်း ဖင်မြဲမြဲမထိုင်

ချင်။ ထိုင်ပြန်လျှင်လည်း စိတ်မဝင်စားသဖြင့် အမှားအယွင်း

ယွင်း ဈေးဝယ်သူနှင့် အမြဲပြဿနာရှင်းရသည်။ ပြန်လျှော်

တာက ခပ်များများ။

သူမက ပြန်ရန်ထောင်သဖြင့် ဖောက်သည်ပျက်ရတာက

ခပ်များများ။ စိတ်လိုလက်ရ သူမ ဆိုင်ထိုင်လျှင် ပိုက်ဆံအသုံး

လို၍ ခိုးချင်၍ ထိုင်မှန်းမိဘများက သိသည်။ အိမ်မှာနေ

လျှင်လည်း မိဘများ မမြင်ကွယ်ရာတွင် သူငယ်ချင်းတွေခေါ်၍

ချက်ပြုတ်စားသောက်နေတတ်သည်။

သူငယ်ချင်းကောင်လေးတွေကိုပါခေါ်၍ တဟီးဟီးလု

နေတတ်သဖြင့် အမေလုပ်သူမှာ အိမ်ပြန်စောင့်နေရတတ်သည်။

ရည်းစားတွေ မွှေနေအောင်ထားပြီး ဟိုနားချိန်လိုက်





ဒီနားချိန်း လိုက်လုပ်တတ်သလို၊ ကောင်လေးတွေကို သူမက

စဖြတ်ထားသည်။ ရည်းစားသုံးလေးယောက် တပြိုင်တည်း

ထားသဖြင့် တစ်ယောက်ကို ဖြတ်လိုက်ရတာလည်း သူမ မခံ

စားရ။

အဖြတ်ခံရသူ ကောင်လေးက တရှိုက်ရှိုက်နှင့်တောင်းပန်စာ

တွေရေးပြီး လွမ်းနာကျနေတာကို သူမက ကျေနပ်စွာ ဂုဏ်ယူ

နေတတ်သေးသည်။

သို့သော် သူမကို လန့်သွားအောင်လုပ်သည့် ကောင်

လေးတစ်ယောက်ကြောင့် တစ်ခါတည်း ငြိမ်သွားခဲ့သည်။

သူမတို့ အိမ်ထဲဝင်ထွက်ခွင့်ရသည့် 'ကေသရီ' ၏ ရည်း

စား မဟုတ်ဘာမဟုတ် ကောင်လေးကို ဈေးထဲမှာ 'ကေသရီ'

ညာတုတု ညာစားနေသည့် ရွှေဆိုင်ပိုင်ရှင် သူဌေးသားလေးက

ခါးနှင့်ထိုးသောကြောင့် ဟိုးလေးတကျော်ကျော်ဖြစ်ကုန်ပြီး တစ်

ယောက်က မသေယုံတမယ် ဆေးရုံရောက်သွားပြီး အချစ်ရူး

ရူးမိသော ရွှေဆိုင်ပိုင်ရှင်၏ သားမှာ ထောင်ကျသွားခဲ့ရှာသည်။

ထိုနောက်ပိုင်း 'ကေသရီ' ငြိမ်သွားခဲ့သည်။

သူမ၏ မိဘများကလည်း စည်းကမ်းကြီးသော 'ခင်

အေးမြင့်' တို့အိမ်တွင် အဆောင်သဘောမျိုးဖြင့် ထားခင်းလခ၊



www.burmeseclassic.com

www.burmeseclassic.com



အဆောင်လခ၊ စောင့်ရှောက်ခ ကောင်းကောင်းပေးပြီး အပ်ထားခြင်းဖြစ်သည်။

'ရန်ကုန်မှ သူငယ်ချင်းဖြစ်သူ 'မိမိလွင်' က 'ကိုခင်မောင်အေး' နှင့် လက်ထပ်ဖို့ကိစ္စ သဘောတူရန်နားချပါသော်လည်း ရန်ကုန်ရောက်စဉ်က 'ဒေါ်ကြည်မာ' ၏ မျက်နှာထားကို မေ့မရပါ။ ထို့ကြောင့် တစ်ချက်ခုတ်နှစ်ချက်ပြတ်ဆိုသည့် သဘောနှင့် ဘွားဒေါ်ကြီးကို ပညာပေးချင်သဖြင့် 'ခင်မောင်အေး' ရောက်လာသောအခါ 'ကေသရီ့' ကို လူစားထိုး၍ ပြလိုက်ခြင်းဖြစ်သည်။

မိမိလို ပညာတတ် ကျောင်းဆရာမ တစ်ယောက်ကို မဆက်ဆံချင်သလို၊ နေရာမပေးချင်သလို ချွေးမမတော်ချင်သလိုလုပ်ခဲ့သော 'ဒေါ်ကြည်မာ' တစ်ယောက် 'ကေသရီ' လို အကျင့်စာရိတ္တလည်း မကောင်း၊ မိန်းမလည်း မပီသ၊ အသုံးအဖြုန်းကြီးသည့် မိန်းမမျိုးကို ချွေးမတော်ရလျှင် မည်မျှ စိတ်ညစ်ရလိမ့်မယ်ဆိုတာ တွေးတွေးပြီး ရယ်ချင်နေတော့သည်။

သို့သော် မိမိ၏ ခံပြင်းစိတ်၊ လက်စားချေလိုသောစိတ်၊ သူ တစ်ပါးကို ဒုက္ခရောက်စေလိုသောစိတ်တို့ကို မိမိ၏ ဉာ





တတ်စိတ် ယဉ်ကျေးသိမ်မွေ့သောစိတ်တို့က ပြန်လည်ထိန်းသိမ်းလိုက်နိုင်ပါသည်။

'ကိုခင်မောင်အေး' ထမင်းစားပြီး ပြန်သွားသည်နှင့် 'ကေသရီ့' ကို ဟန်ဆောင်ခြင်းဓာတ်လမ်း ရပ်တန့်ဖို့ ပြောခဲ့ပါသည်။

မိမိကိုယ်တိုင် 'ခင်မောင်အေး' နှင့်ထပ်တွေ့ပြီး လက်ထပ်ဖို့ကိစ္စ မဖြစ်နိုင်ကြောင်း ပြောမည်။ မနက်ပိုင်းက ဟန်ဆောင်လိမ်ညာမိသည်ကို ခွင့်လွှတ်ပါရန် အနူးအညွတ်တောင်းပန်မည်ဟု စိတ်ကူးပြီး 'ခင်မောင်အေး' နောက်တစ်နေ့မနက် လာနှုတ်ဆက်လျှင် ကိုယ်တိုင် ထွက်ပြောမည်ဟု စိတ်ကူးထားသည်။

ယခုတော့ 'ကေသရီ' က မိမိစကားကို နားမထောင်တော့သည့်နေဘက် ချိန်းထားခြင်းကို တားမြစ်သည့်ကြားမှ ခိုးထွက်သွားခဲ့ခြင်းဖြစ်သည်။

အိမ်မှာ လူစောင့်မရှိ၍၊ စပေါင်းကားဂိတ်သို့ လိုက်သွားချင်သည်ကိုလည်း လိုက်မသွားနိုင်။

လုံးဝမနေနိုင်သဖြင့် အိမ်သော့ခတ်ပြီး ဆယ်အိမ်ခန့်တွင်ရှိသော တယ်လီဖုန်းအငှားပြောသည့်အိမ်သို့ ရောက်ခဲ့သည်။ ဖုန်းနံပါတ်များကိုရှာ၍ ရန်ကုန်မှလာသည့် ကန်ကားနံပါတ်



www.burmeseclassic.com

www.burmeseclassic.com

ကိုပြော၍ စုံစမ်းသောအခါ ပွဲရုံတွင် ပစ္စည်းတင်ရန်ကားရပ်ထားပြီး စပယ်ယာကိုသာ အစောင့်ထားသွားကြောင်း သိရသည်။

ထို စပယ်ကားအား ခဏခေါ်ပေးရန် တောင်းပန်ရသည်။

"ဟုတ်ကဲ့ ခင်ဗျ... ကျွန်တော် 'ကိုခင်မောင်အေး' ရဲ့ စပယ်ယာပါ... 'ဖိုးထူး' လို့ခေါ်ပါတယ်... ဘာများ မေးချင်လို့လဲ ခင်ဗျ"

"တို့က 'ကိုခင်မောင်အေး' လာတွေ့တဲ့ ဆရာမ 'ဒေါ်ခင်အေးမြင့်' ပါ"

"ဟုတ်ကဲ့"

"'ကိုခင်မောင်အေး' ဘယ်သွားလဲ"

"ဆရာမ 'ဒေါ်ခင်အေးမြင့်' နဲ့..ဘုရားမှာချိန်းထားလို့ လေးနာရီထဲက ထွက်သွားတာပဲ... အခုထိ မတွေ့ကြသေးဘူးလား... ခုနစ်နာရီတောင် ထိုးနေပြီပဲ"

ထိုစကားကြောင့် 'ခင်အေးမြင့်' ခေါင်းမီးတောက်သွားတော့သည်။

"ရန်ကုန်အိမ်နဲ့ 'ကိုခင်မောင်အေး' နဲ့ နေ့တိုင်း အဆက်အသွယ်ရှိတယ်မဟုတ်လား"









"ရှိတယ်ခင်ဗျ... ညအိပ်ခါနီးဆို သူ့မိဘတွေဆီ ဘယ်နေရာရောက်ရောက် မှန်မှန်ဖုန်းဆက်တယ်... ဖုန်းမရှိတဲ့နေရာမျိုးဆိုရင်လည်း ကြိုတင်ပြီး မဆက်တော့ဘူးလို့ မှာထားတတ်တယ်... ညကျရင်တော့ဆက်မှာပါ... ဘာမှာ ထားချင်လို့လဲ... ကျွန်တော် ပြောထားပေးမယ်"

"ဟုတ်ပြီလေ... ဒါဆိုလည်း မနက်မှပဲ 'ကိုခင်မောင်အေး' ကို အိမ်လာခဲ့ဖို့ ပြောပေးစမ်းပါ"

"ဟုတ်ကဲ့ စိတ်ချပါ"

ချက်ချင်း ရန်ကုန်ကို ဖုန်းခေါ်ရပြီ။

"'မိမိလွင်' နဲ့ တွေ့ချင်လို့ပါ"

တော်ပါသေးသည်။ 'မိမိလွင်' အိမ်မှာရှိနေ၍။

"'ခင်အေးမြင့်' လား"

"အေး"

"'ကိုခင်မောင်အေး' နဲ့ တွေ့ပြီးပြီ မဟုတ်လား"

"အင်း သူ မနက်ကအိမ်ကိုလာတယ်... ခြံဝမှာကြိုနေတဲ့ ငါ့ကို သူ စိတ်ဝင်စားပုံမပြဘူး... ငါကလည်း သူ့အမေဆက်ဆံလိုက်တာကို မကြိုက်လို့"

'ခင်အေးမြင့်' က ကိုယ်အတတ်နှင့် ကိုယ်စူးပြီဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ပြောပြလိုက်သောအခါ 'မိမိလွင်' လည်း ထိတ်လန့်သွားပြီး...

"ဟယ် နင်ကလည်း ဘာတွေလျှောက်လုပ်နေတာတုန်း... အဲသလိုကြီးလုပ်တာတော့ မကောင်းဘူးပေါ့... ကဲ တော်ကြာ 'ကိုကိုအေး' က အဲ့ဒီတစ်ယောက်ကိုကြိုက်သွားပြီး အိမ်ကိုခေါ်လာခဲ့ရင်ရော အကျင့်စာရိတ္တကလည်း မကောင်း... မိန်းမကလည်း မပီသ ခိုးကလည်းခိုးတတ်သေးတာဆိုတော့ ဘာကောင်းအုံးတော့မှာလဲ... မင်း သိပ် ရက်စက်တယ်ကွယ်... မြန်မြန်ပြန်ဖျက်ပေးလေ"

"သူ ညဘက် ဖုန်းမှန်မှန်ဆက်တာဆို... သူ ဆက်တဲ့အချိန်ကျရင် 'ကေသရီ' အကြောင်းပြောပြပြီး မင်းတို့ဘက်က သဘောမတူဘူးလို့ ပြောလိုက်လေ"

"ကဲ မဆက်ရင်ကော...မင်းက တစ်မြို့တည်းမှာရှိနေတာပဲ... တွေ့အောင်ရှာပြီး ပြန်ဖျက်ပေးကွာ... မင်းကို ငါအထင်ကြီး မိတာ မှား[illegible]ဘဲကွာ... မင်း သိပ်အကြံ[illegible]ကတာပဲကွာ"

'မိမိလွင်' က ငိုသံလေးဖြင့် ပြောပြီး ဖုန်းချသွားခဲ့ပြီ။

ဟုတ်ပါသည်။ မိမိ ယုတ်မာသဖြင့် ယခုလို အပြောခံလိုက်ရခြင်းဖြစ်သည်။ မိမိ အကြံပက်စက်သဖြင့် အကြံ[illegible]မား





'ကေသရီ' ၏ အပိုင်စီးမှုကို ခံလိုက်ရကြောင်း မိုးချုပ်လေ၊ သိရလေပါပဲ။

ကိုးနာရီကျော်သည်အထိ 'ကေသရီ' ပြန်မလာ။

မိဘတွေ ပြန်ရောက်ပြီဖြစ်၍ မိခင်ကို ခေါ်၍ ပွဲရုံသို့လိုက်လာခဲ့ရသည်။

"ဗျာ အစ်မကြီးက 'ဒေါ်ခင်အေးမြင့်' ဟုတ်လား... စောစောက 'ကိုခင်မောင်အေး' ဖုန်းဆက်တုန်းကတော့ သူ 'ဒေါ်ခင်အေးမြင့်' ကို ရန်ကုန်တန်းခေါ်သွားတော့မယ်တဲ့... ကျွန်တော့်ကို ဒရိုင်ဘာတစ်ယောက်ရှာပြီး ရန်ကုန်တန်းပြန်ခဲ့ဖို့ ပြောသွားတယ်"

"ဟင်..."

'ခင်အေးမြင့်' ခံလိုက်ရပြီ။

'ကေသရီ' လူလည်ကျသွားပြီ။

"'ကိုခင်မောင်အေး' ဆိုတဲ့လူကလည်း တော်တော်လူပါးဝတာပဲ... မိန်းကလေးတစ်ယောက်ကို ဒီလိုပဲ မပြောမဆိုနဲ့ ခေါ်ထွက်သွားလို့ရသလား... နမချင်းမစာလိုက်တာ... လူကြီးလူကောင်းမဆန်လိုက်တာ"

"ဟင် ကျွန်တော့်ဆရာက အင်မတန်ရိုး အင်မတန်အေး



www.burmeseclassic.com

www.burmeseclassic.com



တာ... 'ဒေါ်ခင်အေးမြင့်' ပဲ ဒီကိုလာခဲ့ဖို့ ခေါ်ထားတာမဟုတ်ဖူးလား"

"အို တော်စမ်းပါ... မင်း ဘာမှမသိပါဘူး... ပါးစပ်ပိတ်ထားစမ်းပါ"

'ဖိုးထူး' ခေါင်းကုတ်ပြီး ကျန်ရစ်ခဲ့ပါသည်။

'ခင်အေးမြင့်' ၏ အကြောင်းကြားမှုကြောင့် 'မီမီလွင်' ယမ်းပုံမီးကျဖြစ်နေပါတော့သည်။ ယောက္ခမကြီးကို ဖွင့်မပြော၍ မဖြစ်တော့ပါ။

သွားပြောပြလေသောအခါ ညကြီးမိုးချုပ် ဆူညံပွက်လောရိုက်ကုန်ပါတော့သည်။

အငယ်ဆုံး 'ဝင်းမာ' က နဂိုတည်းက ခပ်စွာစွာဖြစ်၍ သူ့အသံက အညံဆုံးပါပဲ။

"'မီမီလွင်' သူငယ်ချင်းကလည်း ယုတ်မာလှချည်လားအကြံပက်စက်လှချည်လား... မဟုတ်မှလွဲရော ဒါ 'မီမီလွင်' ကြံတာပဲဖြစ်ရမယ်... တမင် ဒီလိုဖြစ်အောင် 'မီမီလွင်' လုပ်တာမဟုတ်လား"

"ဟဲ့ အဲ့သလိုလုပ်ရင် ငါ ဒီလို ခံစားရပါ့မလား"

"ဟန်လုပ်ပြီး ခံစားပြနေတာ မဟုတ်လား... တမင်သိတ်





သက် 'ကိုကိုအေး' ဘဝပျက်အောင် လုပ်တာမဟုတ်လား... ဒီတစ်အိမ်လုံး ကံဆိုးမိုးမှောင်ကျအောင် လုပ်တာမဟုတ်လား"

"နင် အဲ့သလိုမပြောနဲ့... 'ကိုကိုအေး' ဒုက္ခရောက်ရင် ငါတို့လည်း ရောက်တာပဲ... ဒီတစ်အိမ်လုံး ဒုက္ခရောက်ရင် ငါတို့လည်း ရောက်မှာပဲ... တမင် လုပ်ပါ့မလားဟဲ့... နင် ဘယ်တော့ဖြစ်ဖြစ် ငါ့ကိုအပြစ်ပြောချင်နေတော့ အတော်ဖြစ်သွားတာပေါ့"

"ကဲပါ... ရန်ဖြစ်မနေကြပါနဲ့... 'ဖိုးထူး' ဆီ ဖုန်းဆက်ကြည့်စမ်းပါဦး"

'ဒေါ်ကြည်မာ' ကိုတော့ အားလုံးကြောက်နေကြရသဖြင့် ငြိမ်သွားကြသည်။

'ဖိုးထူး' ထံ ဖုန်းဆက်ပြန်တော့ ဘာမှအကြောင်းမထူး။ 'ခင်မောင်အေး' ရန်ကုန်ပြန်နှင့်မည်ဟုသာ ပြောသွားကြောင်း ထပ်ပြောနေသည်။

"ကျွတ် သားကြီး ဘယ်လိုဖြစ်သွားတာလဲ... ဘာတွေအလုပ်လုပ်နေတာလဲ... ကလေးကလား အလုပ်လုပ်သွားရသလား... ရှက်စရာကောင်းလိုက်တာ"

"ကိုကြီးက ရိုးရိုးအအကြီးဆိုတော့ မိန်းမလည်ကောင်မ



www.burmeseclassic.com

www.burmeseclassic.com

က အမိဖမ်းထားတာနေမှာပေါ့… အပျိုရောစစ်ရဲ့လား မသိပါဘူး… ကိုကြီး ဘဝတော့ ပျက်ပါပြီ”

‘ဝင်းမာ’ က ထိုသို့ပြောပြီး ငိုနေပါတော့သည်။

“ဒီကိစ္စကို လုံးဝလက်မခံပါနဲ့ မေမေ… ခုလိုဖြစ်တာ ‘မီလွင်’ ရဲ့ ပရောဂလည်း မကင်းဘူးဆိုတော့ ဒီကိစ္စကို မပျက်ပျက်အောင်ကို ဖျက်ရမှာပဲ… ‘ခင်အေးမြင့်’ ရဲ့ ယုတ်မာမှုအတွက် ‘မီလွင်’ ရှိခိုး တောင်းပန်ပါတယ် မေမေ… ‘ကေသရီ’ ဆိုတဲ့ ကောင်မကိုတော့ ဒီ အိမ်ထဲ လုံးဝအဝင်ခံလို့ ဖြစ်မှာမဟုတ်ဘူး…

မေမေပဲ စဉ်းစားကြည့်ပါဦး… ဘယ်တုန်းကမှ မသိတဲ့ လူတစ်ယောက်ကို တစ်မနက်လေးတွေ့ခွင့်ရတာနဲ့ တစ်ခါတည်း ခိုးရာလိုက်ပြေးရောတဲ့လား… ဈေးကလည်း ပေါလိုက်တာ… ဘယ်လိုနည်းနဲ့မှ မိန်းမကောင်းမဖြစ်နိုင်သလို အပျိုလည်း မဖြစ်နိုင်ဘူး… ဒါကြောင့် အမိဖမ်းတာ ရှင်းနေတာပဲ”

‘ဒေါ်ကြည်မာ’ က သက်ပြင်းရှည်ကြီးချရင်း…

“အင်း ဟင်း… ဒီလိုရိုးတဲ့အတဲ့ ယောကျ်ားမျိုးတွေ အသောက်အစား အပျော်အပါးကင်းတဲ့ ယောကျ်ားမျိုးတွေဟာ မိန်းမလည်နဲ့တွေ့ရင် ကြက်ကြီးလည်လိမ်သလို ဖြစ်ကုန်





တာ ထုံးစံပဲ… သူ တို့ မျက်လုံးထဲမှာရော အာရုံထဲမှာရော ဘာမှမမြင်တော့ဘူး”

‘ဝင်းမာ’ က စားပွဲကို လက်သီးနှင့်ထုရင်း ငိုသံဖြင့်…

“မေမေ ပြောပုံကြီးက ဒီကိစ္စကို ဖြစ်လေ့ဖြစ်ထရှိတယ်ဆိုပြီး ပြီးပြီးရောလက်ခံတော့မယ် သဘောဖြစ်နေပြီ”

“အင်း ကာယကံရှင်က ‘ခင်မောင်အေး’ ဖြစ်နေပြီလေ… ‘ကေသရီ’ မှ မဟုတ်ဘူး… မိန်းမပျက်တစ်ယောက်ကို ကြိုက်လုပါချည်ရဲ့ဆိုပြီး အိမ်ပေါ်ခေါ်တင်လာရင်လည်း ငါတို့တွေက ဘာတတ်နိုင်မှာတုန်း… သူ ကြိုက်တာ သူ ယူတာကို… ညည်းတို့လည်း ညည်းတို့ ကြိုက်တာ ညည်းတို့ယူခဲ့တာပဲလေ”

“ဟာ ‘ဝင်းမာ’ တို့က ကိုယ့်မိဘမျက်နှာကို အိုးမဲသုတ်တာ မဟုတ်ဘူး… မိဘ ဂုဏ်ရှိအောင်ပဲလုပ်တာ”

“အေးလေ သူ့ကို သားအကြီးဆုံး အလိမ္မာဆုံးဆိုပြီး အားကိုးယုံကြည်ခဲ့တာ… သူက အမိုက်ဆုံး ဖြစ်ချင်လည်းဖြစ်သွားနိုင်တာပဲ… လူစိတ်ဆိုတာ မျောက်စိတ်ပဲလေ”

“အို ‘ဝင်းမာ’ တို့ကတော့ အဲဒီမိန်းမနဲ့ဆို သဘောမတူဘူး… ကိုကြီး ယူပြီး အိမ်ပေါ်ခေါ်တင်လာမယ်ဆိုရင် ဒီအိမ်မှာ ‘ဝင်းမာ’ တို့ မနေတော့ဘူး”


www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို 'ကောသရီ' က ပိုတောင် သဘောကျဦးမှာပေါ့"

ထိုစကားကြောင့် 'ဝင်းမာ' ငြိမ်သွားသည်။

"စောင့်ကြည့်ကြသေးတာပေါ့လေ… ကိုယ်ထင်ထားသလို ဆိုးချင်မှလည်း ဆိုးမှာပါ… ဆိုးနေခဲ့ရင်လည်း ကိုယ့်အစ်ကိုကို တည့်အောင်ပေါင်းပြီး ကိုယ့်ဘက်ပါအောင် ဆွဲရမှာပေါ့… ရောက်ရောက်ခြင်း ဆောက်နဲ့ထွင်းတာမျိုး သွားမကြမ်းနဲ့… သူ့မိန်းမဘက်လုံးဝ ပါသွားရင် ကိုယ့်ဘက်က ရှုံးမှာ… မေမေ ထင်ပါတယ်လေ…,

သားကြီးဟာ မိသားစုအတွက် အမြဲဦးစားပေးခဲ့တဲ့လူဆိုတော့ မိသားစုဒုက္ခရောက်အောင် လုပ်မယ့်လူမျိုးတော့ မဟုတ်ပါဘူး… အခု ကိစ္စဖြစ်သွားတာလဲ 'မိမိလွင်' က ကလေးတွေကို ခွဲထုတ်သွားမှာစိုးလို့ 'မိမိလွင့်' စိတ်ကြိုက်လိုက်လုပ်ပေးရင်းက ဖြစ်သွားတာဆိုတော့ ကိုကြီး မှာ အပြစ်မရှိပါဘူး"

ဟုတ်နေသဖြင့် 'မိမိလွင်' ငြိမ်နေပါသည်။

"အေးလေ… ကွဲချိန်တန်ရင်လည်း ကွဲကြရမှာပါပဲ… ခွဲချိန်တန်ရင်လည်း ခွဲကြရမှာပဲ… လောကကြီးမှာ ဘယ်အရာများ တည်မြဲနေလို့လဲကွယ်… ကဲ ကဲ အိပ်ကြတော့… ညည့်နက်နေပြီ"





အိပ်ယာထဲမှာ မည်သူမျှ အိပ်မပျော်ကြတော့တာတော့ အသေအချာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



## ၆

"မေမေ လား"

"အေး မင်း ဘယ်ကဆက်တာလဲ"

"မန္တလေးက ဆက်တာ... အကျိုးအကြောင်းတွေ သိပြီးကြဲလောက်ပြီ ထင်တယ်... မမျှော်လင့်ဘဲ မစီစဉ်ထားဘဲ ဖြစ်သွားခဲ့တာ... 'ကေသရီ' က အိမ်မပြန်ဝံ့တော့ဘူးတဲ့... အိမ် ပြန်တာနဲ့ 'ခင်အေးမြင့်' က သူ့ကိုရိုက်မှာတဲ့... ပြီးတော့ သူ့မိ ဘတွေ အပြစ်ရှာပြီး ပြန်ပို့မှာတဲ့... ဟန်ဆောင်နိုင်းတုန်းက လွယ်လွယ်နဲ့ ဟန်ဆောင်ခိုင်း ပြီး 'ကေသရီ' ကို ကျွန်တော် သဘောကျတာ မြင်ပြန်တော့လည်း သူ ပြန်လိုချင်ပုံရတယ် တဲ့...

အမှန်အတိုင်း ပြောရရင် 'ခင်အေးမြင့်' အစစ်ပုံစံကို ကျွန် တော် လုံးဝမကြိုက်ဘူး... ကြည့်တဲ့မျက်လုံးက သိပ်ထန်လွန်း တယ်... ကျွန်တော်ကိုယ်တိုင်လည်း 'ကေသရီ' ကို မြင်မြင် ချင်းစွဲလန်းမိသွားခဲ့တယ်... ဒါကြောင့် သူတို့လုပ်ဇာတ်ကိုပြော ပြတော့ ကျွန်တော်က ပိုတောင်သဘောကျသေးတယ်... 'ခင်အေးမြင့်' အတင်းပြန်ဖျက်မှာ စိုးတာနဲ့ 'ကေသရီ' ကို တစ်ခါတည်း ခိုးပြေးသွားလိုက်တာ"

သတ္တိအရမ်းရှိနေပါလား။ သားကြီး အသံက အရမ်းကို ပျော်မြူးနေကြောင်း ပြနေပါသည်။

"မင်း ဘယ်နေ့လောက် ရောက်မလဲ"

"တစ်ပတ်လောက်တော့ လျှောက်လည်လိုက်ဦးမယ်... 'အသူး' နဲ့ ဒရိုင်ဘာတစ်ယောက် ထည့်ပေးလိုက်တယ်... သူတို့ သုံးစရာတွေတော့ ပေးပြီးပြီ... ဒီတစ်ခေါက် ကားခကို ကျွန်တော် မြီးဆုတ်ထားလိုက်တယ်နော်... အိမ်ပြန်ရောက်တော့မှပဲ ပိုတာ အတုန့်ပြန်အပ်တော့မယ်"

ဩော်...။



www.burmeseclassic.com

www.burmeseclassic.com

ရင်ထဲတွင် ဝမ်းနည်းသလိုကြီး ခံစားလိုက်ရပါသည်။

ဖခင်ကြီး နေကောင်းရဲ့လားပင် မေးဖော်မရတော့ပါလား။

"မင်းတို့ မင်္ဂလာကိစ္စကိုရော ဘယ်လိုစီစဉ်မှာလဲ"

"သူ့ မိဘတွေဆီ အရင်သွားနှုတ်ဆက်ပြီး တိုင်ပင်ခဲ့မယ်လေ သူတို့ဘက်က သွားရမှာပေါ့တယ်... ဒါကြောင့် တစ်ခါတည်း စီစဉ်ခဲ့ချင်တာ"

'ဝင်းမာ' က ဖုန်းပြောချင်သဖြင့် ဖုန်းခွက်ကိုလှမ်းတောင်းနေသော်လည်း ခေါင်းခါပြမိသည်။

"သားကြီး..."

"ဗျာ"

"ငါ့သားကိစ္စကတော့ ခုတ်ရာတခြား ထိရာတခြားဖြစ်နေပြီနော်... ကောင်မလေးနောက်ကြောင်းလည်း ဘာမှ သိတာလည်း မဟုတ်ဘဲနဲ့... သူ့ကြောင့် ရှုံးရောက် ဂတ်ရောက်ထောင်ကျဘူးတဲ့ လူတွေရှိတယ်ဆို... ဖမေ့ဆန္ဒကတော့ သူ့မိဘဆီ ခဏပြန်အပ်ပြီး စုံစမ်းစေချင်သေးတယ်... တကယ်လို့ နောက်ကြောင်းမရှင်းရင် လျော်ကြေးပေးပြီး သားကြီး ပြန်လာစေချင်တယ်"





"ဟာ မေမေရာ... မေမေ့ပါးစပ်က အဲ့သလို ပြောလိုက်တာ အရမ်းအံ့ဩတာပဲဗျာ... ကိုယ့်မှာလည်း သမီးရှိလျှက်နဲ့ သူစိမ်းယောကျ်ားတစ်ယောက်နဲ့ တစ်ညနိုးရာလိုက်ပြီးတဲ့ မိန်းကလေးကို ဘယ်မိဘက ပြန်လက်ခံတော့မှာလဲ မေမေရာ... သူ့မိဘက ဆင်းရဲရင် တော့ တစ်မျိုးပေါ့... ခုတော့ သူတို့က ချောင်လည်တယ်"

"မေမေက သားကြီး ကို စေတနာနဲ့ ပြောနေတာလေ... 'ခင်အေးမြင့်' အကောက်ကြံလို့ မလိမ်မိုးမလိမ်မာ ကောင်မလေးတစ်ယောက်ကို သား မရည်ရွယ်ဘဲ မနှစ်သက်ဘဲ မလွှဲမရှောင်သာလို့ ယူလိုက်ရမှာစိုးလို့ပါ"

"တကယ်လို့ မေမေ ပြောသလို မလွှဲမရှောင်သာလို့ ယူလိုက်ရရင်လည်း ကျွန်တော် ယူမှာပါ... ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် က သွားပတ်သက်ခဲ့မိပြီကိုး... ပြီးတော့ 'ကေသရီ' ကို ကျွန်တော် တကယ်သဘောကျသွားခဲ့တာပါ... တစ်ယောက်နဲ့တစ်ယောက် နှစ်သက်ပြီး ခိုးပြေးကြတာပါ... 'ခင်အေးမြင့်' ချောက်တွန်းပေမယ့် ကျွန်တော် ကြိုက်သွားတော့လည်း သူ ပြန်ဖျက်လို့တောင် မရတော့ပါဘူး... ကျွန်တော့် ဖူးစာပဲဖြစ်လို့နေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com

သားဖြစ်သူကတော့ ရေတော်တုန်းရေတွင်းထဲကျသူလို ဖြစ်နေပြီပဲ။

"အေးလေ... မင်း ကျေနပ်ရင်လည်း ပြီးတာပါပဲ... မင်း ပြန်လာမှပဲ ညှော်ခံဖို့ ကိစ္စ စီစဉ်ကျတာပေါ့"

"အကျယ်မချဲ့တော့ပါဘူး... ရုံးမှာ လက်မှတ်ထိုးပြီးပြီ မင်္ဂလာဆွမ်းကျွေးပြီး ခြံထဲမှာပဲ ညှော်ခံပွဲလုပ်လိုက်ကြတာပေါ့"

'ဒေါ်ကြည်မာ' ဖုန်းခွက်ကိုချပြီး ကျောက်ရုပ်တစ်ရုပ်လို ငိုင် ငိုင်တွေတွေကြီး ဖြစ်နေပါသည်။

အချစ်နတ် ဖမ်းစားခံရပြီဖြစ်၍ မိဘစကားကိုတောင် နားမထောင်တော့ပါလား။အိမ်ပြန်ရောက်လာပြီး ခုပုံစံမျိုး ချိုးနေလျှင်ကော။ ချွေးမတစ်ယောက်တုန်းကတောင် 'ဒေါ်ကြည်မာ' တိတ်တိတ်လေး ကြိတ်၍ ငိုခဲ့ရသေးတာ။ ယခု နှစ်ယောက်။ ဒီတစ်ယောက်က ပိုဆိုးလျှင်တော့...။

" 'ကြည်မာ' "

မပီတပီ ခေါ်နေသော ခင်ပွန်းသည်ထံ လျှောက်လာရင်း ရောဂါသည် စိတ်ချမ်းသာအောင် လိမ်ဖို့ညာဖို့ စကားလုံးတွေ စဉ်းစားနေမိပါသည်။

"ဘာတဲ့လဲ"





"တစ်ပတ်လောက်နေရင် လာခဲ့မယ်တဲ့... ခြံထဲမှာပဲ ညှော် ခံပွဲလုပ်မယ်တဲ့"

"အေး အေး... သူ စိတ်ချမ်းသာရင် ပြီးတာပဲ... သူ့အခန်းကို ပြင်ပေးလိုက်ကြဦး"

"စိတ်ချ အဖေကြီး... 'ကြည်မာ' စီစဉ်ထားပေးမှာပါ"

အစ်ကိုကြီး ပြန်ရောက်လာလျှင် ယခင်လို ရင်းရင်းနှီးနှီး နေပါ့ဦးမလားဟု 'စိုးမောင်' နှင့် 'ဝင်းမာ' တွေးမိကြသလို၊ မိမိတို့အပေါ် လွန်စွာကောင်းခဲ့သော အစ်ကိုကြီးအတွက် ကြို တင်ပြင်ဆင်မှုတွေ လုပ်နေကြပါသည်။

အမြဲခရီးထွက်နေသဖြင့် 'ခင်မောင်အေး' အခန်းတွင် ဘာ မှုပြင်ပြင်ဆင်ဆင် လုပ်မထားခဲ့ပါ။ များသောအားဖြင့် ဤအခန်းတွင် ကားဆရာများ၊ ပွဲစားများ၊ ဧည့်သည်များသာ အရေး ပေါ်ဝင်အိပ်တတ်ကြသည်။

"နင် ဘာလက်ဖွဲ့မှာလဲ 'ဝင်းမာ' "

" 'ကိုစိုး' က ရော"

"ဒီလိုလုပ်လေ... 'ကိုစိုး' တို့လင်မယားနဲ့ 'ဝင်းမာ' တို့ လင်မယားပေါင်းပြီး ဒီအိမ်ခန်းရဲ့ ပရိဘောဂအားလုံးနဲ့ သူတို့ လင်မယား အရံသင့်သုံးဆွဲနိုင်အောင် လိုအပ်သမျှ ဝယ်ဖြည့်



www.burmeseclassic.com

www.burmeseclassic.com

ပေးထားလိုက်မယ် ကိုယ့် အစ်ကိုကြီးက ကိုယ်တွေအပေါ်မှာ သိပ်ကောင်းထားခဲ့တာဆိုတော့ သူ ပြန်လာရင် အံ့သြသွားသင့် သွားအောင် လုပ်ပေးထားကြရအောင်"

"အေး နက်ဖြန် နင်လိုက်ခဲ့... ပရိဘောဂဆိုင်သွားပြီး နင်ကြိုက်တာလိုက်ရွေး"

အချုပ်အလုပ်တတ်သော 'ဝင်းမာ' က ခန်းဆီးလိုက်ကာ၊ စားပွဲခင်း၊ ခေါင်းအုံးစွပ်၊ အိပ်ယာခင်းတို့ကအစ တစ်စုံပို၍ ချုပ်ပေးထားသည်။ အစ်ကိုကြီးကို ချစ်ယုံတင်မဟုတ်၊ ကြည်ညိုလေးစားခဲ့သူ အားကိုးခဲ့သူဖြစ်၍ မိန်းမယူသွားတာနှင့် မိမိဘက်က ဘာမျှအချစ်လျော့သွားစရာ မလိုပါ။

မိမိယောကျ်ား ယူသွားတုန်းကလည်း အစ်ကိုကြီးဘက်က ဘာတစ်ခုမှ လျော့မသွားခဲ့။ ယခင်ကလို ချစ်မြဲ ပေးမြဲပင်။ မိမိကိုမှ မဟုတ်။ မိမိယောကျ်ားကိုပင် ညီအရင်းလေးလို ချစ်ခင်ပြီး ကျောင်းထားပေးခဲ့သေးသည်။ ယခု ဆရာဝန်ဖြစ်ပြီး ဝန်ထမ်းလခအပြင်၊ ဆေးခန်းထိုင်၍ ရသည့်ငွေကအစ နှမမျက်နှာဖြင့် အိမ်စားရိတ်အတွက် တစ်ပြားမှမယူဘဲ တစ်ဝက်ကိုစုခိုင်း၍ တစ်ဝက်ကို 'ဝင်းမာ' အတွက်လစဉ် ရွှေဝယ်ခိုင်းတတ်သည်။

နှမကိုချစ်သလို၊ ညီဖြစ်သူ 'စိုးမောင်' တို့ လင်မယားကို





လည်း ဒီအချိုးအစားအတိုင်း စုခိုင်း၊ ဝယ်ခိုင်းသည်။ တစ်မိသားစုလုံးကတော့ ကားသုံးစီးကရသော ငွေဖြင့် စား၍လောက်သည်။ အိမ်ကြီးတစ်ခုလုံး တစ်ခြံလုံးအတွက် ပြင်ဆင်မှု၊ ဆေးသုတ်မှု၊ ကားသုံးစီးအတွက် စက်ပိုင်းဆိုင်ရာ ဘော်ဒီပိုင်းဆိုင်ရာတို့အတွက် ပြန်လည်ဖြည့်ဆည်းဖို့ ငွေကို သီးသန့်ဖယ်ထားပြီးသားဖြစ်၍ ငွေကြပ်သည် ပြတ်သည်ဆို တာ ဘယ်တော့မှမရှိ။

အစ်ကိုကြီးက သိပ်ကောင်းခဲ့သဖြင့်၊ အစ်ကိုကြီး ချစ်မြတ်နိုးသဖြင့် ယူလာသောမိန်းမကို မိမိတို့မောင်နှမလည်း လေးစားစွာကြို ဆိုကြမည်ဟု တိုင်ပင်ထားကြသည်။

" 'မိမာ' နော်... ရောက်မလာခင်တော့ အစ်ကိုချစ်တဲ့ စိတ်နဲ့ အကောင်းဆုံးဖြစ်အောင် နေပါ့မယ်... ဆက်ဆံပါ့မယ်နဲ့ ကြွေးကြော်နေပြီး ရောက်လဲလာရော ဗိုက်တင်ချမနေနဲ့ ဦး... နင်က ခပ်စွာစွာမို့ မှာထားရတာ... နင့်ကြောင့်တော့ 'ကိုအေး' စိတ်ခုမသွားစေနဲ့"

'ဝင်းမာ' က နှုတ်ခမ်းစူရင်း...

"အောင်မာ... သူများကို စွာတယ် စွာတယ်နဲ့ မခံနိုင်လွန်းတဲ့ အချိန်ကျမှ စွာတာပါနော်... စိတ်ချ ကျေးဇူးရှင် အစ်ကိုကြီးမျက်နှာကို ထောက်ပြီး 'ဝင်းမာ' ရန်ဖြစ်ချင်ရင်တောင်


www.burmeseclassic.com

www.burmeseclassic.com



အောင့်ထားမယ်"

ညရေးညတာသုံးဖို့ ဓါတ်ဗူး၊ ဖန်ခွက်၊ မတ်ခွက်၊ ပန်းကန်၊ ဖွန်းနှင့် ရေနွေးဂေါက်တို့ကို လှပစွာချိတ်ဆွဲပေးနေသော 'မိမိလွင်' ကလည်း…

"ငါတို့တွေ ရန်လုပ်တာကနည်းနည်း သူက ပုံကြီးချဲ့ပြီး ဂုံးချောချင်ချောမှာ… 'ကိုအေး' နဲ့ ငါတို့ကို စိတ်ဝမ်းကွဲအောင် တမင်လုပ်ချင်လုပ်မှာ… သူ ဘယ်လိုပဲသွေးခွဲ သွေးခွဲ ငါတို့ သည်းခံနေရင် သူ ဘာတတ်နိုင်မှာလဲ မဟုတ်ဘူးလား"

ကိုယ့်စိတ်နှင့်နှိုင်းပြီး ပြောနေသော 'မိမိလွင့်' စကားကို ခေါင်းမညိတ်ချင်သော်လည်း ယခုအချိန်တွင် စည်းရုံးရေးက အဓိကဖြစ်နေ၍ ခေါင်းညိတ်လိုက်မိသည်။

ရယ်တော့ ရယ်ချင်သည်။

လူလည်ကျချင်သော ရွှေယောင်းမ 'မီလွင်' တစ်ယောက် သူ့သူငယ်ချင်းကို ကိုယ့်အိမ်ပေါ်ခေါ်တင်ပြီး မိမိတို့မိသားစုကို နှိပ်ကွပ်ဖို့ကြိုးစားရာမှ သူ့ကိုလူလည်ကျသွားသဖြင့် အခံရခက် နေသလို၊ သူ့ ထက်ဆိုးသည့် အမျိုးသမီးရောက်လာမှာဆိုတော့ စစ်ကူလိုနေပြီလေ။

အကယ်၍ ပြဿနာအကြီးအကျယ် တက်လာခဲ့လျှင်





မိသားစုအရင်းဖြစ်သည့် 'ဝင်းမာ' ကို သူ့လူလုပ်ထားချင်ပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com

"တော်ပြီကွာ ကိုကို့အိမ်ကို မလိုက်တော့ဘူး… ဟိုနေ့က ကိုကို့မားသားကြီးက ခေါ်မလာဖို့ ပြောနေတယ်မဟုတ်လား… မိဘတွေဆီ ပြန်အပ်နိုင်းတယ် မဟုတ်လား"

ကလေးတစ်ယောက် ဂျီကျသလို၊ နှုတ်ခမ်းကို ချွန်နေအောင်စူပြီး မျက်စောင်းထိုးလိုက်၊ ရင်ပတ်ကိုထုလိုက်၊ နှာခေါင်းကိုဆွဲလိမ်လိုက်၊ ငိုသံလိုလို ညည်းညူသံလိုလို ချွဲချွဲပြစ်ပြစ် ပြောနေခြင်းဖြစ်သည်။

သူမ၏ လက်သီးဆုပ်များကို ဖမ်းချုပ်ကိုင်ရင်း ညူ[illegible]တု





လုပ်နေသော သူမ၏ အကြည့်ဒဏ်ကိုမခံနိုင်သဖြင့် ရင်ခွင်ထဲဆွဲသွင်းပြီး ရှိသမျှခွန်အားဖြင့် ဖြစ်ညှစ်ထားရင်း ပူပူနွေးနွေးချစ်သူ၏နီးမယားလေးအား မရည်တွက်နိုင်သော အနမ်းမိုးများ ရွာသွန်းနေချိန်ဖြစ်ပါသည်။

'ကေသရီ' နှင့် တွေ့ပြီးချိန်မှစ၍ 'ခင်မောင်အေး' ၏ အသိစိတ်အာရုံထဲတွင် ရန်ကုန်တွင် ကျန်ရစ်ခဲ့သည့် ဆွေမျိုးရင်းခြာအားလုံးကို မေ့ပျောက်ကာနေသည်။

ယခင်က အိမ်မှကားထွက်လျှင် နောက်ကြည့်မှန်ထဲမှာကြည့်ရင်းကျန်ရစ်ခဲ့သည့် လေဖြတ်ထားသည့် ဒုက္ခိတဖခင်ကြီး၏ ပုံသဏ္ဍာန်သည် နောက်ကြည့်မှန်မှတစ်ဆင့် မိမိမျက်ဝန်းထဲတွင် နာရီဝက်ခန့်လောက်အထိ ဆွဲထင်နေတတ်သည်။

ကလေးတွေ ကျောင်းပိတ်ရက်နှင့် ခရီးထွက်ချိန်ဆိုလျှင် မိမိ၏နောက်ကို လိုက်ချင်ကြသဖြင့် ဂျစ်တိုက်ငိုယိုနေကြသော သူ့တူမလေးယောက်ကို စိတ်ကျေနပ်သည်အထိ ချော့ရသည်မှာ နာရီပေါင်းများစွာကြာသည်။ တစ်ခါတလေ နောက်တစ်နေ့မှ သွားရမည်ဟု အချိန်ဆွဲအမိန့်ပေးတတ်ကြသဖြင့် သူတို့ကျေနပ်အောင် နေပေးရသည်။

သူတို့လိုချင်တာတွေကို လမ်းထိပ်စတိုးဆိုင်တွင် ခဏ



www.burmeseclassic.com

www.burmeseclassic.com



ခဏာ ထွက်ဝယ်ပေးတတ်သဖြင့် ရပ်ကွက်ထဲက လူတွေပင် တူ၊ တူမများအပေါ် ချစ်နိုင်လွန်းသူ အလိုလိုက်သူအဖြစ် မှတ်တမ်းအတင်ခံရသူ ဖြစ်သည်။

ခါတိုင်း အခေါက်တွေ အိမ်ပြန်လျှင် အမြို့မြို့အနယ်နယ်ကို ဖြတ်ရတိုင်း၊ အဖေနှင့်အမေအတွက် စားဖို့ဝယ်ရ၊ ညီနှင့်နှမအတွက် ဝတ်ဖို့ဝယ်ရ၊ တူ၊တူမတွေအတွက် ဆော့ဖို့စားဖို့ဝတ်ဖို့စုံနေအောင် ဝယ်ပြီး ကားခေါင်မိုးပေါ်တွင် တင်လာတတ်သူ။

ယခုတော့...

"ကိုကိုး လို့ဆိုနေ"

"ဗျာ..."

"နက်ဖြန်ပြန်မှာနော်... လိုက်ပို့မပေးရင် တစ်ယောက်တည်း ပြန်မှာ"

"အရမ်းပြန်ချင်နေရင်လည်း ပြန်ပို့ပေးပါ့မယ်... ဒါပေမဲ့ ကိုယ်က အပျိုမှမဟုတ်တော့တာ... နေရစ်ခဲ့လို့တော့ ဘယ်ဖြစ်ပါ့မလဲ"

"'ကေ့' ကိုချစ်ရင် 'ကေ့' ဆီမှာပဲလာနေပေါ့... 'ကေ့' ဆီမှာပဲ မင်္ဂလာပွဲလုပ်လိုက်ပေါ့... တောတောင်ထဲမှာနေလို့ ဆိုး





ဆေးလွန်းလို့ ကိုကို့ဆွေမျိုးသားချင်းတွေ လိုက်မလာရင်လည်း နေပစေ... 'ကေ' ချစ်တာ ကိုကိုပဲ... ကိုကို ရှိရင်ပြီးပြီ"

"သိပါတယ်ကွာ... ချစ်လို့သာ မခွဲချင်လို့ သူများအပြောအဆို အကဲ့အရဲ့ခံပြီး ကိုကို့နောက်ကို ကောက်ကောက်ပါအောင်လိုက်ခဲ့တာပေါ့... 'ကေ' ပြောသလို 'ကေ' တို့ဆီမှာလိုက်နေချင်တာပေါ့... ဒါပေမဲ့ ကိုကို့မှာက-ဒုက္ခိတအဖေကိုပစ်ထားလို့မရဘူးလေ"

"ကိုကိုတို့ခြံထဲမှာ ညီနဲ့နှမစုံတွဲလည်း ရှိတယ်ဆို... အမေလည်း ရှိတယ်ဆို... ခါတိုင်းလည်း သူတို့နဲ့ပဲထားပြီး ကိုကို ခရီးထွက်နေတာပဲ မဟုတ်လား... ရန်ကုန်မှာတစ်လကို လေးငါးရက်လောက်ပဲ နေရတာဆို... သူတို့နဲ့တွေ့ချင်ရင် တစ်လတစ်ခေါက် လေးငါးရက်လောက် သွား၊သွားတွေ့ပေါ့"

အသက်ကြွာသူကို ချစ်မိသော၊ 'ခင်မောင်အေး' တစ်ယောက် တစ်ပတ်မပြည့်ခင်၊ ချော့ရတာ၊ အလိုလိုက်ရတာကို ဆာလို့မောမှန်းပင်မသိတော့ပါ။ ဟိုတယ်တွင်တည်းပြီး အနားသူနေခြင်းဖြစ်၍ မိုးလင်း၊ကမိုးချုပ် ဂျီကျနေသော အနိုင်ကျင့်နေသော၊ ခွဲနေသော၊ မူနေ သော၊ စိတ်ကောက်နေသော ပူပူနွေးနွေးချစ်ဇနီးကို ချော့ရတာကိုပင် အရသာဟု ထင်နေသူဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သည်။

“ ‘ကလေး’ ဆိုးချင်သလောက်ဆိုး… ကိုကို ချော့မှာပါ ဗျာ… ဒါပေမဲ့ ကိုကို ရန်ကုန်မှာနေမှဖြစ်မှာ… ကားသုံးစီး အတွက် ကိုကိုပဲ တာဝန်ယူထားတာ… ကုန်ရှာရတာ ငွေကိုင်ရ တာ”

“ဒါ လူပျိုလူလွတ်ဘဝတုန်းကလေ ကိုကိုရာ… ကိုကိုက သာ အခုချိန်ထိ အိမ်ထောင်ဦးစီးလုပ်ပြီး အရင်ကလို တာဝန်ယူ ချင်နေပေမယ့် ကိုကို့မိသားစုက အရင်ကလို ပုံအပ်ထားမယ် ထင်သေးလို့လား မယုံကြည့်နေ… စီးပွားခွဲချင်တဲ့အကြောင်း ပြောလိမ့်မယ်”

‘ခင်မောင်အေး’ က ခေါင်းကိုခါယမ်းရင်း…

“ကိုကိုတော့ အဲ့သလိုမထင်ပါဘူးကွာ… တကယ်လို့ သူတို့က အတင်းအကြပ် တောင်းဆိုလာရင်တော့ သူတို့စိတ် တိုင်းကျလုပ်ပေးခဲ့မှာပါ… ကိုကိုက ယောက်ျားပါ… လက်ဖွေ ခြေတွေ ခန္ဓာကိုယ်ကြီး ကောင်းနေသ၍ အလုပ်ကောင်းကောင်း လုပ်နိုင်ပါတယ်… ကိုယ့်လို လူကို ကားအပ်ပြီး အလုပ်ခန့်ချင် တဲ့ အလုပ်ရှင်တွေ ထစ်ပုံကြီးပါ… ကိုယ်ယူထားတဲ့ မိန်းမကို ကောင်းကောင်းရှာကျွေးနိုင်ပါတယ်…





သူတို့က စီးပွားခွဲချင်ပါတယ်… အိမ်ခွဲချင်ပါတယ်ပြော ရင် ‘ကော့’ စကားကိုနားထောင်ပြီး ဆံထုံးနောက်ပါယောင်ပါယုံ့ပဲ ပေါ့… ကိုယ်ကတော့ ဘယ်တော့မှစပြီး ခွဲမထွက်ချင်ဘူး”

သိန်းနှစ်ရာကျော်တန် ကားကြီးကိုမက်ပြီး ကုတ်ကတ် လိုက်နေသူ ‘ကေသရီ’ တစ်ယောက်၊ ‘ခင်မောင်အေး’ က လက် ကြီးပဲ ဆွင်းခဲမည့် သဘောပြောနေသဖြင့် စိတ်ထဲတွင် ဒေါသူ မုန်ထံသွားပါသည်။ သို့သော် ဘာမျှမဖြစ်သလို ခပ်ပြုံးပြုံးလုပ် ရင်း…

“ကိုကို အရှာအဖွေကောင်းမှ ဖြစ်မှာ… ‘ကေသရီ’ က ငယ်ငယ်တည်းက ကောင်းကောင်းစားတာ ကောင်းကောင်း ဝတ်တာ… ကောင်းကောင်းနေချင်တာ… အိမ်က ‘ကေသရီ့’ အတွက် တစ်လတစ်သိန်း ပို့ပေးနေတာ… ငါးသောင်းက ‘ဒေါ် ခင်အေးမြင့်’ တို့ကိုပေးရတာ… ငါးသောင်းက ‘ကေသရီ့’ အတွက် လင်ရပြီးရင်တော့ ကိုယ့်လက်ထဲ အနည်းဆုံး စားပြီး သောက်ပြီး နှစ်သိန်းလောက်အပ်မှဖြစ်မှာ… ဘယ်လိုလဲ အပ်မှာ လား”

“အဲ့သလောက်လိုချင်ရင်တော့ ရန်ကုန်မှာပဲလိုက်နေ ပေါ့… အိမ်က ကားသုံးစီးကို ခါတိုင်းလိုပဲ ဆက်အုပ်ချုပ်ရင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်... အားလုံးက အစုံတူစားကြတာပဲ... စားစရိတ်မှ မကုန်တာ... တစ်ခုတော့ ရှိတယ်... 'ကေ့' ကို နှစ်သိန်းပေးတယ်လို့ ကိုယ့်အိမ်က မသိစေနဲ့ ငါးသောင်းပဲ ရတာယ်လို့ ပြော"

"ဟင် ဘာဖြစ်လို့လဲ... ကိုယ့်ယောကျ်ားက ကိုယ့်ကိုပေးတာတောင် အမှန်အတိုင်း မပြောရဘူးလားလို့... ရှာတာကလည်း ကိုယ့်ယောကျ်ားရှာတဲ့ ဥစ္စာ... ဘယ်လိုကြီးလဲ"

ကလေးတစ်ယောက်လို ငိုသံကြီးနှင့် မဲ့မဲ့ရွဲ့ရွဲ့ ပြောနေခြင်းဖြစ်သည်။

"နားထောင်ဦး... အိမ်မှာက ရှာသမျှ မေမေ့ကိုအပ်ရတာ... မေမေပဲ အရင်တည်းက ငွေကိုင်တာ... ဒီကားလုပ်ငန်းစခဲ့တာလည်း ဖေဖေနဲ့ မေမေပဲလေ မေမေ့ကို အားလုံး ကြောက်ကြရတယ်... ကိုကို့ကိုချစ်ရင် ကိုကို့စကားနားထောင်ရမယ်လေ... 'ကေ' လိုချင် တဲ့ငွေကို ကိုကို ပေးရင်ပြီးတာပဲ"

"ငါးသောင်းပဲ အသိခံရမှာဆိုတော့ ငါးသောင်းပဲ သုံးပိုင်ခွင့်ရှိသလို ဖြစ်မနေဘူးလား... 'ကေ' က အဲ့ဒီနှစ်သိန်းထဲက အဝတ်အစား ဖိနပ် လက်ကိုင်အိတ် အလှပြင်ပစ္စည်း အိမ်သုံးပစ္စည်းဝယ်ချင်တာ ငါးသောင်းထက် ပိုသုံးစွဲထားတာမြင်ရင်





သူတို့က သိမှာပေါ့လို့"

"ဪ 'ကေ့' အိမ်က ပါလာတယ်ပြောပေါ့... အိမ်က ပို့ပေးတယ်ပြောပေါ့"

"ဟာ 'ကေ' မညာချင်ဘူးကွာ... အဲ့လိုမျိုးကြီး ကြောက်နေရမှာလား... သိပ်စိတ်ညစ်တာပဲ"

'ကေ့' ထက် ပိုပြီး စိတ်ညစ်ရသူက 'ခင်မောင်အေး' ပါပဲ။ ဒါမျိုး ခုမှ ကြုံဖူးတာလေ။

တစ်မျိုးချော့ပြီးရင် နောက်တစ်မျိုး ထပ်ချော့ရနှင့် လုံးခြာလိုက်နေသည်။

သူမ စိတ်ကောက်ပြီး စကားမပြောဘဲနေလျှင်လည်း မိမိမှာ စိတ်ဆင်းရဲပြီး မနေတတ်။ မျက်နှာကို ရှုပုတ်ထားလျှင်လည်း ဘာအလိုမကျ၍ဆိုတာ သိချင်ပြီး ချော့ရပြန်ရော။

"ဒါဆို ကိုကို က ရှာကျွေးပေမယ့် အမေကိုကြောက်ရတာပေါ့ ပြီးတော့ အိမ်ကို အကုန်အပ်တာပဲပေါ့"

"ဟုတ်တယ်... အဲ့ဒါက ငယ်ငယ်တည်းက လုပ်ခဲ့တဲ့စည်းကမ်းပဲလေ... လမ်းမှာ ဘာဝယ်သွားသွား စာရင်းမှတ်ပြီး အိမ်မှာကားခ အကုန်အပ်တဲ့ အချိန်ကျရင် နှုတ်လိုက်တာပဲ"

"ဟင် ဒီလောက် သက်စွန့်ဆံဖျား ပင်ပင်ပန်းပန်း ကား



www.burmeseclassic.com

www.burmeseclassic.com



မောင်းနေရတဲ့ ကိုကို ကို ဘာမှပေးမသုံးဘူးလား"

"ကိုကို့ကိုက သုံးစရာမရှိတာ... အဝတ်အစား ဖိနပ် ဆပ်ပြာကအစ ဘာမှလိုလေသေး မရှိအောင် မေမေပဲ ဝယ်ပေးတာလေ... လမ်းမှာကွမ်းစားဖို့ လက်ဘက်ရည်သောက်ဖို့လောက်ပဲ ကားထွက်ခါနီး နှစ်ထောင်လောက်တောင်းတာ... လမ်းဂိတ်ကြေးပေးဖို့တို့ဘာတို့ကိုတော့ နှစ်သောင်းလောက် ဆောင်သွားတာပေါ့"

မိမိ ယူမိသော ယောက်ျားသည် ငတုံးအကြီး ပုံစံဖြင့် 'ကေသရီ' တစ်ယောက် ရှုံ့မဲ့ပြီး ကြည့်နေမိပါတော့သည်။







## ၅

တစ်ရပ်ကွက်လုံးကလည်း စိတ်ဝင်စားကြပါသည်။

ချစ်ဖို့၊ အိမ်ထောင်ပြုဖို့ မေ့လျော့နေသော၊ အိပ်အကျနေသော လူပျိုကြီးကို တိုင်မှာကြိုးချည်သလို ချည်ထားနိုင်သူ 'ကေသရီ' ဆိုသူ မိန်းကလေးသည် ရပ်ရည်ချောသည်ဆိုတာ အားလုံးသိပြီးသား။

"ဟိတ် 'ကဲကဲ' နဲ့ 'သဲသဲ' နင်တို့တော့ လာဘ်ပိတ်သွားပြီနော့ နင်တို့ဘကြီးက နင်တို့ကို ချစ်မှာမဟုတ်တော့ဘူး...



www.burmeseclassic.com

www.burmeseclassic.com



ချိမှာမဟုတ်တော့ဘူး... မုန့်ဝယ်ပေးမှာ မဟုတ်တော့ဘူး—
အရုပ်ဝယ်ပေးမှာ မဟုတ်တော့ဘူး" အေ

ကလေးတွေ အပြင်ကပြန်လာ၍ ငိုငိုပြီးပြန်လာတာကြ
ပါပဲ။ ကလေးတွေ အာပြလန်အောင်သွန်းခ်ငိုတတ်မှန်းသိလျှ
နှင့် ဒီလူတွေ ဘာကြောင့် သည်လောက် စနောက်နေကြ
လိမ့်။

ပြီးတော့ ကလေးတွေ ဝမ်းနည်းပြီး ဘကြီး၏ မေတ္တာ
မရရှိနိုင်တော့ဘူးလားဟု တွေးကာ ဆွေးနေတာရော သူတို့
လို့လား။

"မငိုနဲ့ မငိုနဲ့... ဒါ ငိုစရာမဟုတ်ဘူး... ဘကြီး ပြန်လာ
လို့ နင်တို့ကို အရင်ကလို မချစ်တော့ဘူး မချိတော့ဘူးဆို
လည်း နေပါစေ... နင်တို့မှာ ချစ်မယ့် အဖေရင်း အမေရင်းတွေ
ရှိတယ်"

'ဝင်းမာ' ထိုသို့ပြောသလို၊ 'မိမိလွင်' ကလည်း ပြော
တတ်သည်။

"အင်း မီးတို့ကတော့ ဘဘကြီး ကို ချစ်မှာပဲ... အီး
ဟီး ဟီး ဘဘကြီး က မီးတို့ကို ဘာလို့မချစ်တော့တာလဲ"

"ဟာ အလုပ်ရှုပ်ရတဲ့ကြား ဒီကလေး ငါ ပိတ်အုပ်မိတော့





မယ်"

ယနေ့ညနေဘက် အစ်ကိုကြီးနှင့် ဇနီးလောင်းတို့ ပြန်ရောက်မည်ဖြစ်၍ အားလုံးအလုပ်ရှုပ်နေကြသည်။

မိမိတို့ အလုပ်ရှုပ်ရသည့်ကြားထဲ လမ်းထိပ်မထွက်လိုက်နှင့် ထွက်လိုက်သည်နှင့် မေးကြပြီ၊ စုံစမ်းကြပြီ။

ဘယ်တော့ ဧည့်ခံပွဲလုပ်မည်ဆိုတာမျိုး။

စိတ်ထဲက မပါသော်လည်း အစ်ကိုကြီးတို့စုံတွဲလာလျှင် ဝမ်းသာအားရ အပြေးလေးကြိုမည်ဟု စိတ်ကူးထားပါသည်။

"ဟာ ကားဆရာ... ဟို ဆိုင်ရှေ့မှာ ရပ်လိုက်စမ်းပါ"

လမ်းထိပ်ရောက်မှ 'ခင်မောင်အေး' ပြာယီပြာယာ ထအော်မိသည်။

အိမ်က တူ၊တူမ လေးယောက်အတွက် ဘာလက်ဆောင်မှ မဝယ်ခဲ့ရသေးပါလား။ အမေတို့ အမေတို့အတွက် 'ဝင်းမာ' တို့အတွက် ... "

"ဟာ မဖြစ်ပါဘူး... မြို့ထဲကို ခဏပြန်ပတ်မောင်းပေးစမ်းပါဗျာ"

မိမိကို အတိတ်မေ့သူလို 'ကေသရီ' က ညှို့ယူဖမ်းစားထားသောကြောင့် မိမိ အလွန်ချစ်မြတ်နိုးခဲ့ရသော သံယော



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ထားခဲ့ရသော သူများကို အမေ့ကြီး မေ့ထားခဲ့မိပါရောလား။

တူ့,တူမလေးတွေ မိမိကို မျှော်နေကြရောပေါ့၊ လွမ်းနေကြရောပေါ့။

ယခုမှ အတိတ်ကို ပြန်သတိရပြီး နှုတ်ခမ်းတွေ ခြောက်သလိုဖြစ်လာသည်။

"ကိုကိုက အိမ်နားရောက်ခါနီးပြီဆိုမှ ဘာလို့ မြို့ထဲပြန်မောင်းခိုင်းနေရတာလဲကွာ… 'ကေ' အပေါ့သွားချင်နေပြီ"

"ရတယ် ရတယ်… ဆိုင်မှာ သွားလို့ရတယ်"

"သိပ်ခက်တာပဲကွာ… သူများ အရမ်းပင်ပန်းလို့ နားချင်နေတဲ့ ဟာ… မြို့ထဲဘာသွားလုပ်ဦးမှာလဲ"

"ခါတိုင်း အိမ်ပြန်ရောက်ရင် ကလေးတွေကို လက်ဆောင်ပေးနေကြလေ ဒီတစ်ခေါက် အကြာကြီးလည်း ပျောက်နေသေးတယ် ဘာမှလည်း ဝယ်မလာဘူးဆိုရင် ဒီကောင်တွေ စိတ်ကောက်ပြီး ခေါ်မှာတောင် မဟုတ်တော့ဘူး"

"ပြောလိုက်ပေါ့… အခု အရင်ကလို မဟုတ်တော့ဘူး… မိန်းမရသွားပြီ… မိန်းမကို ပိုက်ဆံပေးလိုက်ရလို့ ဝယ်စရာပိုက်ဆံမရှိတော့ဘူးလို့… နောက်ဆိုရင်လည်း ပြန်လာရင် ဘာမှ ဝယ်မလာတော့ဘူးလို့"





"ဟာ ဒီလိုတော့ ဘယ်ပြောလို့ဖြစ်မှာလဲ… အမြဲ ဝယ်ပေးနေကျဖြစ်နေပြီ… စိတ်မကောင်းဖြစ်ကုန်မှာပေါ့"

'ကေသရီ' တစ်ယောက် မြို့လယ်ခေါင်က 'စီးတီးမတ်' လို ပစ္စည်းစုံပြီး ခမ်းခမ်းနားနား နေရာမျိုးကိုရောက်နေ ဘာတောင် မအံ့ဩနိုင်၊ မကျေနပ်နိုင်၊ မထူးဆန်းနိုင်ပါ။

အကြောင်းကတော့ ခင်ပွန်းသည်က ငါးထောင်တန် အရုပ်ကြီးလေးရုပ်ကို ဝယ်လိုက်သောကြောင့်။ ဖခင်အတွက် သက်သဲညှပ်၊ မျက်နှာသုတ်ပုဝါ၊ မိခင်အတွက် ပါတိတ်၊ နှမအတွက် ညီအတွက်တွေ ဝယ်နေသဖြင့်…

"ကားတစ်ခေါက် ပြန်လာတိုင်း ခုလို ဝယ်ပေးနေတာပဲလား"

"ဟုတ်တယ်လေ ဒီတစ်ခေါက်တော့ မိန်းမတစ်ယောက်အပိုင်ရလာလို့ အားလုံးကိုဖားပြီး ကောင်းကောင်းလေး ဝယ်ပေးလိုက်တာ"

"ဒါဆို ကိုကို့စကားက မိန်းမယူလာလို့ အိမ်သားတွေ မကျေနပ်မှာစိုးလို့ ဖားနေတယ်လို့ ဆိုလိုတာပေါ့ ဟုတ်လား"

"ဒီလိုလဲ မဟုတ်ဘူးလေ… ဒီလို ဝယ်ပေးလိုက်တော့ တို့ဘဘကြီး မိန်းမက သဘောကောင်းတယ်ပေါ့ ငါတို့အတွ



www.burmeseclassic.com

www.burmeseclassic.com



တော့ သိပ်ကံကောင်းတယ်လို့ ထင်ပြီး ပျော်ကုန်ကြမှာလေ"

'ကေသရီ' က ပုပ်ခွက်နေသောမျက်နှာဖြင့် ...

"ကဲ နောက်အခေါက်တွေပါ ဝယ်ခိုင်းနေရင်ကော... မိန်း မကိုကျတော့ ကိုယ်ရှာတဲ့ငွေထဲက နှစ်သိန်းပေးပါတယ်ဆိုတာ မပြောဝံ့ဘူး... ဒီကလေးတွေအတွက်ကျတော့ ဘယ်လောက် ဝယ်ဝယ် အသိခံဝံ့တယ်ဆိုတော့ ဒီကလေးတွေရဲ့ ပါဝါကလဲ ဒီအိမ်မှာ မသေးဘူးဆိုတဲ့ သဘောပေါ့ဟုတ်လား"

"ဒါပေါ့... သူတို့က ဘုရင် ဘုရင်မတွေပဲ... မြေးဦးရို့ မြေးလယ်မို့ မြေးထွေးမို့နဲ့ အကုန်လုံးက ဝိုင်းချစ်နေကြတာ... ကိုယ်တို့ ကလေးရရင်လည်း မြေးနှောင်းလေးဆိုပြီး ချစ်ကြဦး မှာပဲ"

မိမိက စိတ်ဆိုးလို့ ပြောနေသည်ကို မသိချင်ဟန်ဆောင် ပြီး ရယ်စရာလုပ်နေတာလား။ ဒါမှမဟုတ် တကယ် မသိတာ လား။ မိမိ ၏ မကျေနပ်မှု၊ အုပုပ်မှုကို မသိချင်ဟန်ဆောင်ပြီး နောင်လည်း ပြောင်ချော်ချော် ပေါချာချာလုပ်ပြီး သူ ထင်သလို ပေးကမ်းနေဦးမှာလား။

စိတ်ပျက်လွန်းသဖြင့် စူပုတ်ပြီး ကားပေါ်ပြန်တက်ထိုင် နေမိသည်။ အိမ်နားရောက်သည်အထိ 'ကေသရီ့' မျက်နှာက





တော်ထန်သဖြင့်...

"ဟေး မျက်နှာကြီးကို ဘယ်လိုလုပ်ထားတာလဲ... ကိုယ် ယူလာတုန်းက နတ်သမီးလို ချောချောလေးပါ... အခု ပုံစံကြီး က နိုင်ငံခြားကာတွန်းကားထဲက စုန်းမကြီးနဲ့ တူနေသလိုပါ ပဲ... ဒုက္ခပါပဲ... ရပ်ကွက်ထဲက လူတွေကတော့ ချောချောလေး ယူလာတယ်ထင်ပြီး ထွက်ကြည့်နေကြမှာပဲ... ဟော ဟိုမှာတွေ့ သား... အိမ်တိုင်း အိမ်တိုင်းရှေ့မှာ လမ်းမကိုထွက်ကြည့်နေကြ တယ် တွေ့လား"

ဘာကြောင့် ထွက်နေမှန်းမသိသော်လည်း၊ ထွက်ရပ်နေ သူတွေ အိမ်တိုင်းရှေ့မှာ ရှိပါသည်။

" 'ခင်မောင်အေး' ကို ဒီလမ်းထဲမှာ အားကိုးချင်တဲ့ ကောင်မလေး ချောချောလေးတွေ ရှိပြီးသားပေမယ့် 'ကေသရီ့' ကိုပိုချောလို့ ယူလာခဲ့တယ်ဆိုတာ သူတို့သဘောပေါက်ကြမှာ ပါ... ဒါပေမယ့် 'ကေ' က မျက်မှောင်ကြီး ကြုတ်ပြီး နှုတ်ခမ်း ကြီးစူစူထားရင် မလှတော့ဘူး... ကိုယ်တောင် ကြောက်သွား တယ်"

ကားဆရာက ယူကာစ ဇနီးမောင်နှံ၏ လွန်ဆွဲမှုကို မြင်နေ ကြားနေရသဖြင့် ရပ်ချောပြီး စိတ်ပုပ်ရှိသော ဇနီးမနှင့်၊



www.burmeseclassic.com

www.burmeseclassic.com



မိန်းမကို ခွင့်လွှတ်ပြီး မညာပေးတတ်သူယောက်ျားဟု တွေးနေမိသည်။

"ဟိုး ဆရာ ဟိုး... အိုကေ ရပြီ ရပြီ... ကားဆရာအိမ်ထဲဝင်ထိုင်ပြီး အအေးသောက်ဦးမလား"

"တော်ပြီ ခင်ဗျ... ကျေးဇူးတင်ပါတယ်"

"ဒါဆိုရင် အချိန်ပိုသုံးတဲ့အတွက် ဘယ်လောက်ထပ်ပေးရမလဲ"

"ရပါတယ်... ကြိုက်သလောက်ပေးပါ"

နှစ်ဆပေးလိုက်ပါသည်။ တစ်ထောင်နှင့် ငှားလာသော်လည်း မြို့ထဲတစ်ပတ် ပြန်ကွေ့ရသည် မဟုတ်လား။ ကားဆရာက ဆလံပေးပြီး ပစ္စည်းတွေဝိုင်းချပေးသည်။

"ဘဘကြီး တို့လာပြီဟေ့... 'ကဲကဲ' ရေ 'သဲသဲ' ရေ"

ကလေးတွေအသံက ညံသွားသည်။ အပြေးအလွှား လာကြိုကြသည်။ 'မီလွင်' နှင့် 'ဝင်းမာ' လည်း ယောင်းမကိုင်လျှက်ပြေးထွက်လာသူက လာသလို ကြက်မွေးကိုင်၍ ပြေးထွက်လာသူကလာသည်။

"ဘဘကြီး က မီးတို့ကို ချစ်တော့ဘူးဆို"

အငယ်ဆုံး 'သဲသဲ' က စကားအလွန်တတ်သလို၊ အလွန်





သည်း ချွဲတတ်သူဖြစ်၍ ဖောင်းနေသော ပါးကလေးတုန်သွားအောင် နှုတ်ခမ်းကို ငှက်ပေါက်စလိုချွန်ပြီး ခေါ်ကိုဆောင့်၍ မေးနေခြင်းဖြစ်သည်။

"အောင်မယ်လေးဗျာ... ဘာဖြစ်လို့ မချစ်ရမှာလဲ... ချစ်တာပေါ့... သိပ်ချစ်တာပေါ့ လာပါဦး လာပါဦး"

'ကဲကဲ' နှင့် 'သဲသဲ' ကို တစ်ဖက်စီ ပွေ့ချီပြီး တရွှတ်ရွှတ်နမ်းရှုံ့ပြီးနောက် အောက်သို့ပြန်ချပြီး အကြီးနှစ်ကောင်ကို နမ်းဖို့လှမ်းသောအခါ အငယ်နှစ်ယောက်က မဆင်းဘဲ တွယ်ကပ်ထားကြသဖြင့် အကြီးနှစ်ကောင်က ဆွဲချနေကြသည်။

'ဒေါ်ကြည်မာ' က မီးဖိုထဲမှထွက်လာရင်း ချွေးမကို အကဲခတ်သည်။ ကလေးတွေနှင့် သားကြီး လုံးထွေးနေသည်ကို ဟန်လုပ်၍ ပြုံးကြည့်နေမှန်း သိသာပါသည်။ သူမ မျက်လုံးကအားပေါက်ဆင်းကတည်းက တစ်ခြံလုံးတစ်အိမ်လုံးကို ဝေ့ဝိုက်၍ကြည့်ပြီးပါပြီ။

အိမ်ထဲက ထွက်ကြိုသော 'ဝင်းမာ' နှင့် 'မီလွင်' တို့ကသည်း ဟန်လုပ်၍ပြုံးပြီး ကြိုနေမှန်းသိပါသည်။

"ပေး ပေး... 'ဝင်းမာ' တို့သယ်ပေးမယ်... 'ကိုကြီး' တို့အဖေ့ ဆီ သွားနှုတ်ဆက်လိုက်အုံး"



www.burmeseclassic.com

www.burmeseclassic.com


"အေး အေး"

ကလေးနှစ်ယောက်မွေ့ရင်း ဖခင်ကြီးရှိရာ ခြေလှမ်းကျဲများဖြင့် ရောက်သွားခဲ့သည်။

"ဖေဖေ နေကောင်းတယ်နော်"

'ခင်မောင်အေး' အသံတွေက သိသိသာသာ တုန်နေပါသည်။

ဖခင်ဖြစ်သူကတော့ ခါတိုင်းလိုပင် သူ၏ ဆံပင်များကို လက်တစ်ဖက်ဖြင့် ပွတ်သပ်ရင်း၊ ခပ်ပြုံးပြုံး ခေါင်းညိတ်ပြသည်။ မျက်လုံးတစ်ဖက်ပြူးထွက်သလို ဖြစ်နေသည့်ကြားက လျှာလိမ်၍ သွားရည် ကျနေသည့်ကြားက ခပ်ပြုံးပြုံးခေါင်းညိတ်ပြရင်း ချွေးမအသစ်ကို သူ့ရှေ့မှ ခုံတွင်ထိုင်ခိုင်းနေသေးသည်။

'ခင်မောင်အေး' က ဖခင်၏လည်ပင်းတွင် ဂျိတ်နှင့်ဆွဲချိတ်ထားသော လက်ကိုင်ပုဝါဖြင့် လျှာရည်များကို သုတ်ပေးနေသည်။ ထိုပုံစံကို 'ကေသရီ' က အံ့ဩရှုံ့ရှာသလို ကြည့်နေပါသည်။

'ကေသရီ့' အတွင်းစိတ်ကို အဖိုးကြီးကို အဖွားကြီးကောရိုပ်မိလိုက်ပါသည်။ အေးပေါ့လေ။ ကိုယ့်မိဘအရင်းကိုတွေ့ချင်သည်လိုပုံစံမျိုးနှင့်တွေ့လျှင် ကိုယ်ဖိရင်ဖိ ပြုစုချင်သူက နည်းသည် မဟုတ်လား။

'မီလွင်' လည်း ယောက္ခထီးကို ဟန်ဆောင်ကြင်နာတတ်မှန်း ရှုံ့ရှာမှန်းသိကြပါသည်။ သူ့မိဘမှ မဟုတ်တာဘဲလေ။

"ကျွန်တော်နဲ့ 'ကေသရီ' ကတော့ နတ်ရေးတဲ့ဖူးစာပဲပေါ့ မေမေရယ်... 'ခင်အေးမြင့်' စောင်မလို့ ထောင်ကျတာမဟုတ်ဘူး... အိမ်ထောင်ကျတာလေ... ကဲ ကဲ လာ 'ကေသရီ'... ဖေဖေနဲ့ မေမေကို ကန်တော့ရအောင်... ပြော်ဘ် ကန်တော့ဖို့ ဝယ်လာတဲ့ ပစ္စည်းတွေ သွားယူလိုက်ဦးမယ်... 'ကေ' ဒီမှာပဲ ထိုင်စောင့်နေတော့"

'ခင်မောင်အေး' က သူ့အခန်းဆီ ထွက်ခဲ့ပါသည်။

"ဟား တယ်မိုက်ပါလားဟေ့... ငါ့အခန်းကို မှတ်တောင်မှတ်မိတော့ဘူး... ငါ့ညီမတွေက ဒီလိုတော့လည်း အားကိုးရသားပဲ"

'ဝင်းမာ' က မျက်လုံးပြူးကြီးဖြင့် စိုက်ကြည့်နေသဖြင့်...

"နှင့် ယောင်းမ မလှဘူးလား"

"လူလှဖို့ထက် စိတ်လှဖို့က အရေးကြီးတာ 'ကိုအေး' ရဲ့... 'ကိုအေး' အတွက် လှဖို့အရေးကြီးပေမယ့် ကျန်မိသားစု



www.burmeseclassic.com

www.burmeseclassic.com

အတွက်ကတော့ သူ စိတ်မလှရင် စိတ်ညစ်ကြရမှာ… သူ သဘောကောင်းရဲ့လား"

"သူများအသိုင်းအဝိုင်းကြားကို ခုမှ ရောက်ဖူးတာဆိုတော့ နည်းနည်းတော့ အားငယ်နေမှာပေါ့ဟာ… နေဝက်တော့လည်း နေသားကျသွားမှာပါ"

"'ကိုအေး' က မိန်းမဟာစ်ယောက်ကို မစုံစမ်းဘဲ ရုပ်ကလေးလှတာတစ်ခုနဲ့ ကောက်ယူခဲ့ပေမယ့် အိမ်မှာနေရင်း မစုံစမ်းဘဲ 'ကိုအေး' မိန်းမအကြောင်းတွေကို 'ဝင်းမာ' တို့အားလုံးက ကြိုသိထားပြီးကြပြီ သိရဲ့လား"

"ဟင် ဘာတွေသိထားလို့လဲ… ဘယ်သူ လာပြောလို့လဲ အမိပွါယ်မရှိတာ… နင်နော် ဟိုက ခုမှရောက်တာ… ပြဿနာမရှာနဲ့ တည့်အောင်ပေါင်း… နင် ယောကျ်ားယူတုန်းက ငါဘယ်လိုစေတနာ ထားခဲ့သလဲ နင် အသိဆုံး"

"စိတ်ချပါ 'ကိုအေး' ရာ… ကျေးဇူးမမေ့တတ်ပါဘူး… 'ကိုအေး' ကို အမိဖမ်းပြီး ယူလိုက်လို့ 'ကိုအေး' ယူလိုက်ရတယ်ဆိုတာ အားလုံးသိပါတယ်"

"ဟာ အဲ့ဒါမှားနေပြီ… ငါကိုယ်တိုင် မခွဲနိုင်လို့ ချက်ချင်းခေါ်ထုတ်ခဲ့တာ"





'မီလွင်' က 'ဝင်းမာ' ကို လှမ်းပုတ်ရင်း…

"'ဝင်းမာ' အဲ့ဒါတွေ ပြောမနေနဲ့တော့… 'ကိုအေး' လူကြီးတွေကို ကန့်တော့ဖို့ ပစ္စည်းလာယူတာ မဟုတ်လား… ဟို ဆိုဖာပေါ်မှာ ရှုတ်ရှုတ်အိတ်နဲ့ အထုပ်တွေတင်ထားပေးတယ်"

"အေး အေး ဟုတ်တယ်… အဲ့ဒါ လာယူတာ"

www.burmeseclassic.com

၈

မိခင်ဖြစ်သူ အရင်ကထက် ပိုစကားနည်းသွားတာကို ကြည့်ခြင်းအားဖြင့် မိမိကိစ္စအတွက် နှာတင်းနေမှန်းသိပါသည်။ မိခင်ကို ပိုကြောက်ရသူဖြစ်၍ လိုက်ရောနေမိသည်။

"သူ့မိဘတွေလည်း နောက်တစ်ပတ်လောက်နေရင် ရောက်လာမှာပဲ... သူတို့ကဈေးထဲမှာ ကုန်စုံဆိုင်ဖွင့်ထားတော့ ဖောက်သည်ပျက်မှာစိုးလို့ ကြာကြာနေဖြစ်မှာ မဟုတ်ဘူးထင်တယ်ဗ... ဒီမှာ သုံးလေးရက်လောက်ပဲ နေကြမှာ"





"အေးပေါ့... သူတို့တွေလည်း အဆင်ပြေအောင် ရက်ညှိပြီး သားကြိုက်တဲ့ နေရာမှာသာ ညှိခံပွဲလုပ်ပါ... အငယ်တွေတုန်းက ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား လုပ်ခဲ့တာဆိုတော့ သားကြီးကိုလည်း အဲ့ဒီထက်တော့ မညံ့စေချင်တာ အမှန်ပဲ"

"ခြံထဲမှာပဲ တော်ပါပြီ မေမေရာ... အငယ်တွေတုန်းက နှစ်ဖက်မိတ်ရှိတော့ လူစည်တာပေါ့... ကျွန်တော်တို့က ကျွန်တော်ကလည်း ကားသမားဆိုတော့ အရပ်မိတ်ဆွေမျိုးပဲ ရှိမှာ"

"'ကေသရီ' အတွက်လည်း နက်ဖြန် ဝတ်စုံသွားဝယ်ပြီး အမြန် ချုပ်ခိုင်းဦး... 'ဝင်းမာ' တို့ လိုက်ပို့လိမ့်မယ်"

"ဟုတ်ကဲ့ မေမေ"

ဒီတစ်ခေါက် အိမ်ပြန်လာရတာ 'ခင်မောင်အေး' မပျော်သလို ဖြစ်နေသည်။ မိဘတွေကို မျက်နှာလုပ်ရ၊ တူ တူမတွေကို မျက်နှာလုပ်ရနှင့်။ မိမိကသာ မျက်နှာလုပ်နေရတာပါ။ အိမ်ခံလူတွေပုံစံကလည်း သိသိသာသာ ပြောင်းလဲနေသည်ဟု ထင်မိသည်။

မိန်းမလုပ်သူကလည်း လူလစ်ရင်လစ်သလို မျက်မှောင်းထိုးပြလိုက်၊ အံကြိတ်ပြလိုက်နှင့်။ အိပ်ခန်းထဲရောက်သည်နှင့်

www.burmeseclassic.com



ရန်လုပ်ပါတော့သည်။

"မှားပြီ မှားပြီ... ပြန်ပြင်လို့ မရတော့ဘူးလား"

သူမ၏ ပေါင်ကို လက်သီးဖြင့်ထုရင်း အံကြိတ်၍ ရှိုက နေခြင်းဖြစ်သည်။

"ဘာဖြစ်တာတုန်း 'ကေ' ရာ"

"'ကေ' မနေတတ်ဘူး... ပြန်ချင်တယ် ပြန်ပို့ပေးကွာ"

"မငိုနဲ့လေ... ငိုရင် မျက်လုံးတွေမို့ပြီး အားလုံးရိပ်မိကုန်မှာပေါ့... စရောက်ကိုရောက်ချင်းတော့ နေရာပြောင်းလာခဲ့ရလို့ နေမှာပါ ဒါ ဖြစ်ရိုးထုံးစံပဲလေ... စကားပုံလည်း ရှိသားပဲ... ရောက်တဲ့အရပ်မှာ ပျော်အောင်နေ တွေ့တဲ့လူနဲ့ တည့်အောင်ပေါင်းဆိုတာလေ"

"ပျော်မှာလဲမဟုတ်ဘူး... တည့်မှာလဲ မဟုတ်ဘူး"

"အဲ့သလို စိတ်မျိုးထားရင် ဘယ်ပျော်ပါ့မလဲကွာ"

"အားလုံးရဲ့ မျက်နှာတွေက ဟန်လုပ်ပြီး ပြုံးပြဖို့တောင် ဝန်လေးနေကြသလိုပဲ... အဆိုးဆုံးက ကိုကို့အမေမျက်နှာပဲ... ကြည့်တဲ့မျက်လုံးကြီးတွေကလည်း ကြောက်စရာကြီး... ဒါကြောင့် 'မခင်အေးမြင့်' က မယူချင်တာနေမှာ"

"သူ မယူချင်တာက ကိစ္စမရှိပါဘူး... သူကိုယ်လည်း





ကိုယ်က ယူချင်ခဲ့တာမှ မဟုတ်တာ... ယူခဲ့တာ မဟုတ်ဘူး... ကိုယ်ယူလာတာ က 'ကေသရီ' ကို... ကိုယ့်ကိုယူပြီး လိုက်လာတာက 'ကေသရီ' ကိုယ့်ဇနီးအဖြစ် သည်အိမ်ကို ရောက်လာပြီးပြီမို့ ဒီမိသားစုဖြစ်သွားပြီ... ဒီမိသားစုမှာက အားလုံးချစ်ကြောက်ရိုသေရမှာက အဖေနဲ့ အမေပဲ...

အဖေက ရောဂါသည်ဖြစ်သွားတော့ အမေက ဘုရင်မဖြစ်သွားတာပေါ့... ကိုယ်တို့မောင်နှမတွေ ပညာတတ်ဖြစ်လာတာလည်း အမေ အထိန်းအသိမ်းကောင်းလို့ပဲ... ခုလို ချမ်းသာလာတာလည်း အမေ အစုအဆောင်းကောင်းလို့ပဲလေ... ဒီရပ်ကွက်မှာ ကိုကိုတို့ မိသားစုက စံပြမိသားစုဗျ... အားလုံး အတုခိုးပြီး အားကျနေကြတာ ဆုံးမစရာရှိရင် ဒီမိသားစုကို နာမည်တပ်ပြီး ဆုံးမကြတာ"

'ကေသရီ' က မျက်နှာကိုမဲ့ပြီး ကျောခိုင်းထားပါသည်။

"သားကြီးရေ... ရေချိုးခါနီးကျရင် ရေစိမ်းတစ်ခွက် သောက်ခိုင်းပြီးမှ ချိုးခိုင်းဦး... ရေပြောင်း မြေပြောင်းဆိုတော့ များတတ်တယ် ရေမိုးချိုးပြီးရင် ထမင်းစားကြရအောင်"

အိမ်ရှေ့မှ လာအော်သံကြောင့်...

"ထ.ထ ရေချိုးရအောင်... ရော့ ရေသောက်လိုက်ဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း... မချိုးတော့ဘူး ထမင်းလည်း မစားချင်ဘူး... နေလို့ထိုင်လို့မကောင်းဘူး"

'ခင်မောင်အေး' က သက်ပြင်းချရင်း...

"ဒါဆို ဆေးသောက်မလား... ပါရာစီတမော တစ်ပြားလောက်သောက်ပြီး အိပ်ချင်အိပ်လိုက်လေ"

'ကေသရီ' က အပြင်မထွက်ချင်သဖြင့် ဆေးတစ်လုံးသောက်ပြီး အိပ်နေဖို့ဆုံးဖြတ်လိုက်သည်။

"နေအုံး... တစ်ခုခု စားလိုက်ဦး... ရှော ကိတ်မုန့်တစ်ချပ်စားပြီးမှသောက်နော်... ဆေးပြင်းဆိုရင် အစားစားပြီးမှသောက်ရတယ်"

'ခင်မောင်အေး' က နဖူးလေးစမ်းပြီး...

"ကိုယ်ကတော့ မပူပါဘူး... ဆေးညာသောက်တာတော့မဟုတ်ပါဘူးနော်"

"ဟုတ်တယ် ဟုတ်တယ်... ထမင်းလိုက်မစားချင်လို့ နေမကောင်းဘူးလို့သာ ပြောလိုက်တော့"

"ဟာကွာ... ညကျတော့ မိုက်ဆာနေမှာပေါ့... တစ်နေ့တစ်ရက် ကိစ္စမှမဟုတ်တာ... လိမ္မာပါတယ် 'ကေ' ရာ... စိတ်ကောက်နေရင်လည်း ကိုကို တောင်းပန်ပါတယ်"





"အမေတို့ မင်္ဂလာဆောင်ကိစ္စပြီးလို့ ပြန်ရင်လိုက်ပြန်မှာ... ရှင်တွေ့ချင်ရင် လာတွေ့... မတွေ့ချင်ရင်လည်း မလာနဲ့ရှာယ်"

"အင်း မင်း ပြောတဲ့စကားမျိုးက ငါ့လိုယောကျ်ားမျိုးနဲ့ကျတော့ အလကားပဲ... ခပ်ပွေပွေထဲက မိန်းမယူပြီး သံယောဇဉ်မထားတတ်တဲ့ ယောကျ်ားမျိုးတွေဆို ခွင့်ရှိရိုက်နေမှာပဲ... ဟောတစ်ယောက် ဟောတစ်ယောက်တောင် ယူနေကြဦးမှာ... ငါက အဲ့လိုလူစားမျိုး မဟုတ်ဘူးဗျ... မိန်းမယူဖို့တောင် အကြာကြီးစဉ်းစားတဲ့ကောင်... ယူပြီးရင်လည်း ကွဲဖို့ကိုအကြာကြီး စဉ်းစားရဦးမှာ... 'ကေ' ကို ကိုကို့ သဘောထားအကုန် ပြောပြထားပြီးသားပဲ... မိဘနဲ့ ဒီခြံကြီးကိုပစ်ပြီး ကိုယ်ဘယ်ကိုမှ သွားလို့မဖြစ်ဘူး"

"ကဲ ဒါဆိုလည်း ရှင့် မိဘကိုပါ တစ်ခါတည်း ခေါ်ခဲ့ပေါ့"

"အခ်ပ္ပါယ်မရှိတာကွာ... အခု မင်း မကျေနပ်တာက မေမေ့ကိုဆို... သူ့အိမ်ပေါ်မှာ သူ နေ့နေတာတောင် မင်းက မကျေနပ်ဘူးဆိုရင် မင်းတို့အိမ်လိုက်နေရင် ပိုမဆိုးပါဘူး"

"ဒါဆိုလည်း မန္တလေးမှာ အိမ်ဝယ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာပဲ ဝယ်ဝယ်ပါ... 'ကေ' က မေမေ့မျက်လုံးကြီးတွေကို ကြောက်တယ်ဆို... မန္တလေးမှာနေရင်တော့ မကြောက်ဘူးတဲ့လား တစ်မျိုးပါလား"

"ဟင် ရှင်က ဒါဘာစကားပြောတာလဲ... 'ကေ့' ကို လှောင်နေတာပေါ့ ဟုတ်လား... 'ကေ့' ထက် အမေကိုပိုချစ်ရင်လည်း အမေနဲ့ပဲနေ 'ကေ' ပြန်မယ်"

"ဟော့ မင်းဘယ်လိုစကားပြောလိုက်တာလဲ... ရိုင်းလှချည်လား ဒီလောက်အထိ စော်ကားတာတော့ မကောင်းဘူးကွာ"

'ခင်မောင်အေး' အသံတွေက တုန်နေပါသည်။ မျက်ရည်တွေလည်း ဝဲနေပါသည်။ အမေနှင့်ပေးစားသည်အထိ ရိုင်းပြသော 'ကေသရီ' ကို မျက်လုံးပြူးကြီးဖြင့် အံ့ဩသလိုစိုက်ကြည့်ရင်း...

"တကယ်မှားတာက ငါကွ သိလား... မင်းရဲ့အလှကိုမက်ပြီး မင်းရဲ့မာယာကို ယုံမိလို့ ငါ လုံးလုံးချွေးဖြစ်သွားပြီ— မင်းလေ နာမည်လေးလှသလောက် ရုပ်ကလေးချောသလောက် စိတ်ရင်းသိပ်ပုပ်တယ်... ဟန်မဆောင်နိုင်လောက်အောင်ကို မင်း သိပ်ယုတ်တယ်ကွာ"





ဧည့်ခန်းထဲတွင် သွားထိုင်နေပြီဖြစ်သော ခင်ပွန်းသည်ကို နောက်ဘက်မှ လှမ်းကြည့်ရင်း 'ကေသရီ' ကလည်း ခေါင်းကို ငုံ၍ သူ့မျက်နှာကို သူ ထု၍ အသံမထွက်အောင်ကြိတ်၍ ငိုနေပါသည်။ သို့သော် ရှိုက်သံကတော့ ထွက်ထွက်လာပါသည်။

အမှားကိုယ်စီ ခံစားချက်ကိုယ်စီနှင့် နောင်တရနေကြပါသည်။

'ကေသရီ' တွက်တာ မှားသွားသည်။

'ခင်မောင်အေး' ဆိုသူ လူရိုးလူအေးကြီးသည် ကားသုံးစီးကို ဦးစီးပြီး မြန်မာပြည်အရပ်ရပ်သို့ ကုန်မျိုးစုံ သယ်ယူပို့ဆောင်နေသူ ဘွဲ့မရခဲ့သော်လည်း တက္ကသိုလ်တက်ခဲ့သူ၊ စီးပွားအရှာကောင်းပြီး တစ်မိသားစုလုံးကို ချုပ်ကိုင်နိုင်သူ၊ အသောက်အစား အပျော်အပါးကင်းသူ။

ဒီလူကို ရလို့ကတော့ အနည်းဆုံး ကားတစ်စီးတော့ ...င်မှာ မုချ။ ဘယ်လိုပဲဖြစ်ဖြစ် တစ်ယောက်နှင့်တစ်ယောက် ...သင့်မြတ်ကြလျှင် တစ်နေ့ အိမ်တွေ၊ ကားတွေ၊ အတွင်း...ည်းတွေ အမွေခွဲကြမှာ။ မြန်မြန်ခွဲချင်အောင် မိမိလုပ်မည့်...ည်ရွယ်ချက်နှင့် လာခဲ့သူပါ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ 'ခင်မောင်အေး' သည်၊ မိမိ၏အလှကို ရူးသွပ်ပြီး မတွေ့ရ၊ မမြင်ရ မနေနိုင်လောက်အောင် ဖြစ်နေသူ။ ထို့ကြောင့် မိမိ ပြောသမျှခေါင်းညိတ်မည့်သူဟု ထင်ခဲ့မိသည်။

ယခုတော့ တခြားစီပါပဲလား။

မိမိနှင့်ဆယ်ရက်လောက် ဟန်းနီးမွန်းထွက်နေတုန်းက တော့ ဤကမ္ဘာလောကတွင် မိမိတစ်ယောက်သာ ရှိသလိုမျိုး နှင့် ချော့လို့မဆုံးတော့။

ခုတော့ ကြည့်ပါဦး။ အော်လိုက်-ငေါက်လိုက်နဲ့ ချော့ဖို့ လည်း သတိမရတော့ပါလား။ တုံး၊ အေ မှတ်၍ ယူခဲ့မိပါ သည်။ လူလည်ကြီးဖြစ်နေပါရောလား။

ရန်ကုန်မြေပေါ်ရောက်တည်းက မိမိ အရေးထက် သူ့ ဆွေမျိုးသားချင်းတွေ ကိစ္စသာ လုပ်နေခဲ့သည်။

ပြန်တာပဲ ကောင်းပါတယ်။

"သားကြီး ရေ… ထမင်းစားဖို့ စောင့်နေကြပြီလေ"

"ဟုတ်ကဲ့ မေမေ"

ဒီအဖွားကြီးကလည်း ထမင်းစားဖို့ပဲ ရေးကြီးခွင်ကျယ် လုပ်ပြီး လာလာခေါ်နေတာပဲ။ ဟော သူ့အမေလာခေါ်လို့ လူလည်ကြီး ထမင်းစားဖို့ လာချော့ခေါ်တော့မယ်၊ လာနေပြီ





'ကေသရီ' အံကြိတ်ပြီး မျက်လုံးကို စုံမှိတ်ထားလိုက် သည်။

"'ကေလေး' စောစောက ကိုကို ရုတ်တရက် အံ့သြပြီး ဒေါသထွက်သွားမိတယ်ကွာ… ကိုယ်တို့ မိသားစုမှာက အဲ့သလို အကြီးကို ပြန်စော်ကားတာမျိုး မရှိဘူးတော့"

"အို တော်စမ်းပါ သွားစမ်းပါ… ရှင် လာချော့စကားကြီး တိုက တင်စီးလွန်းပါတယ်… ရှင့်အိမ်ရှင် အထင်ကြီးချင်ကြီး… 'ကေ' ကတော့ စိတ်မဝင်စားဘူး… ရှင့်တစ်မျက်နှာနဲ့ လိုက်လာ တာ… ရှင်မှ မကောင်းရင် ပြန်ယုံပဲ"

"အေးပါ အေးပါ… နောက်တော့ မင်း ကြိုက်တာလုပ် ပေးပါ့မယ်… လောလောဆယ် ထမင်းသွားစားရအောင်ပါ"

"ကျော် မစားတော့ဘူးလို့ ပြောပြီးပြီလေ"

"ညကျရင် ဆာနေမှာစိုးလို့ပါ"

"ရတယ်… ရေသောက်နေမယ်… မုန့်တွေလည်း ရှိ တယ်"

"မေမေတို့အားလုံး မျှော်နေကြလိမ့်မယ်… ညနေဆို အိမ်က ထမင်းလက်ဆုံစားနေကြမို့ အားလုံးကလည်း 'ကေ' ကိုတွေ့ချင်နေကြမှာလေ… ကိုယ့်ညီရော ကိုယ့်ယောက်မရော



www.burmeseclassic.com

www.burmeseclassic.com

ထမင်းစားပြီးတာနဲ့ ဆေးခန်းသွားကြတော့မှာ"

"ရှင့်အတွက် အဲ့ဒီလူတွေက သိပ်အရေးကြီးနေတယ် မဟုတ်လား... ရှင်ပဲ သွား... ကျွန်မ မစားတော့ဘူး... သွား သွား သွား"

အတင်းထုရိုက်နှင်ထုတ်နေသဖြင့် 'ခင်မောင်အေး' မျက်နှာအိုအိုဖြင့် ထွက်ခဲ့ပါသည်။

"'ကေသရီ' ရော..."

အမေက မေးသလို၊ အားလုံးက မျက်လုံးပြူးကြီးများဖြင့် စိုင်းကြည့်နေကြပါပြီ။

"ပင်ပန်းပြီး အိပ်ပျော်သွားလို့ မနှိုးခဲ့တော့ဘူး မေမေ— ရေတောင် မချိုးရသေးဘူး... ခေါင်းလဲ နည်းနည်းကိုက်တယ် ဆိုလို့ ဆေးလည်း တိုက်ထားတယ်"

"အေးပေါ့... ခရီးကလဲ ဝေးတာကိုး... သူ အိပ်ယာကနိုးရင်စားဖို့ ဗန်းထဲမှာ ထည့်ယူထားလိုက်ပေါ့"

"မှာတ်ကဲ့"

အားလုံး အကဲခတ်နေကြသဖြင့် ဘာမျှမဖြစ်သလို စားပြီး ဝါးပြ နေရသော်လည်း ခါတိုင်း မိခင် ချက်ကျွေးသမျှအားလုံး အရသာရှိနေတတ်သူ 'ခင်မောင်အေး' တစ်ယောက်၊ ယနေ့တော့





ဟင်းကောင်းတွေ ထိုင်စား၊ ထိုင်ဝါးနေသော်လည်း ဘာအရသာမျှ မခံစားမိပါ။

"တို့ 'ကိုအေး' တော့ မိန်းမချောချောရထားလို့ ကားတောင် မောင်းနိုင်ပါဦးမလား မသိဘူး"

ယောက်ဖတော် 'ညီထွန်း' စကားကြောင့် မျက်နှာနီနီဖြင့်...

"ဘာဆိုင်လို့လဲကွာ... လူမှန်းသိစတည်းက ကားပေါ်မှာကြီးလာတဲ့ကောင်ပဲ"

"မဟုတ်ဘူးလေ... မခွဲနိုင်လို့ ကားဒရိုင်ဘာနဲ့ပဲ လွှတ်တော့မှာကို ပြောတာလေ"

"ဟာ အလုပ်နဲ့အချစ် မရောပါဘူး... သူနဲ့လျှောက်လည်ပြီးသွားပြီ... ရည်မွန်ခံပွဲပြီးတာနဲ့ ကားပြန်လိုက်မှာ"

"တစ်လ နှစ်လလောက်တော့ သူနဲ့နေပေးဦးမှ ထင်တယ်... အခုမောင်းလာတဲ့ ဒရိုင်ဘာနဲ့လည်း အဆင်ပြေနေတာပဲ... နက်ဖြန်ဆို ကားတွေတောင် ပြန်ဝင်တော့မယ်"

"သူ့ကိုလည်း ခဏဆိုပြီး ခေါ်လာတာလေ... ဘာပဲဖြစ်ဖြစ် ငါ ဆယ်ရက်လောက် အချိန်ဖြုန်းနေတဲ့ အတောအတွင်း နောက်တစ်ခေါက် ပြေးထားပြီးပြီဆိုတော့ ဝင်ငွေလျော့မသွား

www.burmeseclassic.com


တော့ဘူးပေါ့"

"ဒါကြောင့် ပြောတာလေ… နှစ်လလောက်တော့ 'ကို အေး' အိမ်မှာပဲ နားလိုက်ပါဦးလား… တော်ကြာ 'ကေသရီ' စိတ်ထဲ သူ့ယောက်ျားကိုကြီးပဲ နိုင်းစားနေတယ် ထင်မှာစိုးလို့ပါ"

"ဟာ အလုပ်နဲ့အချစ်ရေးကို ငါ မရောဘူးဆိုတာ သူ သိအောင် ပြောပြထားပြီးသားပါ"

မိမိကို ရှိချင်သူများကိုလည်း သိစေချင်၍ တမင် ခပ်တည်တည် ပြောလိုက်ခြင်းဖြစ်သည်။

"ကျွန်တော်က စေတနာနဲ့ပြောတာပါ… ကျွန်တော့်လို ယောကျ်ားတစ်ယောက်တောင် တစ်သက်လုံးအတူနေလာတဲ့ မိသားစုအရိပ် အာဝါသက ခွဲထွက်ပြီး သူများမိသားစု အသိုင်းအဝိုင်းကြားကို အပြီးဝင်လာကာစက အားငယ်သလိုလို ကြောက်သလိုလိုတော့ ခံစားခဲ့ရသေးတာ… ဒါတောင် ကျွန်တော်က ဒီအိမ်ကို ဝင်ထွက်စားသောက် ဖူးယုံတင်မဟုတ်ဘူး… တစ်ခါတလေ ညအိပ်ညနေတောင် လာနေဖူးခဲ့သေးတာ… ကျွန်တော် စေတနာကို တလွဲမထင်ပါနဲ့ 'ကိုအေး' ကိုယ့် အစ်ကိုရင်းလိုချစ်လို့ ပြောမိတာပါ"

'ညီထွန်း' အသံတွေက တုန်နေပါသည်။

"ဆောရီးကွာ… ငါကလည်း တကယ် အလုပ်နဲ့မိန်းမ ရောဘူးဆိုတာ အားလုံးသိစေချင်လို့ ပြောတာပါ… မင်းတစ်ယောက်တည်းကို ပြောဖို့ရည်ရွယ်တာ မဟုတ်ပါဘူး… မင်းကို ငါ ညီအရင်းလိုချစ်တယ်ဆိုတာ မင်းအသိဆုံးပါ"

'ဒေါ်ကြည်မာ' က စားလက်စ ထမင်းကို ရပ်လိုက်ပြီး…

"သားကြီးရဲ့စိတ်ဓါတ်ကို မေမေ အသိဆုံးပါကွယ်… တော်ယုံ မေတ္တာနဲ့လည်း သားမိန်းမ မယူဘူးဆိုတာ မေမေ သိတယ်… အားလုံးအပေါ် ကိုယ်ကျိုးစွန့်အနစ်နာခံခဲ့တဲ့ သားကြီးကို မေမေတို့က ပျော်စေချင်နေကြတယ်… သားကြီး တယ်လီဖုန်းလှမ်းဆက်တုန်းက 'ခင်အေးမြင့်' တွန်းထိုးထားတဲ့ အကြောင်းတွေကြောင့် စိတ်ပူပြီး လျှောက်ပြောမိတာကို ခွင့်လွှတ်ပါလို့ မေမေ တောင်းပန်ပါတယ်… သားကြီးချစ်တဲ့ မိန်းကလေးကို မေမေကတော့ သမီးတစ်ယောက် ထပ်ရသလို ကျေကျေနပ်နပ် လက်ခံပါတယ်…

'ဝင်းမာ' တို့ လင်မယားရော 'စိုးမောင်' တို့ လင်မယားရော ကိုယ့်အစ်ကိုကြီး စိတ်ဆင်းရဲမယ့် ကိစ္စဆို ဘာမှမလုပ်ကြပါနဲ့… မိသားစု စာရင်းဝင်ဖြစ်ခဲ့ပြီမို့ မောင်နှမအရင်းလိုပဲ ညီ



www.burmeseclassic.com

www.burmeseclassic.com

အစ်မအရင်းလိုပဲ သဘောထားကြပ်ါ"

"စိတ်ချပါ မေမေ"

လေးယောက်လုံးက သံပြိုင်ပြောလိုက်ကြခြင်း ဖြစ်သည်။





# ၉

ညဉ့်နက်နေပြီဖြစ်သော်လည်း တစ်ရေးမျှ အိပ်မပျော်သေးပါ။ 'ကေသရီ' နိုးလျှင် ထမင်းကျွေးဖို့ စောင့်နေသော်လည်း သစ်တုံးလို မလှုပ်သဖြင့်၊ သူမ လှုပ်ရှားမည့်အချိန်ကို စောင့်နေခြင်း ဖြစ်သည်။ ၁၂ နာရီထိုးခါနီးပြီဖြစ်၍ နာရီမှ တီးလုံးသံမြည်သံကမြည်ပြီး ရပ်သွားခဲ့သည်။

" 'ကေ'..."

" 'ကေလေး'..."

ဖြစ်ချင်ရာဖြစ်တော့ နိုးမည်ဟု ရည်ရွယ်ပြီး သူမကို ခြင်


www.burmeseclassic.com

www.burmeseclassic.com

သာစွာ ပခုံးမှဆွဲလှည့်လိုက်မိသည်။

"ဟင် နိုးနေတာလား ငိုနေတာလား 'ကေ' ရယ်… 'ကေ' ဗိုက်ဆာမှာစိုးလို့ ထမင်းလင်ဗန်းနဲ့ စောင့်နေတာ… ဟင်းတွေ ပြန်နွှေးလိုက်မယ်လေ"

ယခုအချိန်မှာတော့ ဗိုက်ဆာတာထက် အချော့ခံချင်တာက ပထမအချက်ဆိုတာ ဒီလူကြီး မသိဘူးတဲ့လား။

"မငိုနဲ့နော်… 'ကေ' ငိုရင် ကိုကို ဘာလုပ်လို့ ဘာကိုင်ရမှန်းကို မသိတော့တာ… 'ကေ' ထမင်းဆာတဲ့အချိန်စားဖို့ မေမေကိုယ်တိုင် ချူးခတ်ထည့်ပေးလိုက်တာ… အခုမှရောက်လာတဲ့ 'ကေ' အနေ စိမ်းအုံးမှာမို့ ပျော်အုံးမှာမဟုတ်သေးဘူးတဲ့… ကိုကို့ကို တစ်လလောက်တော့ ကားနားထားဦးတဲ့… ပြီးတော့ 'ကေ' စိတ်ချမ်းသာအောင်ထားဖို့ အားလုံးကိုမှာနေတာ… လာ ထ ထမင်းစားလိုက်တော့"

"ဟင့်အင်း ညဥ့်နက်နေပြီ မစားတော့ဘူး"

"ဗိုက်ထဲကဖြင့် တဗွီဗွီတဝွမ်ဝွမ်မြည်နေတာ… ဒါဆို နို့မလိုင်ပလာတာစားမလား"

"ဒီအချိန် ရသေးလို့လား"

"ရတာပေါ့… ညလုံးပေါက်ဖွင့်တဲ့ဆိုင် လမ်းထိပ်မှာရှိ





တယ်… 'ကေ' လိုက်မလား"

"ဟာ မလိုက်ချင်ပါဘူး… ငိုထားတဲ့ မျက်နှာကြီးနဲ့"

"ကဲ ဒါဆို ကိုကို သွားဝယ်ခဲ့မယ်… နာရီဝက်လောက်တော့ ကြာမယ်နော်"

"အင်းပါ… ဒီထမင်းဟင်းတွေ ဇွတ်ဇွတ်အိတ်နဲ့ ထုတ်ယူပြီးလွှင့်ပစ်လိုက်လေ… တော်ကြာ မစားလို့ဆိုပြီး 'ကေ့' ကို အပြစ်ပြောနေမှာ ကြောက်တယ်"

"ရတယ်… ပြန်လာရင် ကိုကို စားလိုက်မယ်"

အတတ်နိုင်ဆုံး အသံမထွက်အောင် ကြိုးစားပြီး ခြံဝသို့ ထွက်ခဲ့သည်။ ခြံထဲမှာတော့ ကားဒရိုင်ဘာ ဖြစ်ဖြစ်၊ စပယ်ယာဖြစ်ဖြစ် အစောင့်ရှိနေတတ်သည်။

"ဆရာ ဘယ်သွားမလို့လဲ… ကျွန်တော် ဘာလုပ်ပေးရမလဲ"

'ဖိုးထူး' အပြေးအလွှားရောက်လာပြီး မေးခြင်းဖြစ်သည်။

"ရတယ် ငါ ဗိုက်ဆာလို့ကွာ… မင်းရော ဘာစားချင်သေးလဲ"

"မစားတော့ဘူး ဆရာ"

"'ကိုထွန်းမြင့်' ရော…"



www.burmeseclassic.com

www.burmeseclassic.com



"သူ့အမျိုးအိမ်မှာ သွားအိပ်တယ် ဆရာ... မနက်ဖြန် ကုန်ချဖို့ စောစောလာမယ်လို့ ပြောသွားတယ်"

'ခင်မောင်အေး' ကို မြင်တော့ လက်ဘက်ရည်ဆိုင်ပိုင်ရှင် 'ထင်ကျော်' က...

"ဟော သူငယ်ချင်းပါလား... မိုးကြီးချုပ်မှ ... တစ်ခါမှ မလာစဖူး... ကောန္တ မိန်းမပူဆာလို့ထင်တယ်"

လက်ဘက်ရည်ဆိုင်ပိုင်ရှင် ငယ်သူငယ်ချင်း 'ထင်ကျော်' ရဲ့ စကားကြောင့် ရှက်သလိုလို၊ ဘာလိုလို ဖြစ်သွားမိသည်။ ဟုတ်ပါသည်။ မိမိ ဘဝတစ်သက်တာတွင် ညဘက်ဆိုလျှင် လက်ဘက်ရည်ဆိုင် ထွက်ဖို့မရှိပါ။ အမေက အိမ်မှာအပြည့် အစုံ လုပ်ပေးထားတတ်သည်။

ကားသမားတွေကို လိုက်ဩ့ခံလည်း ကိုးနာရီထက် နောက်မကျတတ်။

"မင်း ရုတ်တရက် မိန်းမရသွားတော့ ငါ့အမေက ငါ့ကို နေ့ရင်းထိုင်ရင်း မိန်းမပေးစားဖို့ တဂျီဂျီပြောနေပြီကွာ... မင်းက လည်း ရုတ်တရက်ကြီး ဘယ်လိုဖြစ်တာလဲ... ပြီးတော့ ယူဖို့ စီစဉ်ထားတာက ဆရာမဆို... အခု ဘယ်လိုဖြစ်ပြီး တခြား တစ်ယောက် ဖြစ်သွားတာလဲ... ရပ်ကွက်ထဲမှာတော့ 'မင်း





အချဉ်မိသွားပြီလို့' ပြောနေကြတာ ငါ့တော့ မင်းလို ချင့်ချင့်ချိန် ချိန်လုပ်တတ်တဲ့ကောင်မျိုး ဘယ်တော့မှ အချဉ်မမိဘူးဆိုတာ သိတယ်...

မင်းကို အမြဲအထင်ကြီးခဲ့တဲ့ ငါ့အမေကတောင် မိဘနဲ့ မိ သားစုအပေါ်မှာ သိပ်ကောင်းတဲ့လူဟာ မိန်းမရတော့ ကံမ ကောင်းရှာဘူးတဲ့... မိန်းမကံမျှမ်း မကျေရှာဘူးတဲ့"

မိမိနှင့် 'ထင်ကျော်' ကို ဤရပ်ကွက်ရှိ မိန်းကလေးများက ခွတ်ခင်က ညွှတ်ချင်နေကြသူ ခပ်များများဖြစ်သည်။ နှစ် ယောက်လုံး ရုပ်ရည်သန့်ပြီး စီးပွားရေးကို ဦးဆောင်လုပ်နိုင်သူ များ ဖြစ်သည်။

'ထင်ကျော်' က မိမိထက် သာသည်။ ဘွဲ့ရအောင် ယူနိုင် သည်။ လက်ဘက်ရည်ဆိုင်ဖွင့်ရင်း တိုက်ဆောက် ကားဝယ် နိုင်ခဲ့သူ။ လက်ဘက်ရည်ဆိုင်ခွဲ သုံးဆိုင်ရှိသည်။ သူ့မှာက အားချက်ရှိသည်။

သူ့ကောင်မလေးက ချမ်းသာလွန်းသူ။ သူက ဆင်းရဲ ခြင်း မိဘတွေ သဘောတူသူနှင့် ယူသွားခဲ့သည်။ ပိုက်ဆံ သည် ဤမျှအရေးပါရသလား။ အချစ်သည် လူအတွက် ဖိုတိ တျူသလားဟု အငြိုး ဖြင့် ငွေရှာခဲ့သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် 'ထင်ကျော်' ချမ်းသာလာခဲ့သည်။ မိန်းမများကို ငွေမက်သူဟုသာ သူ့စိတ်ထဲတွင် စွဲမှတ်ထားသဖြင့် ရှုံကြောက်ကြီး ဖြစ်နေသူလည်း ဖြစ်သည်။ သူ့ကိုမိန်းမလှများ လှည့်စား၍ရမည် မဟုတ်၊ မာယာနှင့် ဖြားယောင်း၍ ရမည် မဟုတ်။ ဒီဘဝတစ်သက်တာတွင် ချစ်ဖို့ တွေးတောမည့်လူ မဟုတ်။

"ငါ မပြောတော့ဘူးလို့ နေတာပါကွာ... ဒါပေမဲ့ ငါ မနေနိုင်လွန်းလို့ နည်းနည်းတော့ ပြောပါရစေ အဲ့ဒီလိုမှ မပြောလိုက်ရရင် ငါ့ ရင်ထဲ ခို့လို့ခုလုကြီး ဖြစ်နေလို့ပါ... စိတ်ဆိုးရင်လဲ ဆွဲသာထိုးသွားပါကွာ... ငါ ပြောချင်လွန်းလို့ပါ"

"မင်းနဲ့ငါဟာ ညီအစ်ကိုရင်းလို ခင်ခဲ့တဲ့ကောင်တွေပဲ... ဘာ ပြဿနာဖြစ်ဖြစ် တိုင်ပင်ခဲ့တဲ့သူတွေပဲကွာ... ငါ့အပေါ်မှာ မင်းမနာလိုစိတ် ဘယ်တုန်းကမှ မရှိဘူးဆိုတာ ငါ သိတာပဲ... ပြောမှာသာပြောပါ"

'ထင်ကျော်' က ပြောရမှာ ခက်နေသလိုမျိုး လုပ်နေပြီးမှ...

"အင်း ငါ မှားသွားတယ်ကွာ... သူများ လင်မယားကြား ငါ့ စကားကြောင့် ဒုက္ခများသွားမလားလို့"





"စိတ်ချ ယူပြီးမှတော့ ငါသူ့ကို မကောင်းလဲပေါင်းဖို့ စိတ်ကူးထားပြီးသားပါ... ငါက ကိုယ့်ကိုယ်ကို သိပ်အထင်ကြီးခဲ့တဲ့ကောင်ကို လူပါးပုလင်းထိဆိုတဲ့ စကားလိုပေါ့... ငါ့အိမ်ကလည်း အမှုအယာတွေ ပျက်နေကြပေမယ့် ငါ စိတ်ချမ်းသာအောင်တော့ ဟန်ဆောင်နေပေးကြပါတယ်... ငါ မှားတာ ငါ သိပါတယ်... နိုးစပ်မှုရဲ့ဒဏ်ကို ငါ မခံနိုင်ဘူးကွာ...

ကျောင်းကွင်းထဲက ချက်ချင်း ရုန်းမထွက်နိုင်ခဲ့ဘူး... ငါ မှားတာကို ငါ သိတဲ့အတွက် ဘယ်သူ့ကိုမှ အပြစ်မတင်ချင်ဘူး... တခြားလူတွေ ပြောတာထက် မင်း ပြောတဲ့စကားကိုတော့ ငါ နားထောင်ချင်တယ်"

"အင်း မင်း မိန်းမယူဖို့ ထွက်သွားတယ်ကြားတဲ့က ငါ့ကို လာတိုင်ပင်ရင်ကောင်းမယ်လို့ တွေးနေမိတာ... မင်းနဲ့ လိုက်ဖက်မယ့်မိန်းမ... မင်းမိသားစုနဲ့ လိုက်ဖက်မယ့်မိန်းမမျိုးတွေ ဒီရပ်ကွက်ထဲမှာရော ငါ့မိတ်ဆွေတွေထဲမှာရော ငါ့အမျိုးတွေထဲမှာရော အများကြီးရှိတယ်... မင်းမိဘရဲ့ အထိန်းအသိမ်းကောင်းမှု မင်းတို့မောင်နှမတွေရဲ့ အဆင့်အတန်းမြင့်မြင့် စည်းကမ်းရှိရှိနေနိုင်မှုတွေကို သဘောကျနေတဲ့ မိန်းမလှလေးတွေ ဒီလမ်းထဲမှာကိုရှိတယ်... မင်း အမေဆိုရင်လေ လမ်းထိပ်ဆေး



www.burmeseclassic.com

www.burmeseclassic.com



ခန်းက ဆရာဝန်မလေးနဲ့ ပေးစားဖို့ အစီအစဉ် ရှိနေတာ"

"ဟာ ငါက ဘွဲ့မှမရတာ"

"အဲဒါ ခက်တာပေါ့... သူတို့က ဘွဲ့မရပေမယ့် မင်းရဲ့ရိုး

သားမှု ကြိုးစားမှုကို မက်ကြတာ... ကောင်မလေးကလည်း

မင်းအမေသွားရင် ပြာနေတာ... မင်းအမေက သိပ်ခေါင်း

ကောင်းတာ... သား ဆရာဝန် သားမက်ဆရာဝန် ချွေးမဆရာ

ဝန်ဆိုပြီး စိတ်ကူးယဉ်နေတာ"

"မိဘဆိုတာကတော့ သား ရွှေအိုးထမ်းလာတာကိုတော့

မြင်ချင်ကြတာကြီးပဲပေါ့ကွာ... ကိုယ်က ဘွဲ့မရထားဘဲ မိန်းမ

ကဆရာဝန်ဆိုတော့ တစ်သက်လုံး အနိမ့်ခံနေရမှာ ကြောက်

ပါတယ်ဗျာ... နေပါစေ... ငါနဲ့ ဒါနဲ့ ပဲ တန်တယ်ထင်ပါရဲ့"

"တန်ရင်တော့ မင်းခံနိုင်ရည်ရှိမှာပေါ့လေ... မတန်ရင်

တော့ မင်း တစ်သက်လုံး စိတ်ဆင်းရဲရမှာစိုးလို့ပါ... မင်း

အမေက မင်းကို နှမြောလွန်းလို့ ငွေပုံပေးပြီးတော့တောင် ပြန်

အပ်နိုင်းချင်နေတာ"

"ဟာ မဖြစ်နိုင်တော့တာ"

"မင်းကွာ... ကလေးတွေတစ်ပုံကြီး ရပြီးမှတောင် မသင့်

မြတ်ရင် ကွာရှင်းနေကြသေးတာ"





'ခင်မောင်အေး' က မျက်မှောင်ကြုတ်၍ ကြည့်ရင်း...

"နေပါဦး... မင်း ဘာတွေကြားထားလို့လဲ... ဒီလောက်

အဝေးကြီးက မိန်းမကိုယူလာတာတောင် သတင်းကလည်း အံ့

ပါရဲ့... ကာယကံရှင်တောင် ဘာမှမကြားခဲ့ရဘူး"

"မင်းက မှန်နေပြီကိုးကွ... နောက်တစ်ချက်မှားတာက

မင်း ငှားလာတဲ့ ဒရိုင်ဘာက 'ကေသရီ' မကောင်းကြောင်းတွေ

ဒီလက်ဘက်ရည်ဆိုင်မှာ လာပြောနေတာ... သိတဲ့အတိုင်း မင်း

အကြောင်းကို စိတ်ဝင်စားနေတဲ့လူတွေက အဲဒီ ဒရိုင်ဘာ 'ထွန်း

မြင့်' ကို လက်ဘက်ရည်တိုက်ပြီးတော့ကို မေးနေကြတာ"

"ကိုယ် သဘောပေါက်ပြီ သူငယ်ချင်း"

"'ဖိုးထူး' ဆီကလည်း မင်းမိသားစုက မေးထားကြတော့

'ကေသရီ' အကြောင်းက သိနှင့်နေကြပြီလေ"

"အင်း ဘာတွေ ဆိုးဆိုးဝါးဝါး ကြားထားလို့လဲ"

"ခုချိန်မှာ မင်္ဂလာမဆောင်ရသေးလို့ သူ့ကိုငွေများများ

ပေးပြီး မိဘဆီ ပြန်အပ်ပါလို့ မင်းအမေက ပြောခဲ့တဲ့စကားဟာ

သမီးခြင်းမစာနာလို့ ပြောတာမဟုတ်ဘူး သူငယ်ချင်း... 'ကေ

သရီ' ကို ယူရင် ပထမဆုံး မင်း ဒုက္ခရောက်မယ်... ဒုတိယ မိ

သားစုတစ်စုလုံး ဒုက္ခရောက်မယ်... နောက်ဆုံး မင်းတို့ မွေး



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



လာတဲ့ သားသမီးတွေတောင် 'ကေသရီ' ရဲ့ အရိပ်က လွှမ်းမိုးပြီး မျက်နှာငယ်နိုင်တယ်တဲ့"

ထိုစကားကြောင့် 'ခင်မောင်အေး' မျက်နှာမှာ သိသိသာသာ ခက်ထန်သွားကြောင်း တွေ့ရပါသည်။ ပြီးတော့မှ အံကြိတ်ပြီး...

"ငါဟာ ယောကျ်ားကောင်းတစ်ယောက်ပါ...သူဟာ မကောင်းတဲ့ မိန်းမတစ်ယောက်ဖြစ်ခဲ့ရင်တောင် အပျိုတစ်ယောက်အဖြစ် 'ခင်အေးမြင့်' တို့ အိမ်မှာနေပြီး ဆယ်တန်းဖြေဖို့ ရောက်နေတယ်ဆိုတာ ငါ သိခဲ့တာပါ... လက်ရှိ အိမ်ထောင်မရှိရင် သူများမယားမခိုးမိရင် တော်ပါပြီကွာ... ကျန်တာကတော့ ငါ့ ကုသိုလ်ကံပဲ"

"ငါတို့အားလုံး ပြောချင်တာတွေက သူဟာ စရိုက်မကောင်းဘူး... နာမည်ပျက် မရှိဘူးလို့ ပြန်လာအပ်တယ်ဆိုရင်တောင် သူ့ မိဘက သူ့သမီးအကြောင်းသိလို့ ပြန်လက်ခံနိုင်သေးတယ်လို့ သူ့ အတွက်က မင်းနဲ့ ဆယ်ရက်လောက် ခရီးထွက်လျှောက်လည်တာလောက်အတွက် ဘာခံစားမှုမှ ရှိမှာမဟုတ်ဘူး... ဘာကြောင့်လဲဆိုတော့ သူ ခိုးရာလိုက်ပြေးဖူးတယ်တဲ့... သူ့အိမ်က ပြန်ခွဲထားတာတဲ့"





ဒီတစ်ခါတော့ 'ခင်မောင်အေး' ပုံစံက သိသိသာသာ ခံစားလိုက်ရပုံတွေ့ရပါသည်။

"ဟုတ်ပြီလေ... အဲ့ဒီလူနဲ့ အခုထိ ဆက်နေဦးမှာလား"

"အဲ့ဒါတော့ မပြောတတ်ဘူး... ရုပ်လှသလောက် ယောကျ်ားတွေကို အရမ်းလှည့်စားတတ်တယ်တဲ့... ငါ့သူငယ်ချင်းကို တစ်နေ့ ထားသွားမှာကို စိုးလို့ပါ... ပြီးတော့ အမြဲ ခရီးထွက်နေရတဲ့ မင်းကွယ်ရာမှာ ခြေရှုပ်မှာစိုးလို့ပါ... ငါ စေတနာအပြည့်နဲ့ ပြောတာပါကွာ"

'ထင်ကျော်' က 'ခင်မောင်အေး' ၏ လက်နှစ်ဘက်ကို ဆုပ်ညှစ်ရင်း ပြောခြင်းဖြစ်သည်။ ကြက်ကြီးလည်လိမ်ထားသလို ဖြစ်နေရှာသော သူငယ်ချင်းကိုကြည့်ပြီး စိတ်မကောင်းဖြစ်မိသဖြင့်...

"မင်း ဆုံးဖြတ်ချင်သလို ဆုံးဖြတ်ပါ 'ခင်မောင်အေး'... သူ့ကို ဆယ်ရက်ပေါင်းပြီးလို့ မင်း အားနာပြီး ယောကျ်ားကောင်းပီသစွာ ပေါင်းမယ်ဆိုလဲ သဘောပါပဲ"

"ငါ ခဏလေး ရူးသွပ်သွားခဲ့တဲ့ဒဏ်ကို တစ်သက်လုံး ခံသွားရတော့မှာပေါ့ကွာ... ဒါပေမဲ့ သူ့ကို နည်းနည်းတော့ ဆွေးနွေးကြည့်ဦးမယ်... သူက မာရေကြောရေနဲ့ မာန်ကြီးပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြန်သွားမယ်ဆိုရင်တော့ ငါ ကံကောင်းတာပေါ့ကွာ... တကယ် လို့ သူ ပြန်မယ်ဆိုရင် ငါ နစ်နာကြေးဘယ်လောက်ပေးလိုက် ရမလဲ"

"ဒါတော့ မင်းသဘောပဲလေ... ပေးနိုင်သလောက်သာ ပေးလိုက်ပါ... ကပ်စေးနည်းမနေပါနဲ့."

လက်ဘက်ရည်ဆိုင်မှ အရုပ်ကြိုးပြတ်ပြန်လာသော 'ခင် မောင်အေး' ကို 'ဖိုးထူး' က ပြာပြာသလဲ တံခါးဖွင့်ပေးပါသည်။

"မင်းနဲ့ ငါ စကားခဏပြောစရာ ရှိတယ်... အပြင်ခဏ လိုက်ခဲ့စမ်း"

ဆရာသမား၏ ဒေါသကို တွေ့ရခဲသဖြင့် ယခုလိုခေါ်ပုံ မျိုးနှင့်တော့ အလုပ်ပြုတ်ပြီဆိုတာ သိလိုက်ပါသည်။

ကလေးဓာစားကွင်းနား အထိ ခေါ်လာခြင်းဖြစ်သည်။

"ကဲ ပြောစမ်း... 'ကေသရီ' အကြောင်း ... မင်းသိတာ အကုန်ပြော တစ်ခုမှ ချန်မထားနဲ့."

ဓါတ်တိုင်အောက်တွင်ဖြစ်၍ 'ဖိုးထူး' ၏ မျက်လုံးပြူး ကြီးများနှင့် ခေါင်းကုတ်နေသောပုံစံမှာ သာမန်အချိန်ဆို ရယ်စ မှာအမှန်။

"ဟောကောင် ငါ မေးနေတယ်လေ"





"ရှိခိုးပါရဲ့ ဆရာရယ်... ကျွန်တော် မပြောပါရစေနဲ့."

"ဟောကောင် မင်းကို အလုပ်ခန့်ထားတာက ငါကွ... ငါ့အမေနဲ့ တစ်အိမ်လုံးကိုတော့ 'ကေသရီ' အကြောင်း လျှောက် ပြောပြထားပြီးပြီ မဟုတ်လား... သိပ်ပြောချင်တဲ့ အကောင် အခု ငါမေးနေပြီ ပြော... မပြောရင် မင်းကို ငါ အလုပ်ဖြုတ်ပစ် မယ်"

"ဗျာ မပြောရင် အလုပ်ဖြုတ်ပစ်မယ် ဟုတ်လား... မလုပ် ပါနဲ့ ဆရာရယ်... ကျွန်တော် ဆုကြေးတွေထုတ်သုံးထားပြီး ပြီ... လခရရင် ဆုကြေးထဲ ပြန်ထည့်နေရတာ"

"အေးလေ... မပြုတ်ချင်ရင် ပြောလို့."

" 'မကေ' တို့ ပိုက်ဆံရှိတဲ့အကြောင်း... 'မကေ' ကို ကြိုက်တဲ့လူတွေများကြောင်း"

'ခင်မောင်အေး' က 'ဖိုးထူး' ၏ အင်္ကျီရင်ပတ်ကို ဆုပ် ကိုင်ရင်း...

"ဟောကောင် မှန်တဲ့အတိုင်းပြောနော်... ချီးမွမ်းခန်း ချီးခိုင်းနေတာ မဟုတ်ဘူး"

"မှန်တဲ့အတိုင်းပြောရင် အလုပ်ပြုတ်မှာမို့ပါ"

"စိတ်ချ... မပြုတ်ဘူး... လခတောင် နှစ်ထောင်တိုးပေး



www.burmeseclassic.com

www.burmeseclassic.com



ဦးမယ်"

"'ကိုထင်ကျော်' ပြောပြတာရော ကျွန်တော် သူတို့မြို့က ကားဂိတ်မှာ နှစ်ညအိပ်တုန်းကရော ကြားခဲ့သမျှကို အမှန်အတိုင်း ပြောပြပါတော့မယ် ဆရာရယ်"

ရုပ်လှသလောက် အပျင်းကြီးကြောင်း၊ အိမ်အလုပ်ဘာမှ မလုပ်တတ်ကြောင်း၊ ရည်းစားတွေမှိုလိုပေါက်အောင် ထားသဖြင့် ရည်းစား လုဘက်အချင်းချင်းရန်ဖြစ်ပြီး လူတစ်ယောက် သေဖူးပြီး သတ်သူမှာ ထောင်ဆယ်နှစ်ကျဖူးကြောင်း၊ လင်နောက်လိုက်ပြေးဖူးကြောင်း၊ မိဘက ပြန်သိမ်းပြီး ဆယ်တန်းဖြေခိုင်းထားကြောင်း၊ သူများပစ္စည်း ယူပြီး ပြန်မပေးတတ်ကြောင်း၊ အကြွေးယူပြီး ပြန်မပေးတတ်ကြောင်း ရွှေဆိုင်ကောင်လေးထံမှ ရွှေငွေချူစားကြောင်း၊ 'ကေသရီ' မိဘမှာ သူမ အမူအခင်းအတွက် သူမ ယူသုံးဖြုန်းပစ်သမျှကို မကြာခဏဆပ်နေရသဖြင့် အရင်းခဏခဏ ပြုတ်ကြောင်း၊ မိန်းမတန်မဲ့ လောင်းကစား ဝါသနာပါကြောင်း....။

"ဟော့ကောင် မိန်းမက လောင်းကစားလုပ်လို့ ဘယ်ရမှာလဲ... မဖြစ်နိုင်တာ"

"ဟာ ဘောလုံးပွဲဆိုလည်း လောင်းလိုက်တာ... ထီ





သည်း အရမ်းထိုးတာ... ဖဲလည်း ရိုက်တတ်တယ်တဲ့... အရက်သည်း သောက်တတ်တယ်လို့ ကြားတယ်"

"ဟာ ငါ့မိန်းမကတော့ ရှားမှရှားပွတ်ရှယ်ပါလား... ကောင်းတာမှန်သမျှ အကုန်လုပ်တတ်တယ် ဆိုပါတော့"

"ဟုတ်တယ် ဟုတ်တယ်... သူကြိုက်တဲ့ ယောကျ်ားလေးတွေဆို သူက စနောက်ပိုးပြီး ပိုးကြေးပန်းကြေးသည်း ပေးတတ်တယ်တဲ့ သူ့မိဘပိုက်ဆံကို သူ ထိုင်ဖြုန်းနေတာ... ဈေးထဲက ဆိုင်ခန်းကိုလည်း ရောင်းလိုက်ရလို့ ပြန်ငှားခွင့်ထားရတာတဲ့... အဖိုးကြီးအဖွား ကြီးက 'ကေသရီ' လင်ရသွားတယ်ဆိုလို့ ဝမ်းတွေသာနေကြတာ... ဆရာရယ် ပြန်သာ မို့လိုက်ပါဗျာ... မေမေကြီးတို့တွေလည်း သူ့ သတင်းတွေကြားပြီး ဆရာ့ကို နှမြောနေတာ"

"ဒရိုင်ဘာ 'ကိုထွန်းမြင့်' ကလည်း နှမချင်းမစာနာ လျှောက်ပြောနေတာကိုး"

"'ကိုထွန်းမြင့်' က 'ကေသရီ' ကို သိပ်မုန်းတာ... အသက်ခံရလို့ သေရတာ သူ ညီဝမ်းကွဲတော်တာလေ"

"ဒါဆို 'ထွန်းမြင့်' နဲ့ 'ကေသရီ' သိမှာပေါ့"

"'ကေသရီ' ကတော့ သိမှာမဟုတ်ဘူး... 'ကိုထွန်းမြင့်'



www.burmeseclassic.com

www.burmeseclassic.com



က မြို့ပေါ်မှာနေတာလေ... လူသတ်မှုက 'ကေသရီ' တို့ နယ်မြို့မှာဖြစ်ခဲ့တာ... 'ကေသရီ' က ဆရာမ 'ဒေါ်ခင်အေးမြင့်' ဆီရောက်တာ လေးငါးလပဲ ရှိသေးတာလေ"

"အင်းပေါ့လေ... ငါကလည်း မိန်းမတစ်ယောက်လှတာနဲ့ ဒီ မိန်းမ ပလီတာနဲ့ တစ်ခါတည်း အချစ်ရူးကြီးဖြစ်သွားခဲ့တာကို... ငါမိုက်တာ ငါ ခံရတော့မှာပေါ့"

"မျက်အစဉ် ပြင်ခဏဆိုတဲ့ စကားလဲရှိတာပဲ... သူ့ကိုသာ အမြန်ပြန်ပို့လိုက်ပါ ဆရာရယ်... အခု ဆရာအားနာနေရင် တစ်သက် လုံး ဆရာမျက်နှာငယ်နေရမှာ အရှက်ရနေရမှာလေ... သူ့ထက်သာတာကို ဆရာ ရနိုင်ပါတယ်... မစွဲလန်းပါနဲ့တော့ ဆရာရယ်"

'ခင်မောင်အေး' ခေါင်းတညိတ်ညိတ် လုပ်ပြပြီး...

"ကဲ ကဲ ညဉ့်နက်နေပြီ... မင်းလည်း အိပ်တော့ ငါ သွားမယ်"





## ၁၀

"လက်ဘက်ရည်ဆိုင် သွားတာကော ဟုတ်ရဲ့လား... ရှင်သွားတာ တစ်နာရီလောက် ကြာတယ်... လက်ဘက်ရည်ထုပ်ရော မုန့်ထုပ်ရော အေးစက်နေပြီ... မှန်မှန်ပြောရှင် ဘယ်ချောင်ဝင်တိုးလာသလဲ"

သူမ ပြောတာတော့ ခပ်တိုးတိုးပါပဲ။ သို့သော် ညက တိတ်ဆိတ်နေပြီဆိုတော့ ဘေးခန်းတွေက ကြားနိုင်ပါသည်။ ညီ့ခန်းခြားနေသော်လည်း အသံကြားလျှင် 'မိဝင်းမာ' နှင့် 'မိမိလွင်' တို့က ချက်ချင်းနံရံကပ်ပြီး လာနားထောင်ကြမှာ။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါသည်။

နှစ်ယောက်လုံး မီးဖိုချောင်မျက်နှာကျက်နှင့် နီးအောင်ခုံခု ပြီး ချောင်းနားထောင်နေကြပါပြီ။

"တိုးတိုးပြော သူများတွေ ကြားကုန်မယ်"

"ကြားပစေပေါ့… မဟုတ်တာလုပ်ရင် ကြောက်ပေါ့… ပြောလေ… ရှင် မဟုတ်တာလုပ်လာပြီ မဟုတ်လား… ယူကာစ မိန်းမတစ်ယောက်လုံး အိမ်မှာထိုင်စောင့်နေမှန်း သိလျက်နဲ့ ရှင် ဘာအကြံအဖန် သွားလုပ်တာလဲ… ရှင့်မှာ ဒီလိုပျော်စရာရှိ ရင် ဘာဖြစ်လို့ ကျွန်မကို ယူလာသေးလဲ… ဒီလိုပုံစံမျိုးချိုးမယ် ဆိုရင်တော့ ကျွန်မ ပြန်မယ်"

"တကယ် ပြန်မှာလား… ပြန်မယ်ဆိုရင် ငါ ဝမ်းသာအား ရနဲ့ ပြန်အမ်းမယ်ကွာ"

"တင့် ဒါ ဘာစကားလဲ… မိန်းမတစ်ယောက်ကို လွယ် လွယ်နဲ့ယူပြီး လွယ်လွယ်နဲ့ပြန်ခိုင်းမယ် ဟုတ်လား… ဒါမျိုး လုပ်နေကြထင်တယ်… ဘယ်နှစ်ယောက် ပြန်အမ်းပြီးပြီလဲ… ကဲ 'မီကေ' တို့က ကားတစ်စီးလုံးပေးတာတောင် မပြန်ဘူး"

ထိုစကားကြောင့် အခန်းကိုယ်စီမှ တက်ချောင်းနေကြ သော သမီးယောင်းမနှစ်ယောက် ကိုယ့်ရင်ပတ်ကိုယ် ဖိထားရ





ရှာသည်။

"မင်းပဲ ပြန်မယ် ပြန်မယ် ပြောနေတာရော"

"မပြန်ဘူး မပြန်ဘူး စိတ်ချ… ရှင့်ကိုယူတာ ဖိမ်နဲ့နေချင် လို့ ငွေပေါမှန်းသိလို့ ဖြုန်းချင်သုံးချင်လို့ ယူတာ… ကဲ ဘာ ပြောချင်သေးလဲ"

ဘာမှ မပြောနိုင်တော့ပါ။ 'ခင်မောင်အေး' ဧည့်ခန်းထဲ တွင် မီးလင်းသွားခဲ့ပါသည်။

ရှစ်နာရီခန့်အထိ သားဖြစ်သူ လက်ဘက်ရည်ဝိုင်းသို့ မရောက်သဖြင့် 'ဒေါ်ကြည်မာ' က ခါတ်ဘူးအသေးဖြင့် လက်ဖက် ဘက်ရည်ထည့်ခဲ့သည်။ ပဲပြုတ်နှင့်ကြော်ထားသော ထမင်း ကြော်၊ ငါးခြောက်ဖုတ် သရက်သီးသုတ်ကတို့ကိုပါ ဗန်းဖြင့် ယူခဲ့သည်။

"ဟော ဘာဖြစ်လို့ ကိုယ်တိုင်ယူလာတာလဲ… ငါ့ရဲ့တော့ ကြီးတော့မှာပဲ"

ဧည့်ခန်းထဲရှိ နှစ်ယောက်ထိုင်ဆိုဖာပေါ်တွင် ခွေအိပ်နေ သော 'ခင်မောင်အေး' က ခေါင်းစုတ်ဖွားဖြင့် တံခါးပြေးဖွင့် ပြေးယူပါသည်။

အရင်က သားကြီး အိမ်မှာရှိသည့် ရက်များဆိုလျှင် ငါး

www.burmeseclassic.com

နာရီခန့်ထပြီး တစ်ခြံလုံး တံမြက်စည်းလှဲ၊ ပန်းပင်တွေ ရေလောင်းပြီး ပထမတစ်ခေါက် လမ်းထိပ်ရောက်ပြီးပြီ။ ပဲပြုတ်၊ အီကြာကွေး၊ ထပ်တစ်ရာ တစ်ခုပြီးတစ်ခု ထွက်ဝယ်ပြီး အဲဖေနှင့်အမေအတွက် စားပွဲပေါ်တင်ပေးထားတတ်သည်။

ခြောက်နာရီခန့်တွင် တူ၊တူမ များနှင့် နောက်တစ်ခေါက် လမ်းထိပ်သို့ ပြန်ထွက်တတ်ပြန်သည်။

လူမမာကိုတော့ ခရီးပန်းလို့အိပ်နေကြတုန်းဟု ညာထားရသည်။ 'ဝင်းမာ'သတင်းပို့၍ ညဘက်က ရန်ဖြစ်သည့်ကိစ္စကို နံနက် ငါးနာရီမထိုးခင်တည်းက သိပြီးပါပြီ။

ရောက်မလာခင်တည်းက သတင်းဆိုးတွေ ကြားထားပြီး၍သာ ခံနိုင်ရည်ရှိနေခြင်းဖြစ်သည်။

အခန်းထောင့်က စားပွဲပေါ်တွင် ညက ထမင်းဟင်းလင်ဗန်းက ပုံစံမပျက် ရှိနေဆဲ။ လက်ဘက်ရည်ထုပ်နှင့် မုန့်ထုပ်ကို နံရံတွင်ချိတ်ထားကြောင်း တွေ့ရသည်။

"ကဲ သား ဗိုက်ဆာရောပေါ့... စားလိုက်အုံး... 'ကေသရီ'တိုလည်း နိုးလာရင်စားခိုင်းအုံး... ဟိုလင်ဗန်းအဟောင်း မေမေပြန်ယူသွားမယ်"

"ဟာ နေပါစေ... ကျွန်တော် ဆေးကြောပြီး လာမှို့ပါ့မယ်"

'ဖိုးထူး' ပြောပြသဖြင့် ကားဒရိုင်ဘာ 'ထွန်းမြင့်' တစ်ယောက် ခြံဝမှာပင် နောက်ကြောင်းပြန်လစ်သွားခဲ့ကြောင်း သိရသည်။ သူ့ခေါက်ကြေးပေးရန်အတွက် 'ခင်မောင်အေး' နောက်မှ ပြေးလိုက်သွား သောအခါ 'ထွန်းမြင့်' က ထွက်ပြေးသဖြင့် အနီးမှဖြတ်မောင်းသော မိတ်ဆွေတစ်ဦး၏ကားကို ရပ်နိုင်းပြီး လိုက်ရသည်။

မျက်နှာချင်းဆိုင် တွေ့သောအခါ 'ထွန်းမြင့်' က တုန်တုန်ရီရီ ဖြစ်နေပြီး ခေါင်းကိုငုံ့ထားသည်။

"ရော့ ခင်ဗျား ဒီတစ်ခေါက်ကြေးမှ မရသေးတာ"

"နေပါစေတော့ဗျာ... 'ဖိုးထူး' ပြောပြလို့ 'ကိုခင်မောင်အေး' တို့လင်မယား ပြဿနာတက်ကြပြီလို့ သိရတယ်... ကျွန်တော့်ကြောင့် အင်မတန်ယဉ်ကျေးဖော်ရွေတဲ့ 'ကိုခင်မောင်အေး' စိတ်ဆင်းရဲရတာကို တောင်းပန်ပါတယ်ဗျာ... ကျွန်တော် လျှောက်ပြောမိတာကလည်း 'ကိုခင်မောင်အေး' ကို နှမြောလို့ပါ... မတန်လို့ပါ... ဒီမိန်းမ ကို ဆက်ပေါင်းရင် တစ်နေ့မဟုတ် တစ်နေ့ ပြဿနာတော့ ရှင်းရအုံးမှာပဲ"

'ခင်မောင်အေး' က သက်ပြင်းရှည်ကြီးချရင်း...







www.burmeseclassic.com

"ခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်ဗျာ… ကျွန်တော် အခက်အခဲရှိတုန်း ကူညီပေးတဲ့အတွက် ခင်ဗျားကို ကျေးဇူးအများကြီးတင်ပါတယ်… ဒါ ခင်ဗျားအတွက် ခေါက်ကြေးအပြင် နှစ်ထောင်ပို့ထည့်ထားပါတယ်"

'ကိုထွန်းမြင့်' နှင့် ဆက်အလုပ် မလုပ်ချင်တော့သဖြင့် ဆက်မသုံးတော့ဘူးဟုပြောသည့် အဓိပ္ပါယ်ပါပဲ။ အမှန်အတိုင်းပြောရလျှင် 'ထွန်းမြင့်' ကတော့ မောင်းကြေးကောင်းကောင်းရပြီး၊ နေ့ရတိုင်းရ အဆင်ပြေသဖြင့် 'ဒေါ်ကြည်မာ' က သားသမီးအရင်းများစားသလို ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ကျွေးသဖြင့် ဤအလုပ်မှာ ဆက်လုပ်ချင်ပါသည်။

သို့သော် မိမိပါးစပ် စည်းမစောင့်သဖြင့် အလုပ်ရှင်ကောင်း တစ်ယောက်ကို လက်လွှတ်လိုက်ရပါပြီ။

'ခင်မောင်အေး' ကိုယ်တိုင်လည်း ယောက္ခမများနှင့် တွေ့ရပတ်သက်ရအုံးမှာဖြစ်၍ ဤလမ်းဤခရီးကို ဆက်သွားနေရပေဦးမည်။ 'ကေသရီ' သဘောထားကို သိနေရပြီပဲ။ သိန်းနှစ်ရာကျော်တန် ကားတစ်စီးလုံးပေးရင်တောင် ဤအိမ်က မခွာဘူးပြောနေမှတော့ မိမိကို တကယ်မချစ်ဘဲ အမိဖမ်းလိုက်ပြီးဆိုတာ ရှင်းနေပြီပဲ။



သူမအပေါ် မိမိ မက်မောခဲ့သမျှ၊ နှစ်နှစ်ကာကာ ချစ်မိသည်ဟု ထင်ခဲ့သော ချစ်စိတ်များ ပျောက်သွားခဲ့သည်မှာလည်း အံ့ဩစရာပါပဲ။

မိမိကို လိမ်သဖြင့် မိမိ ရှုံ့ရှာနာကြည်း သွားခဲ့မိပါသည်။ လွန်ခဲ့သည့် ဆယ်ရက်ကျော်တုန်းက သူမ၏ အလှအပ၊ အတွေ့အထိ အညှုခရာများကို မိမိလွန်စွာ တပ်မက်ခဲ့မိပါသည်။ ကြားလေသွေးလျှင် ဝေးမည်ဟုပင် ထင်မိခဲ့သည်။

မခွဲနိုင်သဖြင့်၊ ဝေးမှာကြောက်သဖြင့်၊ 'ခင်အေးမြင့်' ဂိုးချောသဖြင့် အိမ်ကအတင်းခွဲမှာ ကြောက်သဖြင့် အသက်ကြီးမှ မိန်းမခိုးပြေးသည်အထိ အရူးမဲ့ခဲ့မိပါသည်။ အသက် ၃၅ နှစ်ကျော်မှဆိုတော့ ကြီးမှဝက်သက်ပေါက်သဖြင့် အချစ်ဝေဒနာကို အလူးအလိမ့် ခံစားရမှာ ကြောက်သဖြင့် မိုက်လုံးကြီးခဲ့မိပါသည်။

ရှေ့နောက်မဆင်ခြင်ဘဲ မာယာကျော့ကွင်းထဲ အတင်းတိုးဝင်ခဲ့မိသဖြင့် ယခု ပြန်ထွက်ရခက်နေလေပြီ။

တစ်ရပ်ကွက်လုံးက မိမိထက်စောပြီး 'ကေသရီ' ရာဇဝင်ကို သိနှင့်နေကြပြီ။ သူမ၏နောက်ကြောင်း ရာဇဝင်ကလည်း ကြားရသမျှသာမှန်လျှင် ဘာတစ်ခုမှ မကောင်းပါလား။



www.burmeseclassic.com

www.burmeseclassic.com

ရည်းစားမှိုလိုပေါက်အောင် ထားခဲ့သူ။

သူမကြောင့် လူသေပြီး လူသတ်မှုနှင့် ထောင်ကျသူ ကျခဲ့ပြီးပြီ။ ပြီးတော့ ခိုးရာလိုက်ပြေးပြီးလို့ ပြန်သိမ်းထားတာတဲ့ ဒါဆို အပျိုစင်မဟုတ်တော့ဘူးပေါ့။ ကဲ သူနဲ့လိုက်ပြေးထားတဲ့ လူ တစ်နေ့ရာရာက ပြန်ပေါ်လာပြီး သူ့မယားကိုခိုးပါတယ် ဆိုပြီး မိမိကိုလာသတ်ရင်ကော။

မဖြစ်ပါဘူး။ မင်္ဂလာသတင်းကို သတင်းစာထဲ မထည့်တော့ပါဘူး။ ဖြစ်နိုင်လျှင် မိမိ နောက်ကြောင်းကိုပြန်လှည့်ပြီး 'ခင်အေးမြင့်' ဆိုသည့် မိန်းမဆီမသွားမီအချိန်ကို ပြန်ရောက်ချင်နေပါသည်။ နောင်တတွေ ရနေပါသည်။

ချစ်လည်း မချစ်ချင်တော့ပါဘူး။

" ကိုကို:"

ထိုခေါ်သံကြောင့် လန့်ပြီး တုန်သွားပါသည်။

ရန်ကုန်ကို ပြန်မရောင်ခင်အချိန်အထိ ကိုကိုဟုခေါ်လိုက်လျှင် အသည်းနှလုံးထဲတွင် တငြိမ့်ငြိမ့်နှင့်ကြည်နူးသွားပြီး လွန်စွာချစ်မြတ်နိုးသော မျက်လုံးအစုံဖြင့် ခပ်ပြုံးပြုံးလှမ်းကြည့်ပြီး ဗျာဟုထူးတတ်သည်။ မျက်ခုံးပင့် မျက်စပစ်၍ ခေါင်းဆတ်၍ ချစ်အမှတ်တံဆိပ်မျိုးစုံ လုပ်ပြတတ်သည်။





ယခုတော့ တွန့်ကနဲဖြစ်သွားပြီး စိတ်ပျက်သလို လှမ်းကြည့်မိသည်။

"ကိုကို လို့..."

"ရှိတယ်လေ ဘာလုပ်ချင်လို့လဲ"

"ဒီကိုလာစမ်းပါ... အကြောတွေတက်နေတာ နေလို့ကိုရတော့ဘူး... နည်းနည်းလောက် လာနှိပ်ပေးစမ်းပါ"

"လမ်းထိပ်မှာ အနှိပ်သည်ရှိတယ်... ခေါ်ပေးရမလား"

"ဟာ မနေ့ညကမှရောက်တာ ဒီနေ့ ခေါ်နှိပ်ရင် ရှင့်အိမ်က ဘာပြောမလဲ... ဘာလဲ အိမ်ရောက်လာတော့ အမျိုးတွေဖိအားပေးလို့ ဂရုမစိုက်ချင်တော့တဲ့ သဘောလား... ရှင့်ကို အစည်းကမလိုက်ပါဘူးလို့ အတန်တန်ပြောခဲ့တုန်းက ရှင် ရှိခိုးတတ်တောင်းပန်ပြီး ခေါ်လာတာမဟုတ်လား... 'ကေသရီ' ကို ဘာကောင်မ မှတ်လို့လဲ"

နောက်ဆုံးစကားများကို သူမ က ငိုသံကြီးဖြင့် ထအော်ခြင်းဖြစ်၍ 'ခင်မောင်အေး' လေ၏ အလျင်နှုန်းဖြင့် ဝုန်းကနဲထပြေးပြီး သူမ ၏ ပါးစပ်ကို ပိတ်ထားမိသည်။

သူမက ပိတ်ထားသောလက်ကို ကိုက်နေသဖြင့် ကျန်လက်တစ်ဖက်က ခေါင်းအုံးကိုဆွဲယူပြီး ခေါင်းအုံးဖြင့် ပါးစပ်ကို


www.burmeseclassic.com

www.burmeseclassic.com

ပိတ်ထားမိသည်။

"ဂူး..."

"အူး ဟူး ဟူး"

သူမက အသက်ရှူမရသဖြင့် ခြေထောက်နှစ်ဖက်ကို ကုတင်ပေါ်တွင် တဒုန်းဒုန်းသာလုပ်နေပါတော့သည်။

"ဒုန်း ဒုန်း လွှတ်... ဟောဒီမှာ ကျွန်မကို သတ်နေပါပြီ— လာကယ်ကြပါဦးရှင်"

ခေါင်းအုံးလွှတ်သွားချိန်တွင် သူမ အသံက ကျယ်လောင်စွာ ထွက်သွားခဲ့ပါပြီ။

"ဟဲ့ ဟဲ့ သားကြီး ဘယ်လိုဖြစ်နေတာတုန်း... ဘုရား ဘုရား သေသွားရင် မင်း ထောင်ကျမှာလေ... ဘာဖြစ်တာလဲ အမေ့ကိုပြောပြပါဦးကွယ်"

"အီး ဟီး ဟီး"

"အီး ဟီး ဟီး"

'ကေသရီ' က မလုံမလဲဖြစ်နေသော အဝတ်အစားများကို ဆွဲဖိ၊ ဆွဲဖုံးရင်း လူသေလျှောင် ငိုနေသလိုမျိုး အော်ကြီးဟစ်ကျယ် ရှိုက်ကြီးတငင် ငိုနေသဖြင့်...

"ဟဲ့ ဟဲ့ သမီး... အဲ့သလို မငိုနဲ့လေ... ဘေးအိမ်တွေ





ကြားကုန်ရင် ရှက်စရာကြီးကွယ်... မနေ့ညနေကမှ ရောက်လာပြီး ခုလို အော်ငိုနေတော့ ပတ်ဝန်းကျင်က တစ်မျိုးထင်နေပါလိမ့်ကွယ်"

"ရှင့်သားက ကျွန်မကို ခေါင်းအုံးနဲ့ ဖိသတ်နေတာကျတော့ရော"

ရှင် ဆိုသောအသုံးအနှုန်းကြောင့် 'ဒေါ်ကြည်မာ' မျက်နှာပျက်သွားသလို၊ အပေါက်ဝတွင် ရောက်နေသော 'ဝင်းမာ' က...

"နင် မိုက်ရိုင်းလှချည်လား... ဒါ အမေအရွယ်လေ... ပြီးတော့ နင်က သူ့သားကိုယူထားတာလေ... နင့်အမေပဲ မှတ်ဘူးလား... အဲ့လို မိုက်ရိုင်းတာတော့ ဘယ်ကောင်းမလဲ"

'ဝင်းမာ' စွာသလို 'ကေသရီ' ကလည်း အံကြိတ်မျက်နှာင်းထိုးပြီး ကြည့်နေပါသည်။ 'ဒေါ်ကြည်မာ' က လက်ဟန်ခြေဟန်နှင့် 'ဝင်းမာ' ကို ဝင်မပါရန် ပြောသည်။ မောင်းထုတ်သည်။

'ဝင်းမာ' က ခုံတစ်လုံးကို တွန်းချသွားရင်း...

"ဟား မမေတော့ ရှယ်ချွေးမကို ထပ်ရပြီပဲ... ငါ့အစ်ကို ဒာ့အေးကြီးကလည်း မီးတောင်ကို ဖင်ခုထိုင်ထားမိပြီ သွားပြီ သွားပြီ"


www.burmeseclassic.com

www.burmeseclassic.com

'ညီထွန်း' က အော်ဟစ်ထွက်လာသော 'ဝင်းမာ' ကို ပါးစပ်ပိတ်နေရန်ပြောရင်း အခန်းထဲဆွဲခေါ်သွင်းခဲ့သည်။

"ရှက်စရာကြီးကွာ... လမ်းမပေါ်မှာ လူတွေလာအုံကြည့် နေကြပြီ... ကိုယ့်ကိစ္စမဟုတ်ဘဲ မင်း ဝင်မပါနဲ့လေ မိန်းမရာ"

"ဟင် ကိုယ့်အစ်ကိုကိစ္စက ကိုယ့်ကိစ္စမဟုတ်ဘူးလား"

"လူပျိုကြီးဘဝတုန်းကတော့ ပြောချင်တာပြောလေ— အခု သူက မိန်းမရသွားပြီ... မယားထိ ဓါးကြည့် ဆိုတာမျိုးဖြစ် လာရင် ခင်ဗျား ငိုရမှာသိလား"

"အိုး ဟီး ဟီး အခုကိစ္စအားလုံးက ကိုကြီး မှာအပြစ်မ ဘူးသိရဲ့လား ယောကျ်ားရဲ့... ဟိုဟာမ စတဲ့ဓာတ်လမ်း"

"ဟာ လျှာရှည်ပြန်ပြီ... ဘယ်သူ့ကိစ္စမှ မစဉ်းစားနဲ့— နံပါတ်တစ်အရေးကြီးတာ မင်းနဲ့ငါနဲ့ မေတ္တာမပျက်ဖို့ နံပါတ် နှစ်အရေးကြီးတာ ငါတို့သားအမိသားအဖလေးယောက် ကျန်း မာချမ်းသာပြီး စည်းစည်းလုံးလုံးရှိဖို့ နံပါတ်သုံးအရေးကြီးတာ က မိဘတွေအတွက် မင်း အကောင်းဆုံးဖြစ်အောင် ပြုစုနိုင်ဖို့ပဲ"

"ဟုတ်တာပေါ့... ရှင်က သူစိမ်းကို... 'ဝင်းမာ' ကတော့ အရမ်းကောင်းခဲ့တဲ့ ကိုကြီး ကို ညာပြီးယူခဲ့တဲ့အတွက် အခု ကိုကြီး စိတ်ဆင်းရဲနေရတာကိုကြည့်ပြီး အရမ်းသနားမိလို့ သိ







လား... အရမ်းလဲ ခံပြင်းတယ်"

"ကြည့်နေ ပြန်တည့်သွားလိမ့်မယ်... အဲ့သလိုမိန်းမမျိုး တွေက ယောကျ်ားတွေကို သိပ်လှည့်စားတတ်တာ... တိုင်မှာ ကြိုးချည်ထားသလို မင်းအစ်ကိုကြီး သူ့နားက အဝေးကြီးကို သွားနိုင်မှာမဟုတ်ဘူး"

"အံမာ... ရှင်က အဲ့သလိုမိန်းမလည်မျိုးကို တွေ့ဖူးလို့ လား... ပြောနေလိုက်တာ... ပွဲကြည့်လေ သေသွားမယ်မှတ်"

"ဟား ဟား ကိုယ်က အဲ့ဒီမိန်းမထက်လည်တဲ့ မိန်းမ ရဲ့သိမ်းပိုက်မှုကို ကျောင်းမပြီးခင်တည်းက ခံထားရတာ"

"ဟင် ဒါ ဘာစကားလဲ... ဒီလိုမိန်းမလည် မိန်းမယုတ် မိန်းမပျက်မျိုးနဲ့ 'ဝင်းမာ' ကို နှိုင်းတယ်ဟုတ်လား... ရှင်ကိုက ကျောင်းပြီးအောင် စာမသင်နိုင်လောက်အောင် ရှုနေတာကို ကဲ"

"ဟား ဟား ဟား လက်ခုပ်ဆိုတာ နှစ်ဖက်တီးမှမြည် တာလေ"

"ကဲ ကဲ ပြောအုံး ပြောအုံး"



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

မင်္ဂလာပွဲ ထင်ထားသည့်အတိုင်း စည်စည်ကားကားရှိခဲ့ပါသည်။

'ခင်မောင်အေး' က လှုချစ်လှုခင်ပေါ်သလို၊ 'ဒေါ်ကြည်မာ' တို့လင်မယားက ရပ်မိရပ်ဖ နေရာတွင်ရှိသူများ။

'စိုးမောင်' ၏ မိတ်သင်္ဂဟများကလည်း ဖိတ်သမျှလာသလို 'ညီထွန်း' 'ဝင်းမာ' တို့ မိတ်ဆွေသူငယ်ချင်းများကလည်း လာကြသည်။

လက်ဖွဲ့ပုံကြီးမှာ ဟီးထနေသလို၊ ငွေဖလားထဲမှ ငွေများ





ကို ရေတွက်ကြည့်သောအခါ ဆယ်သိန်းခန့်ရသဖြင့် 'ကေသရီ' က လိုချင်နေပုံရသည်။

ပွဲမဝင်ခင်တည်းက သူမ ကိုပြောထားပြီးသား။ ဤငွေနှင့် ကုန်ကျစရိတ်သည် မိဘများ အကုန်အကျခံထားသဖြင့် လက်ဖွဲ့ငွေကို မိဘများလက်ထဲ ပြန်ထည့်ပြီး လက်ဖွဲ့ပစ္စည်း တစ်ဝက်ကိုသာ မိမိတို့ယူမည်၊ ကျန်တစ်ဝက်ကို ဟိုဘက်မိဘ ဘက်မိဘ ခွဲယူမည်။

"ငွေတွေ အဲ့သလောက်အများကြီးရတာပဲ ငါးသိန်း လောက်ပဲ အိမ်ကို ပြန်ပေးပေါ့... အဖေတို့အမေတို့ပြန်ရင် ကန့်တော့လိုက်ချင်သေးတယ်"

"ဘယ်လောက် ကန့်တော့ချင်တာလဲ... ဒါဆိုလဲ အဝေး ပြန်ရမှာဆိုတော့ လက်ဖွဲ့တွေသယ်ခိုင်းမနေနဲ့တော့... ငါး သောင်းလောက် ကန့်တော့လေ... ကိုယ်ပဲပေးလိုက်မယ်... မေ တို့အများကြီး ကုန်ထားတာ... 'ကော့' ရဲ့ မင်္ဂလာဝတ်စုံနှစ်စုံ ထဲ သိန်းကျော်ကျတယ်... တစ်ခြံလုံးမှာရှိတဲ့ မိသားစုရော သူပ်သမားရော အဝတ်အစားအားလုံး ဝယ်ပေးရတာ...

ဒန်ပေါက်နဲ့ ရေခဲမုန့်ကလဲ မလောက်လို့ တစ်စည်ပြီး စည် တစ်အိုးပြီးတစ်အိုးထပ်ဝယ်ရတာ... ကုန်တာကိုက



www.burmeseclassic.com

www.burmeseclassic.com


ရှစ်သိန်းလောက်ရှိတယ်"

"အေးလေ လက်ဖွဲ့ကလည်း ဆယ်သိန်းအိုးလောက်ရထားတာပဲ... မြတ်နေတာပဲ... ဘာပဲဖြစ်ဖြစ် မိန်းကလေး မိဘဘက်ကတော့ တစ်ဝက်ရသင့်တာပဲ"

"ဟင် ဒါဆို မင်းက ငါးသိန်းလောက် လိုချင်တဲ့သဘောလား"

"ဒါပေါ့... သမီးတစ်ယောက်လုံး အပိုင်ပေးထားခဲ့ရတဲ့ မိဘအတွက် 'ကေ' တို့ဘက်မှာ နို့ဘိုးပေးရတယ်... ဆယ်သိန်းဆယ့်ငါးသိန်းပေးရတာ... တချို့ဆို သိန်းသုံးလေးဆယ်တောင် ပေးတာ"

"ဟုတ်လား... 'ကေ့' ကို အဲ့သလို နို့ဘိုးတင်တောင်းတဲ့ လူတွေမရှိဘူးလား"

ထိုစကားကြောင့် သူမ ပုံစံမှာ ဒေါပွသွားပြီ...

"အမေတို့က ဘွဲ့ရစေချင်လို့ လင်ပေးစားဖို့ စိတ်တောင် ကူးခဲ့တာ မဟုတ်ဘူး... ရှင်နဲ့ 'ဒေါ်ခင်အေးမြင့်' ကြောင့် 'ကေ' က နေရင်းထိုင်ရင်း လင်ရသွားတာ... ရတဲ့လူကလည်း လူလည်ကြီး... ကပ်စေးနည်းကြီး ဖျံကြီး"

"ဟား ဟား ဟား ဖျံကြီးနဲ့ ဂျင်ပေါက်ကထုံးမနဲ့ တွေ့





တဲ့ဇာတ်လမ်းပေါ့ ဟုတ်လား... ကဲပါလေ... 'ကေ' က မိဘတွေကို တစ်ဝက်ပေးချင်တယ်ဆိုရင် ငါးသိန်းပေးမယ်... ဒါပေမဲ့ 'ကေ' လည်း မိဘတွေနဲ့ ပြန်လိုက်နေရမယ်"

"ဟင် ဒါ ဘာစကားလဲ... အရင်ကတော့ ဟိုမှာနေရင် သေတော့မလို ဖြစ်နေပြီး အခုမှဘာလို့ ဟိုမှာအတင်းပြန်နေခိုင်းနေတာလဲ... ကွာချင်တဲ့ သဘောလား... သိပ်ကွာချင်နေရင်လဲ ကားနှစ်စီးပေး... ကွာပေးမယ်"

"ပေးမယ်လေ... ပလတ်စတစ် ကားတစ်စီးနဲ့ နို့ဆီခွက်နဲ့လုပ်ထားတဲ့ ကုန်ကားတစ်စီး"

"ဒါ ဘာစကားပြောတာလဲ... လှောင်တာလား တောင်းတာမပေးရင် ပြန်ခိုင်းတဲ့စကားမပြောနဲ့ ဒါပဲ"

"အေးဗျ... မပြန်ဘူးဆိုရင် မိသားစုစိတ်ဓါတ်နဲ့ စည်းစည်းလုံးလုံးနေမှဖြစ်မယ်... ကိုယ်က သုံးလေးရက်နေရင် ကား ပြန်မောင်းတော့မှာ"

"အခန်းထဲမှာ မီးဖိုရော အိုးခွက်ရော ရေမီးအစုံရှိတာပဲ... 'ကေ့' ဖါသာ ချက်စားမယ်"

"ဟာ မရဘူးလေ... 'ကေ့' ကို ယူလာတာ ကိုယ့်မိဘ အဖော်ရအောင် အားကိုးချင်လို့ ခေါ်လာတာ"


www.burmeseclassic.com

www.burmeseclassic.com

" 'ကေ' မှ မချက်မပြုတ် တတ်တာပဲလို့"

"မချက်တတ်ရင် ဘေးကကူလုပ်စရာတွေ ပုံလို့"

"အိမ်ဖော်လည်း မရှိဘူးဆို... အိုးခွက်တွေပါ ဆေးရမှာလား"

"ဟုတ်တယ် 'မီလွင်' တို့လည်း ဒီလိုပဲ လုပ်ရတာပဲ... အဝတ်လျှော်တဲ့လူပဲ ခေါ်ထားတာ... ဒါတောင် 'မီလွင်' တို့ သူ့ဖါသာသူ အဝတ်လျှော်စက်နဲ့ လျှော်တာ"

" 'ကေ့' ကိုလည်း အဝတ်လျှော်စက် ရေခဲသေတ္တာ အဲကွန်း ပန်ကာတွေ တပ်ပေးဦးလေ... သူတို့အခန်းတွေကျတော့ ပစ္စည်းတွေ စုံနေအောင် ထည့်ထားကြတာ"

"အဲ့ဒါက 'ညီထွန်း' မိဘနဲ့ 'မီလွင့်' မိဘက လာတပ်ပေးကြတာ... ကိုယ်တို့အိမ်က လုပ်ပေးတာ မဟုတ်ဘူး"

"ဟင် ဒါဆိုရင် 'ကေ' လိုချင်ရင် 'ကေ့' မိဘတွေကို တပ်ခိုင်းရမယ်ဆိုတဲ့ သဘောလား"

"အဲ့သလိုတော့ မဟုတ်ဘူးပေါ့ကွာ... သူတို့ကို ကိုယ်မလုပ်ပေးခဲ့ဘူးလို့ ကိုယ့်အလှည့်ကျတော့ တပ်ရတာခက်နေတယ်လေ... 'ကေ့' မိဘတွေ တပ်ပေးမယ်ဆိုရင်တော့ ဘယ်သူကမှ ပြောရဲမယ်မထင်ပါဘူး"





'ကေသရီ' က မဲ့ရွဲ့ရင်း...

"ဟွန်း ရှင့်မလည်း ဖင်ချွတ်တက်အောင်သာ ရှာကျွေးခဲ့ရတာ တစ်အိမ်လုံးကိုလည်း ကြောက်ရတာလွန်ရော... ကဲ အဖေတို့ကို ငါးသိန်းပေးမယ့်ထဲက 'ကေ' တစ်ဝက်ပြန်ယူပြီး အဲယားကွန်းတပ်မယ် ရေခဲသေတ္တာဝယ်မယ်"

မျက်နှာချင်းဆိုင်တာနှင့် တစ်ခုမဟုတ်တစ်ခု ဂျီကျတတ်လွန်းသဖြင့် မိမိ၏မိသားစုကို တစ်ခုမဟုတ်တစ်ခု ပြဿနာလုပ်လွန်းသဖြင့် နောက်ပိုင်း ကားပေါ်မှာသာ များများနေတော့မည်ဟု တွေးနေမိသည်။

သားလူပျိုကြီး မဟုတ်တော့သဖြင့် မိဘများကလည်း ယခင်ကလို အပ်သမျှမယူတော့ပါ။ 'ကေသရီ' အကြောင်းသိသဖြင့် အိုးခွဲစားခွင့်လည်း ပြုခဲ့သည်။

သားဖြစ်သူ စိတ်ချမ်းသာဖို့ကိုသာ အဓိက ဟု မိခင်က ပြောသည်။

မည်မျှအထိ လိုက်လျောသနည်းဆိုလျှင် ကားတစ်စီးအပိုင် ယူချင်ရင်လည်း ယူနိုင်ကြောင်းပြောလာသဖြင့် 'ခင်မောင်အေး' က မျက်ရည်အဝဲသားဖြင့်...

"မိဘတွေ မရှိတော့ရင်တောင် ညီနဲ့ညီမကျ ကျေနပ်ရင်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ဒီပုံစံအတိုင်း နေသွားနိုင်ပါတယ်"

'ဒေါ်ကြည်မာ' က ကျေနပ်စွာပြုံးရင်း သား၏ ပခုံးကို ပုတ်လိုက်ရင်း...

"မိဘတွေမရှိတော့ရင်တော့ ဒီလိုတစ်အိုးတည်းစားပြီး တစ်စီးပွားထဲ ဖြစ်ဖို့ဆိုတာကတော့ ဖြစ်နိုင်တော့မယ် မထင်တော့ပါဘူး... အိမ်ထောင်ကွဲတွေဆိုတော့ ခွဲထွက်ဖို့ပဲ စဉ်းစားနေကြမှာပါလေ"

"ကျွန်တော့်ကို သွေးကွဲတွေစကားတွေ မပြောပါနဲ့ အမေရာ... ကျွန်တော့်မိဘရှိနေသ၍ ခွဲထွက်ဖို့ ကျွန်တော့်ဘက်က ဘယ်တော့မှ စမပြောဘူး"

"သား စိတ်ဓါတ်ကို အမေ သိပါတယ်... ဒါပေမဲ့ သားမိန်းမကျေနပ်ဖို့လည်း လိုတယ်လေ... သား ခရီးထွက်နေတဲ့ အချိန်မှာ သူ မကျေမနပ်ဖြစ်ကျန်ရစ်ခဲ့မှာ စိုးလို့ပါ"

"သူ့ကို ဆုံးမထားပြီးသားပါ... ကောင်းကောင်း မနေဘူးဆိုရင် သူ့မိဘအိမ်မှာပဲ ပြန်နေခိုင်းမယ်"

"သူ မသွားချင်တာကို အတင်းတော့ မောင်းမထုတ်ပါနဲ့"

"ဒါဆိုရင် ဒီအိမ်က စည်းကမ်းအတိုင်း နေနိုင်အောင်





ကြိုးစားပေါ့... မဟုတ်ဘူးလား"

သားကြီးကတော့ တကယ့်ကို လိမ္မာရှာပါသည်။

သို့သော် ချွေးမအသစ်ကိုတော့ သည်းခံခွင့်လွှတ်နိုင်အောင် ကြိုးစားသွားရမည့်အရေး ရင်လေးမိသဖြင့် သက်ပြင်းရှည်ကြီးကို ချလိုက်မိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထားပါတော့။ ယူကာစမို့ ခွဲနေရလို့...။

လွမ်းလို့ အိပ်ယာထဲမှာ ခွေနေရင် သုံးလေးရက်ပေါ့

မိဘတွေ ပြန်သွားလို့ လွမ်းနေရင် သုံးလေးရက်ပေါ့။ ခုတော့

တစ်ပတ်သာ ပြည့်သွားသည်၊ အိပ်ယာထဲခွေနေတာက မ

နိုင်။

မိုက်ဆာလျှင် ခေါက်ဆွဲခြောက်ထုပ် ပြုတ်သောက်

ကာဖီမစ်၊ တီးမစ်၊ မုန့်ကျွတ်၊ ကိတ်မုန့်တွေနှင့် စခန်းသွား

သဖြင့် 'ဒေါ်ကြည်မာ' တစ်ပတ်ပြည့်သည့်နေ့တွင် အခန်း





ခါးခေါက်ပြီး ဝင်ခဲ့ရတော့သည်။

"မေမေ လာတာကိုး"

"ဟုတ်တယ် နေမကောင်းလို့လား... 'မောင်အေး' က မနက်ခြောက်နာရီဆို မီးဖိုထဲရောက်လာလိမ့်မယ်လို့ ပြောသွားတာ... တစ်ပတ်အထိ ရောက်မလာလို့... နေမကောင်းရင်လည်း ဆေးခန်းသွားရအောင် လာကြည့်တာ"

"အဟင်း ဟင်း... 'ကေ' ကမချက်တတ်တော့ အနှောင့်အယှက်ဖြစ်မှာစိုးလို့ပါ... ပြီးတော့ 'မဝင်းမာ' ကိုရော 'မမီလွင်' ကိုကြောက်လို့ပါ... သူတို့မျက်လုံးကြီးတွေက မကျေနပ်မှန်းမလာစေချင်မှန်း သိသာလို့ပါ"

"ဘယ်လိုပဲဖြစ်ဖြစ် ဒီမိသားစုဝင် ဖြစ်သွားပြီဆိုတော့ လာမှ ဖြစ်မှာပေါ့... 'မောင်အေး' ဆီက ဖုန်းလာလို့ပြောပြတော့ နက်ဖြန်ကစပြီး မေမေကိုယ်တိုင် လာခေါ်ပါတဲ့... မနက်ကျရင် လာခေါ်မယ်... ခြောက်နာရီတိတိလောက်"

'ဒေါ်ကြည်မာ' က ဧည့်ခန်း၊ အိပ်ခန်း၊ မီးဖိုခန်း၊ ရေအိမ် အားလုံးဝင်ကြည့်ပြီး...

"နေကောင်းနေတာပဲ... သပ်သပ်ရပ်ရပ် ရှင်းထားဦးလေ ဆောက်ကြာ ဆွေမျိုးတွေဘာတွေ ရုတ်တရက်လာလည်ရင် 'ကေ'


www.burmeseclassic.com

www.burmeseclassic.com


သရီ' ကိုပဲ အထင်သေးမှာ.., အမေတို့ တစ်မိသားစုလုံးက သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ် လှလှပပပြင်ဆင်ပြီး နေတတ်ကြတာ... ကဲ ကဲ နက်ဖြန်ရောက်မလာရင် လာခေါ်မှာနော်... တော်ပြီပေါ့ တစ်ပတ်လုံး အခန်းအောင်းနေရတာ... နက်ဖြန် ဈေးကိုလိုက်ခဲ့ရမယ်"

နောက်တစ်နေ့မနက်တော့ မခေါ်ခင်က မီးဖိုထဲရောက်လာပါသည်။ ဈေးသွားရမည်ဆို၍ ရှိုးအပြည့်ထုတ်ထားပါသည်။ ပုဂံဆံအိတ်ကိုလည်း ဂျိုင်းကြားညှပ်ထားသေးသည်။

"ဪ 'မကေ' ပါလား... ကော်ဖီ သောက်မလား... လက်ဘက်ရည် သောက်မလား"

"တော်ပြီ ဖျော်သောက်ခဲ့ပြီးသွားပြီ... အမေ ဈေးလိုက်ခဲ့ဖို့ခေါ်ထားလို့... နောက်ရက်တွေ 'ကေ' ပဲ ဈေးသွားဝယ်ပေးမယ်"

"ဈေးက အလှည့်ကျဝယ်ကြရတာ... မေမေ ခိုင်းတဲ့လူ သွားရတာ"

'ခေါ်ကြည့်မာ' တော်တော်ကို သည်းခံနေရပါသည်။

ဈေးထဲမှာ ခါတိုင်း နာရီဝက်ကျော်ကျော်သာ ကြာသော်လည်း ယခု နှစ်နာရီနီးပါး ရှိသွားပြီ။ 'ကေသရီ' က ဝယ်မျှော်ရှိ

လို့ဆိုပြီး ဟိုဘက်ထွက်သွားလိုက်၊ ဒီဘက်ထွက်သွားလိုက် လုပ်နေသောကြောင့်ဖြစ်သည်။

အဝတ်အထည်တွေ တစ်ပုံကြီးကို အိတ်မျိုးစုံနှင့် ဝယ်လာပြီး မိမိနှင့်ချိန်းထားသောနေရာတွင် လာအပ်ထားသည်မှာ စားရင်းတွက်ကြည့်သောအခါ နှစ်သောင်းခွဲဘိုးရှိပြီ။ ဟော ဟိုမှာ သစ္စာဘူးနှစ်လုံးကို ပွေ့ပိုက်၍လာနေပြန်ပြီ။ တစ်ခုက ကက်၊ တစ်ခုက ဗွီစီဒီစက်။

"ဗွီစီဒီကြည့်ချင်ရင် ဧည့်ခန်းမှာရှိတာပဲ သမီးရယ်... ပြီးတော့ သမီးတို့အခန်းထဲမှာ တီဗွီမှမရှိတာ"

"ဆိုင်ရှင်က အိမ်ကိုလာပို့ပေးမှာ... ကြည့်လို့ရတဲ့အထိကြိုးတွေဘာတွေ လာတပ်ပေးမှာလေ... နေ့ခင်းမှ လာတပ်ပေးမယ်တဲ့"

သူမ ကို ဈေးခေါ်လာမိတာ မှားသွားပြီပဲ။

အားလုံး နှစ်သိန်းကျော်ဖြုန်းခဲ့ပြီ။ အင်းလေ သူ့ယောကျ်ားရှာတာပဲ။ လောလောဆယ်လည်း လက်ဖွဲ့ငွေတွေ ပေးသွားပုံရလို့ 'ဝင်းမာ' တို့စုံတွဲနှစ်တွဲရဲ့ အခန်းတွေနဲ့အပြိုင် မျက်နှာငယ်ရအောင် ထားချင်လို့ နေမှာပေါ့လေဟု တွေးပြီး စိတ်ကိုဖြေလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် မိမိသားကြီး၏ မိန်းမ။ ဝါအရဆိုလျှင် ချွေးမ ကြီး။ သူမလည်း အဆင့်အတန်းမြင့်မြင့် နေချင်ရှာမှာပေါ့လေ။

"မေမေကလည်း ကြာလိုက်တာ... ဘုန်းကြီးသုံးပါးလုံး ကြွသွားခဲ့ပြီ... ကြက်ဥပဲ ကြော်လောင်းလိုက်ရတယ်... ဒါတွေ ဝယ်မယ်ဆိုလဲ နေ့ခင်းမှသတ်သတ်သွားလိုက် ပြီးရော ထမင်းဖိုးသမားတွေအတွက် အမြန်လုပ်ရဦးမှာ"

"အေး အေး...ငါးစင်းကောလုပ်လိုက်... ချဉ်ပေါင်လေး ကြော်လိုက်... အစိမ်းကြော်လေး ကြော်လိုက် 'ကေသရီ' လည်း ပစ္စည်းတွေသွားထားပြီး မြန်မြန်ပြီးသွားအောင် လာဝိုင်းကူ လိုက်"

ချဉ်ပေါင်ရွက်သင်တာ၊ မုန်လာပန်းလှီးတာကအစ အမေ က ပြနေရသည်။ ကြက်သွန်ထောင်းပြီးသားဖြစ်၍ အလျှင်စလို မဖြစ်လှ။

" 'မကေ' ငါးလုပ်တတ်တယ် မဟုတ်လား... 'ဝင်းမာ' ကလေးတွေ ကျောင်းကိစ္စရှိလို့ သွားလုပ်ပေးလိုက်ဦးမယ်...ငါး လုပ်ထားလိုက်နော်"

'ကေသရီ' မျက်နှာ ပျက်သွားခဲ့ပါသည်။

တကယ်မလုပ်တတ်ပါ။ သို့သော်ညာပြောသည် ရှင်မှာ





စိုး၍ ခေါင်းညိတ်ပြမိသည်။ ငါးခူက အကောင်ကြီးသလို၊ လှမ်းကိုင်လိုက်သောအခါ တွန့်သွားသဖြင့် လန့်ပြီးလွှတ်ချပစ်လိုက်သည်။ ဟိုဟိုဒီဒီကြည့်ပြီး လက်နှီးစုတ်ဖြင့် ကောက်ကိုင်ပြီး မြင်ဖူးတွေ့ဖူးသလို ခေါင်းကို အရင်ခုတ်လိုက်သည်။

တစ်ချက်နှင့်မထိသဖြင့် နောက်တစ်ချက် ခုတ်သည်။

"အား အံမယ်လေး လက်ခုတ်မိသွားပြီ လုပ်ကြပါဦး... ဟီး ဟီး"

'ဒေါ်ကြည်မာ' လည်း လန့်ပြီး လက်ထဲမှ ကြက်ဥခွက် ကြီး လွှတ်ကျပြီး ဆယ်လုံးလုံးကွဲကုန်တော့သည်။ 'ကေသရီ' ကို လှမ်းကြည့်တော့လည်း ခုတ်မိသောနေရာကို ထမိနှင့်ဆွဲအုပ် ထားရာ သွေးတွေက ကြမ်းပေါ်ကိုတတောက်တောက် ကျနေ ကြောင်းတွေ့ရသဖြင့်...

"ဘုရား ဘုရား လုပ်ကြပါဦး... 'ဝင်းမာ' ရေ... 'ညီထွန်း' တို့ 'စိုးမောင်' တို့ကို ခေါ်ပေးစမ်း"

ထိုကဲ့သို့အော်ပြီးမှ ခင်ပွန်းသည်က အထိတ်တလန့် အော်ကို ခံနိုင်သူ မဟုတ်သဖြင့် ကိုယ်တိုင်ပဲ ပြေးခေါ်ပေးခဲ့ရ သည်။

"နည်းနည်းများတယ် ချုပ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိး ဟီး ဟီး"

"အဖေ မကြားစေနဲ့နော်... လာ လာ ဆေးခန်းဘက် သွားရအောင်"

ဤအိမ်တွင် ဆေးခန်းမထိုင်ကြသော်လည်း၊ အိမ်သားများ အိမ်နီးနားချင်းများ၊ ဆွေမျိုးသားချင်းများအတွက် ယခုလို အရေးပေါ်ကိစ္စများကို ရုတ်တရက်ကုသပေးနိုင်ရန် ဆေးခန်းလေးတစ်ခန်း သီးသန့် လုပ်ထားပါသည်။

အားလုံး သူမ အနားတွင် ဝိုင်းနေကြပါသည်။

'ကေသရီ' က ရုပ်ရည်အားဖြင့်တော့ အတော့်ကိုလှပါသည်။ ယခု ငိုယိုနေသော အခါမှာလည်း လှနေပါသည်။

ပထမဦးဆုံး မီးဖိုချောင်ဝင်သည့်နေ့မှာပင် သုံးချက်ချုပ်လိုက်ရပြီး၊ အိပ်ယာပေါ် အော်တိုမစ်တစ် ရောက်သွားပါတော့သည်။ မိခင်ကြီးက သူမကို လင်ဗန်းကလေးကိုင်၍ ထမင်းသွားပို့မည်လုပ်နေသဖြင့်...

"မဟုတ်တာအမေရာ... လူမြင်လို့ မကောင်းပါဘူး"

"သြော် သူက ဒဏ်ရာ ရထားတာကိုး"

"'ဝင်းမာ' သွားပို့ပေးမယ်"

"မဖြစ်ပါဘူး... နင်က မဟုတ်မခံနဲ့... ဟိုက အမျိုးကော





တာနဲ့ ရန်ဖြစ်မှာ မြင်ယောင်သေးတယ်... သူ့ယောက်ျားမရှိတဲ့ အချိန်မှာ ဘာမှမဖြစ်တာပဲ ကောင်းတယ်... အနာတရဖြစ်နေချိန် ပိုမဖြစ်စေချင် တာ"

"ဒါဆိုလဲ ပြီးတာပဲ"

အတင်းပြောချင်သဖြင့် 'မီလွင်' က မီးဖိုဘက် ပြန်ရောက်လာပြီး...

"ဒီပုံအတိုင်းဆို 'မေမေက ချွေးမကို ပြန်ပြုစုရမယ့် သဘောဖြစ်နေပြီပဲ... သနားပါတယ်... 'မီလွင်' ပဲ သွားပို့ပေးပါ့မယ်"

"အံမယ်လေး... မေမေကလည်း ခပ်ကဲကဲပါနော်... သူ့ချွေးမကို သူကိုယ်တိုင် လုပ်ပေးချင်ပုံရတယ်... 'ဝင်းမာ' သွားပို့ပေးမယ်ဆိုတာတောင် မရဘူး"

"ဘာပဲဖြစ်ဖြစ် 'မီလွင်' ပဲ ပို့ပေးမယ်လို့ ပြောကြည့်ဦးမယ်... တော်ကြာ နေနိုင်လိုက်တာလို့ အပြောခံရမှာ ကြောက်တယ်လေ"

'ဝင်းမာ' က သက်ပြင်းချရင်း...

"မီးဖိုထဲ ဝင်မလုပ်ချင်လို့ လက်ကိုများ တမင်လှီးချလိုက်တာလား မသိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ကိုယ့်လက်တော့ အပြတ်ခံပြီး လုပ်မယ်တော့ မထင်ပါဘူး... ငါး တကယ်မလုပ်တတ်လို့ နေမှာပါ"

"ဟင့် ဒီအရွယ်ကြီး ရောက်နေပြီ... လင်တောင် ယူတတ် နေပြီ"

"မယုံမရှိနဲ့... 'မီလွင်' လည်း လင်သာယူပြီးတာ ကြက်ဥ တောင် ကောင်းကောင်းမကြော်တတ်လို့ မာမီတို့ဆီ ပြန်ပြန်ပြီး လေ့ကျင့်ယူရတာ"

'ဝင်းမာ' က မျက်မှောင်ကြုတ်ပြီး 'မီလွင်' ကို ခပ်တည် တည်ကြည့်နေပါသည်။ 'မီလွင့်' စကားများကို နားထောင် ကြည့်သောအခါ 'ကေသရီ' ဘက်က ရှေ့နေလိုက်နေသ လိုပါပဲလား။ ဘာလဲ သူကလည်း 'ကေသရီ့' လူလား။

"အင်းလေ... 'မမီလွင်' ကလုပ်ပေးတာကို သူ လက်ခံရင် တော့ မမေ သက်သာတာပေါ့... ပြောကြည့်လေ"

နေ့ခင်းဘက် တစ်ရေးတမော အိပ်ပြီးတိုင်း 'ဝင်းမာ' က ဖခင်ကို ရေပတ်တိုက်ပေးသည်။ 'မီလွင်' က နေ့လည်စာ တစ်ခုခုလုပ်ပေးသည်။ အပြင်မှ ဝယ်မစားတတ်ကြ။ မုန့်ဖတ် ဝယ်လာလျှင် မုန့်ဟင်း ခါးသုတ်၊ မုန့်တီသုတ် လုပ်စားတတ် ကြသည်။ တစ်ခါတရံ ခေါက်ဆွဲသုတ်၊ အသုတ်စုံ၊ တစ်နေ့ခြာင်း





မျိုး လုပ်စားတတ်ကြသည်။

'မီလွင်' က ဘိုစာပိုင်သည်။ ပေါင်မုန့်အသားညှပ်၊ ဟမ် ဘာဂါ ဂျုံနှင့် မုန့်မျိုးစုံလုပ်ပေးတတ်သည်။

ရေပတ်တိုက်နေစဉ် အိမ်ရှေ့ခြံဝသို့ ကားတစ်စီးလာရပ် သဖြင့် ပြေးဖွင့်ပေးရသည်။

"ဒီအိမ်က အပေါ်စက် အောက်စက် မှာထားလို့ လာပို့ ပေးတာပါ"

"ဟင် မမှာပါဘူး"

"မှာတယ် ခင်ဗျ... 'ကိုခင်မောင်အေး' ရဲ့မိန်းမ မနက်က 'အန်တီကြည်' နဲ့ဈေးလိုက်လာရင်း လာမှာသွားတာ"

"ဟဲ့ ဟဲ့ ဟုတ်တယ်... 'ဝင်းမာ' တံခါးဖွင့်ပေးလိုက် လေ... ပြီးရင် 'ကေသရီ့' အခန်းကို ပြလိုက်ဦး"

မိခင်စကားကြောင့် မီးဖိုထဲမှထွက်လာသော 'မီလွင်' နှင့် 'ဝင်းမာ' တို့မျက်လုံးခြင်း ဆုံသွားကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

ဓါးခုတ်ခံရသည့် ဒဏ်ရာကြောင့် မီးဖိုချောင်မဝင်ရတော့ဘဲ၊ အနားယူနေရသော 'ကေသရီ' တစ်ယောက် အပေါ်စက်၊ အောက်စက်၊ ဗွီစီဒီစက်နှင့် ဝမ်းဆက်ဖြစ်ပြီး ဇိမ်ကျနေပါတော့သည်။

"ဟဲ့ ကလေး ဘာလုပ်မလို့လဲ"

ခြံထဲသို့ ညစ်ပတ်ပေတူးနေသော ရှစ်နှစ်အရွယ်ကောင်မလေးတစ်ယောက် ကျွတ်ကျွတ်အိတ်ကလေးဆွဲ၍ ဝင်လာသောကြောင့် 'ဒေါ်ကြည်မာ' က လှမ်းအော်ခြင်းဖြစ်သည်။





"အမေ လွှတ်လိုက်လို့လာတာပါ"

"ဟဲ့ နင့်အမေက ဘယ်သူလဲ"

"ဒီအိမ်မှာ အဝတ်လျှော်တဲ့ 'ဒေါ်ပု' လေ... 'အန်တီကေ' က နေ့ခင်းဘက်ကျရင် လက်ဘက်သုတ် လာဝယ်ပို့ခိုင်းထားလို့... ပြီးတော့ အနင်းခံချင်လို့တဲ့"

"သြော် အေး အေး... ဒါဆိုလဲ ပြီးတာပဲ"

'ဒေါ်ကြည်မာ' မျက်မှောင်ကြုတ်သွားသလို အသီးသီးတစ်ရေးနိုးလာသော သမီးနှင့် ချွေးမဖြစ်သူတို့လည်း စိတ်တိုကြမည်ဆိုတာ သိပါသည်။

ထိုကလေးမလေး နေ့စဉ် တစ်နေ့တစ်မျိုးဝယ်လာပြီး လာနှိပ်ပေးနင်းပေးတတ်သည်မှာ လေးရက်ရှိပြီ။ ပြန်လျှင် အထုပ်တစ်ခုမဟုတ် တစ်ခုပါသွားတတ်သည်။

" 'မပု' "

"ရှင့် အမေ"

"နင့်သမီးကို 'ကေသရီ' က ဘယ်နှစ်ရက်ခိုင်းဖို့ ခေါ်ထားတာ လဲ"

"မပြောတတ်ဘူး အမေ... သူက လပြတ်ခေါ်ချင်တာ... ဒါပေမဲ့ ကျွန်မသမီးလေးက အိမ်မှာအကြီးဆုံးဆိုတော့ ထမင်း



www.burmeseclassic.com

www.burmeseclassic.com



တောင်ချက်ရတာ... နေ့ခင်းဘက် တစ်နာရီ နှစ်နာရီလောက်က တော့ ဖြစ်လို့လွှတ်ပေးလိုက်တာ... ကလေးက ဗွီစီဒီလည်း နားထောင်ချင် ကြည့်ချင်တော့ ပြီးတော့ မုန့်ဘိုးလည်းရလို့ လွှတ်လိုက်တာပါ"

"ဘယ်လောက်ပေးလဲ"

"ကြမ်းတိုက် ပန်းကန်ဆေး ခွက်ဆေး တစ်ခါတလေ နှစ်ဆယ် တစ်ခါတလေ ငါးဆယ်ပေးပါတယ်... အမေ မကြိုက် ရင် မလွှတ်ဘူးလေ... သူ့လက်က ဒဏ်ရာနဲ့မို့ လွှတ်ပေးတာ ပါ"

"ဒဏ်ရာပျောက်ရင်တော့ မလွှတ်နဲ့တော့... ညည်းတို့ အိမ်အတွက် လခတင်မဟုတ်ဘူး အစားအသောက်ပိုသမျှ အဝတ်အစား နွမ်းသမျှ ငါ အကုန်ပေးနေတာပဲ... သူ့ကိုခေါ်ခွင့် ပေးလိုက်ရင် ငါ့သမီးလည်းခေါ်ချင်မှာပဲ... 'မီလွင်' လည်း ခေါ် ချင်မှာပဲ"

"ဟုတ်ကဲ့ပါ အမေ"

'ခင်မောင်အေး' က ယခုအခေါက် တောင်ပိုင်းရှမ်းပြည် သို့ ခရမ်းချဉ်သီးတိုက်ဖို့ သွားခဲ့သည်။ ပုံမှန်ဆိုလျှင် နှစ်လ လောက်ကြာမှ ပြန်လာတတ်သည်။ နှစ်စဉ် ခရမ်းချဉ်သီး ရွက်





ချိန်ဆိုလျှင် အိမ်ကကားသုံးစီးလုံး တောင်ပိုင်းရှမ်းပြည်မှ အသီး များကို မန္တလေး၊ မုံရွာ မြစ်ကြီးနားစသဖြင့် ပွဲရုံမှ အော်ဒါရှိသည့် မြို့များသို့ သွားပို့ပေးရသည်။

စာချုပ်လိုဖြစ်နေပြီး ကားခအနေတော်ကလေး အမြတ်ကျန် သဖြင့် ထိုခရီးစဉ်ကို လုပ်ခဲ့တာကြာပြီ။ မိန်းမရကာစမို့ တစ်လ ကို တစ်ခေါက်လောက် ပြန်လာဖို့ မှာထားသည်။ အခုဆို ထွက် သွားတာ နှစ်ပတ်ရှိပြီ။ နောက်နှစ်ပတ် မြန်မြန်ပြည့်ပါစေဟုသာ ဆုတောင်းနေမိသည်။

"အမေ"

"ဟင်..."

"'မပု' သမီးလေးကို လာခိုင်းထားတာ အမေ မကြိုက် လို့ မလွှတ်တော့ဘူးလို့ လာပြောသွားတယ်"

"ဩော် 'မပု' ကလည်း ခက်တော့တာပဲ... လက်အနာ ပျောက်မှ ပြောတာပါကွယ်... အမေတို့က အမြဲစောင့်မကြည့် နိုင်ဘူးလေ... 'မပု' တို့ကခိုးတတ်တယ် ခဏခဏ ခိုးမှုနဲ့ ရဲ အတိုင်ခံရတာ... အမေတို့မှာလည်း အဝတ်လျှော်မယ့်လူ မရှိ လို့သာခေါ်ထားရတာ"

'ကေသရီ' က မှုန်ကုပ်ကုပ် နားထောင်နေပြီး...



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆိုရင် တခြားလူရှာရဦးမှာပေါ့... 'ကေ့' မှာ ကိုဖ ဝန်ကပ်နေလို့ ကိုကိုက တစ်ယောက်ခေါ်ချင်ခေါ်လို့ တော ပိုင်းမသွားခင်က ပြောထားတာ"

"ဟုတ်လား... ဒါဆိုလဲ ခိုင်းချင်ခိုင်းပေါ့လေ... သေ တော့ စောင့်ကြည့်ပေါ့"

နောက်တစ်နေ့ အဝတ်လျှော်ပြီးချိန်တွင် ဖြစ်သည်။

"အမေ..."

"ဟေ"

"အမေက ကျွန်မတို့မိသားစုကို ခိုးတတ်လို့ ခဏခဏ အတိုင်ခံရတယ်လို့ ပြောတယ်ဆို... အမေ့အိမ်မှာ ကျွန်မအဝ လျှော်လာတာ ဆယ်နှစ်မကတော့ဘူး... ဘာပစ္စည်းပျောက်ဖူ လို့လဲ... အမေ့ ပါးစပ်က ဒီစကားမျိုးထွက်တာ ကျွန်မတော အရမ်းကိုအံ့ဩတာပဲ  ဆင်းရဲပေမယ့် မာနတော့ ရှိပါတယ အမေ... ကိုယ့်ကို မယုံသင်္ကာ နဲ့ စောင့်ကြည့်နေတာကိုလည်း မကြိုက်ဘူး... အညွန့်တလူလူတက်နေတဲ့ ကျွန်မရဲ့ သမီ လေးကိုလည်း သူခိုးမလို့ အထင်မခံနိုင်ဘူး... နောက်နေ့ စပြီး ကျွန်မ အဝတ်လာမလျှော်တော့ဘူး"

'မပု' က ငိုသံကြီးနှင့်ပြောပြီး မျက်ရည်ကိုသုတ်၍ထွ





သွားပါတော့သည်။

'ဒေါ်ကြည်မာ' တစ်ယောက် ရှက်ခြင်း၊ ဝမ်းနည်းခြင်း၊ ပြင်းခြင်းတို့ကို စုပြုံခံစားလိုက်ရသဖြင့် မူးမိုက်သလိုဖြစ်သွားခဲ့ ပါသည်။ ဖြစ်နိုင်လျှင် ချက်ချင်းပင် အိပ်ယာထဲခွေအိပ်ပစ်လိုက် ချင်သော်လည်း ခင်ပွန်းဖြစ်သူကို ထမင်းကျွေးရဦးမည်။ ဟာန ချပ်၍သာ ကျွေးနေရသော်လည်း စိတ်မပါသဖြင့် 'ဝင်းမာ' ကို ခေါ်၍ ကျွေးခိုင်းရသည်။

တစ်ခါမျှ ယခုလို မဖြစ်ဘူးသဖြင့် သားအဖနှစ်ယောက် သုံး စည့်ခန်းထဲ ရောက်လာကြသည်။

"ဖေဖေ့ကို ကုတင်ပေါ်တင်ပေးပြီး 'ဝင်းမာ' လုပ်စရာရှိ လုပ်တော့... အိမ်လည်း စောင့်လိုက်တော့...မေမေ တစ်ရေး သာက် အိပ်လိုက်ရင်တော့ ကောင်းသွားမှာပါ"

" 'ကိုညီ' နဲ့ 'ကိုစိုး' တစ်ယောက်ယောက်ကို ဖုန်းဆက် ခေါ်လိုက်မယ်လေ"

"ရတယ်... မေမေ နားချင်တယ်ဆိုလို့"

မောင်းထုတ်နေသဖြင့် 'ဝင်းမာ' ထွက်ခဲ့ရသည်။

မိုးချုပ်သည်အထိ မိခင်ကြီးမျက်နှာ မကောင်းသဖြင့် တစ်ခုခုတော့ အကြောင်းရှိမည်ဆိုတာ သိသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုမှမေး၍ မရသဖြင့် 'မီလွင့်' ကို မေးဖို့ထွက်ခဲ့ရသည်။ သို့သော် အခန်းသော့ ပိတ်ထားသဖြင့် အံ့ဩသွားသည်။ ဆေးခန်းများ လိုက်သွားသလား။

အခန်းရှေ့မတ်တပ်ရပ်ပြီး စဉ်းစားနေစဉ် 'ကေသရီ' အခန်းထဲမှ ကလေးသံကြားလိုက်ရသဖြင့် ပိုအံ့ဩသွားသည်။ ရယ်သံများလည်း ကြားနေရသည်။ အငြိမ့်ခွေကြည့်ပြီး ရယ်နေကြခြင်းဖြစ်သည်။ ထောင်းကနဲ ဒေါသထွက်သွားရပါသည်။ မိခင်ကြီး အိပ်ယာထဲခွေ နေတာကို မသိလို့လား။

"ဩော် 'ဝင်းမာ' ကိုး... ထင်တော့ထင်သားပဲ... အပြင်မှာ တစ်ယောက်ယောက် ရောက်နေတယ်လို့လေ... ဝင်ခဲ့လေ"

မိမိလာရပ်သည်ကိုပင် အပြစ်ရှိသလို ပြောနေသော 'မီလွင့်' ကို ခပ်တည်တည်ကြည့်ရင်း...

"မဝင်တော့ပါဘူး... မေမေ နေမကောင်းလို့ ဘာဖြစ် မသိဘူး... လာမေးကြည့်ပါဦးလို့ ပြောမလို့လာခဲ့တာ... မ တာနဲ့ အပြင်ထွက်ပြီး ရှာကြည့်ရင်း ဒီမှာရှိမရှိ လာကြည့်တာ"

"ဟုတ်လား... ပြီးရင် လာခဲ့မယ်လေ... 'ကေသရီ' လည်း ပျင်းနေရှာမှာပဲဆိုပြီး တစ်ခါတလေ လာလည်တာ"

မိမိကိုတော့ 'ကေသရီ' မကောင်းကြောင်းအမြဲပြော





ရန်တိုက်ပေးတတ်ပြီး သူကတော့ ရောနေသည်။

ခဏကြာသောအခါ သူတို့နှစ်ယောက်လုံး မိခင်ကြီး အိပ်ခန်းထဲသို့ ရောက်လာကြပါသည်။

'ဝင်းမာ' မီးဖိုထဲတွင် လုပ်စရာရှိ၍ ထွက်လာခဲ့လိုက်သည်။ ဆေးကြောရှင်းလင်းနေစဉ်...

"မေမေက 'မပု' အလုပ်ကထွက်သွားလို့ စိတ်မကောင်းဖြစ်နေတာတဲ့... နှစ်ပေါင်းများစွာ ကိုယ့်သွေးသားလို နေလာခဲ့တဲ့သူမဟုတ် လား... နောက်ဆိုရင် မေမေလည်း အသက်ကြီးလာလို့ မီးဖိုထဲဝင်နိုင်မှာ မဟုတ်တော့ဘူးတဲ့... ကိုယ့်အခန်းမှာ ကိုယ်အိုးခွဲစားကြတော့တဲ့ မေမေ့ပါးစပ်က ဒီစကားမျိုးထွက်လာတော့ ကိုယ်ဖြင့်အရမ်းကို အံ့ဩသွားတာ...

'မီလွင့်' ဖြင့် အရင်တုန်းက အိုးခွဲစားချင်လို့ ခဏခဏ စကားဦးသမ်းခဲ့ဖူးတယ်... မျက်နှာတည်တည်ကြီးနဲ့ ဆူတာ... ခုတော့ ဘာစိတ်ကူးပေါက်သွားသလဲ မသိဘူး... ကိုယ်စိတ်ပူတာက 'ကိုအေး' စိတ်ထဲ တစ်မျိုးထင်သွားမှာကို စိုးတာလေ... သူ့မိန်းမကိုယ်ဝန်ရှိတဲ့ အချိန်ကျမှ အိုးခွဲခိုင်းလို့လေ"

'ဝင်းမာ' မျက်နှာက ခက်ထန်သွားပြီး...

" 'ကိုအေး' အတွက် တကယ်စိတ်ပူရင် 'ကေသရီ' နဲ့


www.burmeseclassic.com

www.burmeseclassic.com



'မီလွင်' တို့ တစ်အိုးထဲပေါင်းစားလိုက်ပေါ့... ဒါမှမဟုတ် 'ကေသရီ' ကို သနားရင် ချက်ပြုတ်ပြီး အရံသင့်စားဖို့ ပို့ပေးလိုက်ပေါ့"

ဒီတစ်ခါ မျက်နှာပုပ်သိုးသွားသူက 'မီလွင်' ပေါ့။

ညကိုးနာရီခန့်တွင် အစ်ကိုငယ် 'စိုးမောင်' က တယ်လီဖုန်းဖြင့် အကြောင်းကြားသည်။ သူ့မိန်းမကို ယနေ့ည အိမ်ပြန်နောက်ကျမည့်အကြောင်းပြောနိုင်းသည်။ မိတ်ဆွေတစ်ဦး၏ မိခင် အခြေအနေ မကောင်း၍ စောင့်ကြည့်ပေးရမည့်အကြောင်း ပြောနိုင်းခြင်းဖြစ်သည်။

"သူက အဲ့သလိုပြောတာလား... နေဦး နက်ဖြန်ကျရင် လမ်းထိပ်ကနေ ဖုန်းဆက်ပြီးထိုင်ဦးမယ်... အဘိုးကြီးကတော့ ဒုက္ခိတဖြစ်နေလို့ ဘာပြဿနာမရှိပေမယ့် သူတို့သားအမိနှစ်ယောက်ကတော့ သိပ်ထန်တယ်နော်... သူတို့လုပ်စာ ထိုင်စားတာကျနေတာပဲ... ကိုကို့ မှာဖြင့် သူတို့ဖိမ်နဲ့စားဖို့ ရှာလိုက်ရတာ... ဇနီးမယားရှိလျှက်နဲ့တောင် အိမ်မကပ်နိုင်ရှာဘူး...

'ကေသရီ' လို မိန်းမမျိုးမို့ပေါ့... တခြား မိန်းမဆို ကိုယ့်လင်ရှာတာကို တစ်ဆွေလုံးတစ်မျိုးလုံး ထိုင်စားနေတာကို ကျေနပ်ပါ့မလား... ကြည်ဖြူပါ့မလား"





ခံဟာ 'မီမီလွင်' ရ။ 'ဝင်းမာ' ကိုယ်တိုင် ဦးနှောက်ပွင့်မတတ် ဒေါပွသွားသော်လည်း ဤစကားမျိုးကိုတော့ 'မီလွင်' သို့ မိန်းမမျိုးက ဘာယ်ငြိမ်ခံနေလိမ့်မလဲ။

"ဩော် ဒီလိုတော့ ပြောလို့ မရဘူးလေ 'ကေသရီ' ရယ်... ဘားတွေက သူ့မိဘတွေရဲ့ကားတွေလေ... သူက ဦးစီးတာပဲရှိတာကိုး"

"အစတုန်းက တစ်စီးပဲရှိတာဆို... ကိုကို့ကြောင့် သုံးစီးဖြစ်လာတာလို့ 'ဒေါ်ခင်အေးမြင့်' ပြောတာပဲ"

"မှန်တယ်လေ... တစ်စီးကရတဲ့ ပိုက်ဆံနဲ့ ချုံးခြိချွေတာလို့ စုဆောင်းတတ်လို့ ပွားများလာတာပေါ့"

"'ကေသရီ' ကတော့ သူ့မျက်နှာနဲ့လိုက်လာခဲ့ရပြီး သူကိုယ့်ကိုပစ်ပြီး လူတစ်ပုံကြီးစားဖို့ သက်စွန့်ကျိုးပမ်း ရှာနေတာကိုတွေ့တွေ့ပြီး အရမ်းသနားတာပဲ... ဖြစ်နိုင်ရင် တခြားသွားရေးပဲ လုပ်နိုင်းချင်တော့တာ"

"အင်းပေါ့လေ ဒါကတော့ 'ကေ' တို့ လင်မယားကိစ္စမို့ ခိုင်ပင်ကြည့်ဦးပေါ့... ကဲ ကဲ ကိုယ်လည်းသွားတော့မယ်... သာကျွား ပြန်လာတော့မယ်... ကလေးတွေလည်း အိပ်ချော်နေပြီ... ဟဲ့ ထ ထ"



www.burmeseclassic.com

www.burmeseclassic.com



"နက်ဖြန် ဈေးသွားရင် 'ကေ' လည်း လိုက်မယ်နော်... ဖုန်းဆက်ချင်လို့"

'ဝင်းမာ' အသံမကြားအောင် ခပ်ဝေးဝေးတွင် ပြေးပုန်းနေပြီးမှ တစ်ခေါက်ပြန်လာပြီး 'ကိုစိုးမောင်' နောက်ကျမည့်အကြောင်း ပြောပြသည်။

နက်ဖြန် သူ့မိန်းမငိုးချောလျှင် 'ကိုအေး' က မိမိကို စိတ်ဆိုးမှာလား၊ မုန်းသွားမှာလား၊ ဒါတွေ တွေးပြီး 'ဝင်းမာ' အိပ်မပျော်နိုင်တော့ပါ။

'ဒေါ်ကြည်မာ' ကလည်း မိမိတို့မိသားစု၏ အတွင်းရေးများကို လက်မြှောက်အရှုံးပေးဖို့ စဉ်းစားရင်း အိပ်မပျော်နိုင်တော့ပါ။

'မိမိလွင်' ကတော့ 'ကေသရီ'၏ လှုပ်ါးစကားကို ဒေါ်ပွလိုက် 'ဝင်းမာ'၏ လှုပါးဝစကားကို ဒေါ်ပွလိုက်နှင့် အံတကြိတ်ကြိတ်ဖြစ်နေပါတော့သည်။





## ၁၃

"မမေ စိတ်ချမ်းသာသလိုသာလုပ်ပါ ကျွန်တော်ကတော့ မိဘနှစ်ပါးပြီးမှ မိန်းမအတွက် စဉ်းစားတဲ့ကောင်ပါ... 'ကေ' ကိုယူဖြစ်တာလည်း တူ တူမလေးတွေ အိမ်မှာမရှိတော့ရင် အဖေလွမ်းနာကျမှာ ကြောက်လို့... ကျွန်တော် ပြာသွားခဲ့တယ်... 'ခင်အေးမြင့်' ကို မကြိုက်ရင်လဲ ယူမှာပဲဆိုတဲ့စိတ်နဲ့သွားခဲ့တာ... 'မိမိလွင်' ကျေနပ်အောင်လုပ်ပေးခဲ့တာပဲ...

ဒါပေမဲ့ နဖူးစာပါတဲ့လူနဲ့ပဲ ကျွန်တော် ယူခဲ့ပါတယ်... 'ကေသရီ' အတွက် မမေတို့မှာ ဝန်ထုပ်ဝန်ပိုး ဖြစ်နေတယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



ရင် သူ့မိဘ ဆီမှာ ပြန်နေခိုင်းမယ်… မသွားဘူးဆိုရင် ကွာပေး
မယ်ဗျာ"

ပြောရင်း ငိုသံ ဒေါသသံတွေပါလာသော သားဖြစ်သူ၏
စကားကြောင့် မိခင်လည်း မျက်ရည်ကျလာရှာသည်။ အစ်ကို
ဖြစ်သူ၏ ဒေါသသံ မျက်နှာဟန်ပန်များက အရင်နှင့်မတူတော့
ပါလား။ ခါတိုင်းပြန်လာလျှင် မိမိကို စနောက်နေကြ။ ယ
တော့ မျက်နှာတည်တည်ကြီး နှင့် မျက်လုံးခြင်း ဆုံအောင်ပ
မကြည့်ပါလား။ 'ဝင်းမာ' အိပ်ယာ ထဲတွင် တရှုံ့ရှုံ့ငိုနေသဖြ
'ညီထွန်း' က…

"မင်းကလည်း ပြဿနာကိုလုပ်ပါတယ်ကွာ… ကိုယ့်
ကိုယ်လွတ်အောင်နေတာ မဟုတ်ဘူး… အစတည်းက သူ
လွတ်မဟုတ်တော့ဘူးလို့ ငါ မပြောထားဘူးလား"

"အင့် အီး ဟီး ဟီး ရှုတ်… 'ဝင်းမာ' ဒီအိမ်မှာ မနေ
တော့ဘူး… 'ကိုညီ' မြန်မြန်ပြောင်းရအောင်လုပ်လေ"

"ဟွန်း လုပ်ပြန်ပြီ… အရင်ကကျတော့ ပြောင်းရမှာ
လို့… ပြောင်းဖူးတို့ ချိတ်လိုက်ဆွဲလိုက်နဲ့… ကဲ သွားကွာ
ပြောင်းဖူး ပြောင်းချင်ပြီတဲ့"

'ညီထွန်း' က ပြောရင်းဆိုရင်း ဧည့်ခန်းထဲတွင်





ချိတ်သလိုလို ယတြာချေသလိုလို၊ လုပ်ထားသည့် ပလပ်စ
တတ် ပြောင်းဖူးတွဲလေးကို ဆွဲယူလွှင့်ပစ်လိုက်ပါတော့သည်။

"ငါ ပြောင်းမိန့်ကျမှ မိဘတွေကို ပစ်ထားလို့ မဖြစ်ဘူး
ဆိုပြီး နေရစ်ခဲ့ရင် နောက်ထပ်တစ်ယောက်ကို ကောက်ယူရုံပဲ"

ထိုစကားကြောင့် စောစောက ပျော့ခွေပြီး ငိုယိုနေသော
'ဝင်းမာ' တစ်ယောက် ဝုန်းကနဲ ထထိုင်ပြီး အရိုးထွက်နေသော
မျက်လုံးများနှင့် စားတော့ဝါးတော့မလို ကြည့်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဝုန်း..."

"ခလွမ်... ချလွမ်"

'ခင်မောင်အေး'တို့ အခန်းထဲမှ စကားများသံ၊ ရန်ဖြစ်သံ တွေ တဖြည်းဖြည်း ကျယ်လောင်လာရာမှ၊ ပစ္စည်းတွေ ပစ် ပေါက်ကျကွဲသံတွေ ထွက်လာခြင်းဖြစ်သည်။

"ပြန်မယ် ပြန်တာပဲကောင်းတယ်... ဘယ်နှယ့် သူ့အိမ် ကဟာတွေ မနိုင်တိုင်း မိန်းမကိုပဲ လာလာရန်လုပ်နေတယ်... အစတည်းက ဒီအိမ်ထဲကလူတွေကို ပိုချစ်ရင် ဦးစားပေးချင်ရင် မိန်းမမယူနဲ့ပေါ့... မိန်းမယူပြီးရင်လည်း မိန်းမနေရာမှာ[illegible]





ဘိုးထားဦးမှပေါ့... ခုတော့ သူ့ညီမက သူ့ကိုစကားမပြောတာ ဒီကောင်မကြောင့်ဆိုပြီး လာ ပြဿနာရှာနေတယ်... ကြားလို့မှ ကောင်းကြသေးရဲ့လား... အရပ်ကတို့ရဲ့ အိး ဟိး"

ဝရံတာသို့ထွက်လာပြီး အော်ငိုသဖြင့် အားလုံးလန့်ဖြန့် ပြီးထွက်လာကြသလို 'ကိုအေး' ကလည်း 'ကေသရီ' ကို အ ခန်းအထဲ ပြန်ဆွဲထည့်နေပါသည်။

"လွှတ် လွှတ် အလကားလူ... ငတုံး ငအ ဖျံကြီး... ရှင်နဲ့ မပေါင်းဘူး... တစ်ပြားမှမယူဘဲ ဆင်းသွားမယ် သိရဲ့လား"

"ဆင်းသွားလဲ ကောင်းတာပဲကွာ... ယောကျ်ားတစ်လ ခရီးထွက်တဲ့အတွင်း မင်းသုံးထားတဲ့ ပိုက်ဆံကိုလည်း ပြန် ကြည့်ဦးလေ"

"အို အလကားလုပ်ပစ်လို့လား... အချွေကြည့်ချင်လို့ ဘိစ္စ ဗွီစီဒီတွေ ဝယ်ထားတာပဲ"

"ငါ မသိဘူးမှတ်နေလား... မင်း လောင်းကစားလုပ် တယ်ဆိုတာ... ဘောလုံးပွဲလောင်းတာ ငါးသောင်းရှုံးသွားတယ် ဆို... ဆွဲကြိုးပေါင်ပြီး ပေးလိုက်တယ်ဆို"

"အိမ်ကပါလာတဲ့ ဆွဲကြိုးကိုလုပ်တာ... ရှင့် ပိုက်ဆံနဲ့ ဘာမှမဖြုန်းဘူး"



www.burmeseclassic.com

www.burmeseclassic.com

"အဲ့ဒီပါလာတဲ့ပစ္စည်း ကုန်သွားရင်ရော"

"ပူမနေနဲ့ ပြန်မှာ... နက်ဖြန် ပြန်မယ်"

နောက်တစ်နေ့မနက် အားလုံး ဝိုင်းချော့သဖြင့် 'ကေ

ရီ' ပြန်ဖို့ ကိစ္စပျက်သွားပြီး လင်မယားနှစ်ယောက်လည်း ပြ

တည့်သွားခဲ့သည်။

တကယ်တမ်း အသီးသီးခွဲနေရမည်ဆိုတော့လည်း မိ

ဖအိုနှစ်ဦးကိုင်ပြီး မောင်နှမသုံးဦးစလုံး အကွဲမခံကြ။ ထို့ကြော

ပတ်သက်လာသူ သူစိမ်းများမှာလည်း မနေချင်လည်းနေကြ

မည့်သာ။

မောင်နှမသုံးယောက်လုံးက မိဘကိုရော၊ မိသားစု စီးပွား

ရေးကြီးကိုပါ အကွဲမခံကြ။

'ခင်မောင်အေး' ကပင် စီစဉ်ပေးသွားသည်။

အဖေနှင့်အမေကို သားသမီးသုံးဦးက ဆယ်ရက်တစ်ဦး

ကျ ချက်ပြုတ်ကျွေးရမည်။

အဖေနှင့်အမေကို လက်တိုလက်တောင်းခိုင်းဖို့ ၁၂ နှ

အရွယ်ကောင်လေးတစ်ယောက် ရှာပေးသွားသည်။ ထိုကော

လေးကို ထမင်းကျွေးရန် အလှည့်ကျသူက ဈေးဝယ်ခွင့်၊ အ

အထွာ ခိုင်းခွင့်ရှိသည်။





"စိတ်ညစ်လိုက်တာ ကိုယ့်အိမ်မှာတုန်းက ဘာမှကိုမလုပ်

တာ ကိုယ့်မိဘကို ဘာမှကူခဲ့ရတာ မဟုတ်ဘူး... ဝက်သားလဲ

မစားဘူး အမဲသားလည်း မစားဘူး... ငါးကျတော့လည်း အရိုး

များလို့ တဲ့... ကြိုးများလိုက်ကြတာလဲ လွန်ရော... နောက်တစ်

ပတ်အလှည့်ကျရင် ထမင်းဟင်းချက်တတ်တဲ့ စားသောက်ဆိုင်

က လူသွားရှာဦးမယ်"

"'ကေ' ကတော့ ကိုယ်ဝန်နဲ့ ဆိုတော့ ခေါ်လို့ကောင်း

တာပေါ့ ကိုယ်ကတော့ အကောင်းဆုံးဖြစ်အောင် ချက်ကျွေး

မယ်... မကြိုက်ရင်လည်း မတတ်နိုင်ဘူးလေ မဟုတ်ဘူးလေ...

သုံးလေးလလောက်ပဲ လုပ်ရမှာဆိုတော့ သည်းခံလုပ်ပေးလိုက်

ပါမယ်လေ... မကြာခင် ကိုယ်တို့နယ်ပြောင်းရမှာ"

"ဟင် ဟုတ်လား... 'မီလွင်' မရှိရင် 'ကေ' တော့ ဒုက္ခပဲ...

'ကေ' လည်း ဟိုမှာ မီးသွားဖွားမှာဆိုတော့ နည်းနည်းတော့

လွတ်သွားတာပေါ့... သမီးချစ်ကြီး ပြုစုပေတော့"

"ပြုစုမှာမပူနဲ့... သူ့အစ်ကို နှစ်ယောက်လုံးက မြှောက်

စားထားလို့ ကောင်မက သိပ်ထောင်တာ... အမေကို ပြုစုဖို့

အတွက်ဆိုပြီး ညီအစ်ကိုနှစ်ယောက်လုံးက လာတိုင်း မုန့်ဘိုး

နှစ်သောင်းစီ သပ်သပ်ပေးတာ... ဒီကြားထဲ သူ့မွေးနေ့ဆို ရွှေ



www.burmeseclassic.com

www.burmeseclassic.com

ဝယ်ပေးတာ ခဏခဏ”

“အေးလေ… အဲ့ဒီလူတွေကလည်း သိပ်ကဲတာပဲ… ကိုကို ကတောင် ဒီအိမ်ကိုမလာခင်က ပုံသွင်းသေးတာ… သူ့မိဘကို ပြစုဖို့လေ… ‘ကေ့’ အိမ်မှာ ဘာမှလုပ်ရတာမဟုတ်ဘူး… ကိုယ့် အညစ်အကြေးတောင် ကိုယ် ရှုံတတ်တာ… သူ့အဖေကဖြင့် လျှာရှည်က တမြားမြားနဲ့… လောကကြီးမှာလူဖြစ် ရှုံးလိုက် တာနော်… သေသွားတာကမှ ကောင်းဦးမယ်… အရင်ဘဝက ဘာတွေလုပ်လာခဲ့လို့လဲမသိဘူး ဝဋ်ကြီးလိုက်တာ”

‘ဝင်းမာ’ လုံးဝ သည်းမခံနိုင်တော့ပါ။ ‘ကိုအေး’ က သူ့ မိန်းမအတွက် ပစ္စည်းလူကြုံပါးလိုက်သဖြင့် လာပေးခြင်းဖြစ် သည်။ ထို ပစ္စည်းထုတ်ကို ဝုန်းကနဲပစ်ချပြီး…

“ဟော့ကောင်မတွေ နင်တို့ သိပ်တရားလွန်လာပြီနော်— ဒီ အဖေအမေက မွေးထားတဲ့လူတွေကို နင်တို့အသီးသီးယူ ထားကြပြီး ဒီအိမ် ဒီအရပ်မှာလာနေပြီး တစ်နေ့တစ်နေ့ ဒီလူ တွေအတင်းပဲ ထိုင်ပြောနေကြတာလား… နင့်မိုက်ထဲမှာ ဘာ လေးနဲ့နော်… တောင်ပြော မြောက်ပြောနဲ့ ဝဋ်လိုက်မှာ မကြောက်ဘူးလား”

“ဟဲ့ နင်ကလည်း အလုပ်မရှိလို့ ငါတို့နှစ်ယောက်ကို





လာချောင်းနေတာလား”

“အို အားအားယားယား…အလုပ်မရှိအလုပ်ရှာမလုပ်ဘဲ သူများ အတင်းပဲ ထိုင်ပြောနေတာက နင်တို့နှစ်ယောက်ပဲ… ‘ကိုကိုအေး’ လူကြုံပါးလိုက်တဲ့ ပစ္စည်းလာပို့တာ… ‘မမီလွင်’ ကိုလည်း အရမ်းအံ့ဩတယ်… ‘ဒေါ်ခင်အေးမြင့်’ နဲ့တိုင်ပင်ပြီး ဘမင် ဒီအကွက်ထွင်တယ်ဆိုတာ သိသာလာပြီ သိလား… အစ့် ကိုတွေကောင်းသလောက် ယောင်းမတွေကတော့ ကောက်ကျစ် ခြင်းလဲ့သလား မပြောနဲ့”

‘မီမီလွင်’ က ပမာမခန့်ရယ်ရင်း…

“နင့်အစ်ကိုတွေလည်း နင့်ကို သိပ်စိတ်ပျက်နေပြီ သိ လား… သူတို့မိဘတွေ ရှိသေးလို့ နင့်ကိုသည်းခံပြီး ဆက်ဆံ နေတာ နားလည်လား”

“ဟုတ်လား… ညနေကျတော့ မေးကြည့်မယ်လေ… တ ကယ် စိတ်ပျက်နေတယ်ဆိုရင် အငယ်ဆုံးပေမယ့် အိမ်ပေါ် ကချက်ချင်း ဆင်းသွားပေးမယ်”

“ဒါတော့ နင့်သဘောပဲ…”

ညနေ လူစုံသောအခါ ပွဲကြီးပွဲကောင်း ဖြစ်ကြပြန်ပါ တော့သည်။


www.burmeseclassic.com

www.burmeseclassic.com



" 'မီလွင်' မင်းက ဘာလို့ ကိုယ့်အခန်းကိုယ်မနေဘဲ သူများအခန်းထဲ လာလာပြီး ငါ့မိဘမကောင်းကြောင်းကို ပြောပြောနေရတာလဲ"

" 'မီ' ပြောတာ မဟုတ်ဘူး... 'ကေ' ပြောတာ မောင့်ကိုလည်းပြောထားရဦးမယ်... မောင့်ညီမ ဂုံးတိုက်တိုင်း ဘယ်တော့ဖြစ်ဖြစ် 'မီ' တို့ကို လာလာနှိပ်ကွပ်နေရတာပဲ... ဘာလဲ မောင့်ညီမက 'မီ့' ထက် ပိုအရေးကြီးနေတာလား"

"ငါ ဘာလိုင်းကြီး ဘယ်တော့မှ မပြောဘူး... အမေကိုယ်တိုင် ဒီအထုပ်ကို ပေးခိုင်းပြီး ဒီလိုပြဿနာဖြစ်မှာစိုးလို့ စောင့်ကြည့်နေတာတဲ့"

"ဟာ ဒါဆိုရင် တမင်လွှတ်သလိုဖြစ်နေတာပေါ့... ပြဿနာဖြစ်သလို လုပ်သလိုဖြစ်နေတာကွ"

"ဟော့ 'မီလွင်'... မင်းစကား လွန်သထက်လွန်လာပြီနော်... မင်း ငါ့ ရှေ့မှာတောင် ငါ့ အမေကိုစော်ကားတဲ့စကားဆိုဝံ့သေးတာပဲ ကွယ်ရာမှာပြောတာ ဘာဆန်းသလဲ... ငါကိုယူထားရင် ငါ့မိဘကို လည်း မင်းမိဘလိုပဲ သဘောထားပါလို့ မင်းကိုအတန်တန်တောင်း ပန်ထားပြီးသား... နောက်တစ်ခါ ဒီလိုပြဿနာမျိုးထပ်ဖြစ်လို့ကတော့ ကိုယ် သည်းမခံတော့ဘူး"





"အို နောက်တစ်ခါ ဖြစ်စရာလဲ မရှိဘူး... ကလေးတွေ ...ရှင်ကပြန်လာရင် ကိုယ့်မိဘအိမ် ကိုယ်ပြန်နေမယ်"

"ပြန် မင်းတစ်ယောက်တည်းပြန်... ငါ့ကလေးတွေ ထား ...ား"

"ရတယ်လေ... ပိုကောင်းတာပေါ့... နောက်လင်တစ် ...ယောက် ထပ်ယူပြလိုက်ဦးမယ်"

"တစ်ယောက် မဟုတ်ဘူး... ကြိုက်သလောက် ယူ... ...င်းကလင်အစားထိုးလို့ရတယ်... ငါ့မှာ အစားထိုးစရာ မိဘ ...ဘူး... ညီမ မရှိဘူး"

"ပြီးတာပဲ ပြီးတာပဲ... ရှင်တို့မြှောက်စားလွန်းလို့ ကောင် ...က ရောင့်တက်နေတာ"

'ညီထွန်း' က လက်ကာပြရင်း...

"ကဲပါဗျာ တော်ကြပါတော့... ရှက်စရာကောင်းလိုက် ...တ... 'ဝင်းမာ' ကြောင့် ဖြစ်တယ်ဆိုရင်လဲ ကိုယ်ပဲ တောင်းပန် ...တယ်... 'ဝင်းမာ' ကို ဒီလိုပြဿနာ ထပ်မဖြစ်ပါစေနဲ့လို့ ...ယ် ခဏခဏ ပြောထားရက်သားနဲ့ကွာ"

"မောင့်မိဘကို ပြောရင် မောင် သည်းခံနိုင်မလား"

"မောင် ပြောပြီးပြီပဲ... ကွယ်ရာမှာပြောတာ အကောင်းပဲ...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်သွားလို့ ကြားရတာပဲ"

"တမင်သွားတာမှ မဟုတ်တာ"

"ကဲ သူတို့ပြောနေတာတွေ မသိသလိုနေလိုက်ရင် အား[illegible] လုံးအတွက် မကောင်းပါလား... ခုတော့ အလကားနေရင်း အ[illegible] များလင်မယားကွဲတော့မယ်... ကိုယ်ချင်းစာကြည့်လေ... 'ဝင်း မာ'ကော လင်တကွဲသားတကွဲ မယားတကွဲ အဖြစ်မျိုးကို အ[illegible] ဖြစ်ခံနိုင်လား... 'ကေသရီ' နဲ့ 'မီလွင်' ကို ကျွန်တော်တောင်း ပန်ပါတယ်... ကျွန်တော့် မိန်းမကို ဆုံးမပြီးပါပြီ... ခင်ဗျားတို့ လည်း နောက်ကို ဒီအိမ်ပေါ်မှာနေပြီး ဒီအိမ်က လူတွေ မကောင်းကြောင်း မပြောပါနဲ့..."

သူတို့မောင်နှမသုံးယောက်လုံးက မိဘတွေ ပုံသွင်းဆုံး[illegible] လာတာကို တသွေမတိမ်းနားထောင်ပြီး တစ်ယောက်နဲ့တစ်[illegible] ယောက် သိပ်ချစ်ကြတာ... သွေးခွဲလို့ရမှာ မဟုတ်ဘူး"

ဆရာဝင်လုပ်နေသော 'ညီထွန်း' စကားကို 'မီလွင်' တို့ နှစ်ယောက်က လက်မခံချင်သလို၊ စိတ်မဝင်စားသလို လုပ်နေ ကြသည်။

"ကဲ မင်းကလည်း မင်းမိန်းမကို ဆုံးမပြီးပြီ... ငါက လည်း ငါ့ မိန်းမကိုဆုံးမပြီးပြီ... ဒါနောက်ဆုံး ဖြစ်ပစေ 'မီလွင်'





"'မီလွင်' က ပြန်မှာ... ထိုင်ရင်လဲထိုင်လို့ ထရင်လဲထ လို့... ကိုယ့်အိမ်ထဲ ကိုယ်လွတ်လွတ်လပ်လပ် နေခွင့်မရှိတဲ့ဘဝ ညှိုသည်တောင် လာချင်တိုင်းလာခွင့်မရှိတဲ့ဘဝ... ဒီလောက် ကြီး ဖိနှိပ်ချုပ်ချယ်တဲ့ဘဝမှာ မနေချင်ဘူး"

"အေးလေ ဒါကတော့ မင်းသဘောပဲ"

'ညီထွန်း' က စားပွဲကိုထုရင်း...

"ခင်ဗျားကလည်း သေးတဲ့အမှုကို ကြီးအောင်တယ်လုပ် ချင်တာကိုး... ဒီလောက် တောင်းပန်နေတဲ့ကြားက"

ထိုအချိန်တွင် ဖခင် 'ဦးငြိမ်းမောင်' က ထွန်းလှည်းက သေးဖြင့် ရောက်လာပြီး မပီတချို့ ပီတချို့ပြောနေရှာသည်။

"ကလေးတွေ စိတ်ချမ်းသာသလို နေပါစေ... သူတို့ကို လွတ်လွတ်လပ်လပ် နေပါစေ... သူတို့အပေါင်းအသင်းတွေ ဝင်ထွက်ကြပါစေ... ဖေဖေ့ကိုချစ်ရင် 'ဝင်းမာ' က သူတို့ဘာ ပြောပြော မသိချင်ဟန်ဆောင်နေလိုက်ပါ... ဖေဖေ တောင်းပန် ပါတယ်"

ငိုသံကြီးနှင့်ပြောနေသဖြင့် အားလုံး ငြိမ်ကျသွားပါတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

"ဟား ဟား ဒီတစ်ခါ ခံလိုက်ရတာက သူတို့ မောင်နှမတွေပဲ... အဖိုးကြီးက အမွေခွဲပေးရမှာကြောက်လို့ အားလုံးတကွဲတပြားစီ ဖြစ်သွားမှာကြောက်လို့ ကြားကပညာ ဝင်လုပ်လိုက်တာ လေဖြတ်ပြီး ဘဝဆုံးနေပေမယ့် ဒီအိမ်မှာ ဘုရင်ကတော့ ဘိုးတော်ပဲ"

မိမိ တံခါးသော့ဖွင့်နေမှန်းသိ၍ 'ကေသရီ' က တမင် ကြားအောင် ပြောနေခြင်းဖြစ်သည်။ နားထင်မှသွေးကြောများ တဖေါက်ဖေါက်မြည်သံသည်အထိ ခံပြင်းမိသော်လည်း ဖခင်



အစ်ကိုနှင့် ခင်ပွန်းသည်တို့က မိမိကို အတန်တန်တောင်းပန် ထားသဖြင့် အံကြိတ်နေလိုက်သည်။

"ဟီး ဟီး လိမ္မာသွားရှာပြီပဲ...ဒါ ဘိုးတော်ကျေးဇူးပဲ... ဒီအိမ်မှာ ဒုက္ခိတက အရေးအပါဆုံးဆိုတော့ သူ့ကိုကပ်ထား ရမယ် ဖားရမယ်"

နောက်နေ့မနက်ကစ၍ 'ကေသရီ' က ဖခင်ကြီးအတွက် ဈေးကပြန်လာတိုင်း ပန်းသီး၊ လိမ္မော်သီး စသည့် တန်ဖိုးရှိ သည့် အသီးအနှံ တစ်ခုမဟုတ်တစ်ခု ဝယ်လာပြီး သူကိုယ်တိုင် ခွဲစိတ်၍ ကျွေးတတ်သည်။

ဘာမျှမသိရှာသော ဖခင်ကြီးက ကျေနပ်သောအပြုံးနှင့် ခေါင်းညိတ်ပြနေတတ်သည်။

ဖခင်ကြီး၏ ခွင့်ပြုချက်ရထားသဖြင့် သူတို့အိမ်ထဲသို့ မိတ်ဆွေအပေါင်းအသင်းများ နေ့စဉ်အဝင်အထွက် ရှိလာခဲ့ သည်။

'ကေသရီ' ၏လာရင်း 'မီလွင့်' ထံလည်း ဝင်လည်ကြ သည်။

အမေတွေလာသဖြင့် ကလေးတွေ ပါလာသည်။ အိမ်က ကလေးတွေလည်း ပျော်ကြသည်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ 'ဝင်းမာ' က လီမွှာပါးနပ်စွာဖြင့် မိမိ၏ကလေး များကို ကျူရှင်အပြင် စာကျက်ဖို့ သီးသန့်ဆရာမ ငှားထား သည်။ အိမ်မှာ အချိန်ပိုမထားဘဲ လမ်းထဲရှိ ပန်းချီသင်တန်း ကွန်ပြူတာဂိမ်းစသည့် သင်တန်းများကို ရှာဖွေပြီးပို့ထားသည်။

ကလေးမီးဖွားလျှင် မိဘများထံ ပြန်မည်ဆိုသော 'ကေ သရီ' တစ်ယောက် ကလေးနှစ်ယောက်သာ မွေးပြီးသွားသည် တစ်ခါမျှ မပြန်ဖြစ်ပါ။ သူ့ကိုကူညီပေးသူ 'မိလွင်' ရှိသဖြင့် အဆင်ပြေနေသည်။

သူတို့နှစ်ယောက် အလွန် တည့်ကြသည်။

ဖခင်ကြီး၏ အစီအမံ ကောင်း၍လားမသိ၊ စီးပွားရေး ကိစ္စနဲ့လည်း ရန်မဖြစ်ကြတော့။

ကားသုံးစီးကို မောင်နှမသုံးယောက် တစ်ယောက်တစ်စီး ခွဲပေးသည်။

ကိုယ့်ကားပျက်လျှင် ကိုယ်ပြင်။ တာဝန်ယူ ဦးစီးသော သားကြီးကို အငယ်နှစ်ယောက်က အမြတ်ထဲမှ တစ် နှစ်သောင်းစီ ခွဲပေးရသည်။

မိဘများကိုတော့ ထုံးစံအတိုင်း ဆယ်ရက်တစ်ခါ သို့ ဟုတ်တစ်လတစ်ခါ တာဝန်ယူကျွေးရမည် ဖြစ်သည်။



ထိုအစီအစဉ် ကောင်း၍လားမသိ၊ နှစ်ချီပြီး အဆင်ပြေ နေခဲ့သည်။ 'ဝင်းမာ' က နေ့ခင်းဘက်ဆိုလျှင် မိခင်ကြီးနှင့် အတူ မီးဖိုချောင်ထဲတွင် ကြံဖန်အလုပ်ရှာပြီး ကိုယ့်အခန်းကိုယ် ပြန်သည်မှာ နှစ်တွေကြာခဲ့ပြီ။ ကြာဆို 'ကေသရီ' ၏ ကလေး နှစ်ယောက်ပင် သုံးနှစ်နှင့်တစ်နှစ်ပင် ရှိနေကြပါပြီ။

'ဝင်းမာ' မည်မျှအနေအထိုင် ဆင်ခြင်သနည်းဆိုလျှင် 'ကိုအေး' ခရီးကပြန်လာတိုင်း သူ့မိန်းမ အသုံးအဖြုန်းကြီး၍ ရှုပ်ဖြစ်တာလည်း ကိုယ်နှင့်မဆိုင်သလို နေသည်။ 'ကိုအေး' ကို 'ကေသရီ' က မိုက်မိုက် ရိုင်းရိုင်းပြန်ပြောပြီး ခံဆဲနေလည်း 'ဝင်းမာ' မသိသလို မဆိုင်သလိုနေသည်။

သူ့ကိုဆဲ၍ 'ကိုအေး' က ပါးရိုက်၊ လက်သီးနှင့်ထိုး သည်း မိမိနှင့်မဆိုင်သလို နေသည်။ 'ကေသရီ' ကြွက်ကြွက်ညံ အောင်ငိုပြီး အိမ်ရှေ့ထွက်၍ 'ကိုအေး' ကို အောက်တန်းကျသော စကားများဖြင့် ဆဲဆိုနေသဖြင့် 'ကိုအေး' သည်းခံနိုင်ပုံမရတော့။ ဒေါသထဲဆင်းပြီး ဆံပင်ဆွဲ၍ ပါးရိုက်သည်အထိ ဖြစ်လာသည်။

"ရှင့်ကို ရဲစခန်းသွားတိုင်မယ်... ကျွန်မ သွားတွေကြိုး ကျိုးနင်ပြီ ဟီး ဟီး"

"မင်း ကြိုက်တဲ့နေရာ သွားတိုင်ကွာ... အပြစ်ရှိရင် ခံရဲ

www.burmeseclassic.com



တယ် ကလေးတွေမျက်နှာကြောင့်… ငါ့ကို ဒီပုံစံမျိုး ဆဲဆိုပြီး စော်ကားလို့ကတော့ သတ်ပြီးကြိုးစင်တက်ပစ်မယ်… ရှာလို့ ရ သမျှ ပိုက်ဆံကျတော့ တစ်ပြားမကျန်လိုချင်တယ်… ကားပြင်ဖို့ စုထားပါဆိုတော့ မယားငယ်နေချင်လို့ အပျော်လိုက်ချင်လို့ ဆိုပြီး စော်ကားတယ်… စိတ်ချ ငါ့လိုကောင်ကို မင်းလိုမိန်းမ အပိုင်ကြံလိုက်လို့သာ ရတာ… ငါသိထားတာ အချစ်ဆိုတာမျိုး မဲ… ဘယ်နှစ်ခါချစ်ချစ် ပူပင်သောက ဖြစ်ရတာကြီးပဲ… မင်း အခုသွားတိုင်… အပြစ်ရှိလို့ ထောင်ကျရင် ထောင်ထဲဝင်မယ် အေး ထောင်ကထွက်လာရင် မင်းကိုငါမမြင်ချင်ဘူး ဒါပဲ”

ပွဲကြည့် ညေ့ပရိသတ်တွေက ခြံရှေ့တွင် အစုလိုက်အပြုံ လိုက်ပါပဲ။

လွန်ခဲ့သည့် ငါးနှစ်ခန့်အထိ အလွန်အထင်ကြီးစရာ ကောင်းခဲ့သော ဤခြံကြီးအတွင်းရှိ မင်္ဂလာသတင်း၊ အောင်မြင် မှုသတင်းများမှာ ကွယ်ပျောက်သွားခဲ့ရပါပြီ။

‘ကိုအေး’ ခမြာ ပင်ပင်ပန်းပန်း ခရီးကပြန်လာတိုင်း အိမ် မှာဇိမ်နှင့် အနားယူရသည် မရှိပါ။ အမြဲ ရန်ဖြစ်ပြီး ပြန်သွား လေ့ရှိသည်။

“ဟိတ် ‘ဝင်းမာ’ ‘ဝင်းမာ’ ”





ဈေးက ပြန်လာသော ‘ဝင်းမာ’ ကို လက်ဘက်ရည်ဆိုင် ပိုင်ရှင် ယခု ဓါတ်ပုံဆိုင်နှင့် ဗွီဒီယိုထုတ်လုပ်ရေးပါ တွဲလုပ် နေသော ‘ကိုထင်ကျော်’ က လက်ခုပ်တီး၍ လှမ်းခေါ်နေခြင်း ဖြစ်၍ ရယ်မောပြီး ပြန်လှည့်ခဲ့မိပါသည်။

“လာပါဦး ထိုင်ပါဦး… စကားနည်းနည်း ပြောချင် လို့…ဆယ်မိနစ်ထဲပါ”

“ပြောပါလူပျိုကြီးရာ… ဘာလဲ မိန်းမ ရှာခိုင်းမလို့လား”

“တော်ပါပြီဗျာ… ငါ့သူငယ်ချင်း လူအေးကြီး အဖြစ်ဆိုး တာကိုကြည့်ပြီး ယူဖို့ပိုဝေးသွားပြီ”

“ဟုတ်တယ်နော်… ‘ကိုအေး’ ကို တကယ် သနားတယ်”

“ဘာလဲ နင် သိပြီးပြီလား”

“ဟင် ဘာကိုသိရမှာလဲ… ဘာတွေ ထပ်ဖြစ်လို့လဲ… ‘ဝင်းမာ’ က ဒီတစ်ခေါက် ခြံထဲမှာရိုက်တဲ့နှက်တဲ့အထိဖြစ်ပြီး ‘ကောသရီ’ က ‘ကိုအေး’ ကကို ရဲစခန်းသွားတိုင်မယ်ဆိုတဲ့ကိစ္စ ကို ပြောတာ”

“အေး ‘ကိုအေး’ အဲ့ဒီလောက်အထိ ဒေါပွပြီး ရိုက်နှက်တဲ့ အကြောင်းကိုကော သိသလား”

“ဟင့်အင်း ပြန်လာတိုင်း ရန်ဖြစ်နေကြဆိုတော့ ‘ဝင်းမာ’



www.burmeseclassic.com

www.burmeseclassic.com



တို့အတွက်မဆန်းဘူး… ပြီးတော့ ရန့်ဖြစ်တိုင်း 'ဝင်းမာ' ကိုပဲ ဝိုင်းဆူကြလွန်းလို့ ရန့်ဖြစ်သံကြားတာနဲ့ 'ဝင်းမာ' က အပေါ် ထပ်တက်ပြီး ပရိုက်အော်ရွတ်နေတာ… ပဍ္ဍာန်းအော်ရွတ်နေ လိုက်တာ"

"အခု ငါ ခေါ်ပြောတဲ့ကိစ္စကို အသက်ကြီးတဲ့ နင့်မိဘ တွေသိစရာမလိုဘူး… နင်နဲ့ 'စိုးမောင်' တို့ တိုင်ပင်လို့ရအောင် ငါခေါ်ပြောတာ… ဒီတစ်ခေါက် 'ကိုအေး' ကားအင်ဂျင်ကွဲသွား တယ်… "

"ဟင် ဟုတ်လား"

"အေး နင်လည်း ကားသမားသမီးပဲ နည်းနည်းပါးပါး တော့သိမှာပေါ့… အင်ဂျင်ဝယ်ထည့်ရင် အနည်းဆုံးသိန်းလေး ဆယ် အထက်မှာရှိတာလေ"

"အဟောင်းပြန်ရောင်းရင် ရတယ်မဟုတ်လား"

"ဩော် နင်ကလည်း… အဟောင်းကဆိုင်မှာ ရောင်းစို့ သွားပေးထားရမှာ… ဝယ်မယ့်လူရှိမှ ပိုက်ဆံရမှာ… ပြင်ပြီး ရောင်းရင်လည်း ပြင်တဲ့အချိန်ရော ဝယ်မယ့်သူစောင့်ရတာရော အကြာကြီး… သူများ ကုန်ကို လက်ခံထားရတာ… အချိန်မီ နိုင်ဖို့ ကားပြောင်းပေးရလို့ ခေါက်ကြေးလည်း မရနိုင်တော့





ဘူး… ငါ့ဆီမှာ လာချေးတယ်… သူ့ မျက်နှာ သူ့ကတိကိုယုံ ကြည်လို့ သိန်းနှစ်ဆယ်တော့ချေးမယ်လို့ ပြောလိုက်တယ်… သူ့မိန်းမရဲ့အကျင့်ကိုသိလို့ စာချုပ်တော့လုပ်ထားရမှာပေါ့… ရွှေမပါဘဲချေးတာ သူ့ကိုသနားလို့…

ကျန်တဲ့သိန်းနှစ်ဆယ်ကိုတော့ သူ့မိန်းမဆီမှာစုထားတဲ့ ငွေနဲ့ရွှေရောင်းပြီးထည့်မယ်လို့ ပြောသွားပြီး ညနေဘက် ရန့် ဖြစ်တာဆိုတော့ မဟုတ်မှလွဲရော ဘာမှတောင်းလို့မရဘူး ထင် တယ်"

"မပြောတတ်ဘူး"

"'ကေသရီ' ဆိုတဲ့ မိန်းမကတော့ကွာ ရုပ်လှသလောက် နာမည်လေးလှသလောက် စာရိတ္တကတော့ တကယ့်ကိုအောက် တန်းကျတာ… မိန်းမတန်မဲ့ ဘာလောင်းလို့ရသလဲ အကုန် လောင်းတာနော် ဖဲလည်းရိုက်တတ်တယ် ပြောတယ်"

"အင်း 'မီလွင်' နဲ့ သူနဲ့ တည့်တာ အဲ့ဒီကိစ္စတွေ အသွင်တူ လို့လေ… အို ဒီပါးစပ်ကလည်း လျှာရှည်လိုက်တာ… မေ့လို့ မေ့လို့"

"ငါ ပြောချင်တာက နင်တို့အပေါ် သူ ဒီလောက်ပေါင်း ခဲ့တာ သူလိုတဲ့ ငွေသိန်းနှစ်ဆယ်ကို နင်နဲ့ 'စိုးမောင်' ဝိုင်းထုတ်



www.burmeseclassic.com

www.burmeseclassic.com

ပေးလိုက်ရင် မြန်မြန်ကားထွက်လို့ရတာပေါ့"

'ဝင်းမာ' က သက်ပြင်းလေးချရင်း...

"အင်း ထုတ်ပေးချင်ပါတယ်... 'ကိုအေး' ကို သနားလွန်းလို့ ဒါပေမဲ့ ဒီမိန်းမ ဒီလိုသုံးဖြုန်းနေပုံနဲ့ 'ကိုအေး' ဘယ်လိုလုပ်ပြန်ဆပ်နိုင်မှာတဲ့လဲ"

"အရှုံးလို့သာ သဘောထားပြီး ပေးလိုက်ပေါ့ဟာ... သူ့ကျေးဇူးတွေပြန်ဆပ်တဲ့ သဘောပေါ့ဟာ"

'ဝင်းမာ' က အံ့ဩသလို မျက်နှာလေးဖြင့်...

"အို 'ကိုထင်ကျော်' က 'ကိုအေး' ကို အရမ်းခင်တာပဲကိုး... တကယ်ဆို 'ကိုအေး' ကို ယောက်ဖတော်ဖို့ကောင်းတာ"

"နင်ဘာလို့ ယောက်ျားအစောကြီး ယူသေးလဲ"

"ဟာ ဘာတွေလျှောက်ပြောနေတာလဲ... 'ကိုထင်ကျော်' အစ်မတွေနှမတွေနဲ့ ပေးစားဖို့ပြောတာ"

"နင့်အစ်ကိုက မူနေတာကိုး... ခုမှတော့ ပြောမနေနဲ့တော့... နင့်သမီးပဲ စောင့်ယူတော့မယ်"

"'ကိုထင်ကျော်' ကြီးနော်... ဘဘကြီးရဲ့ မေတ္တာဓာတ်လမ်းမျိုး တကယ်ဖြစ်နေဦးမယ်... ကောင်မလေးတွေကလည်း 'ကိုထင်ကျော်' ကို စိတ်ဝင်စားကြတယ်နော်... ဒါ အရှာ●ောင်





တာကိုး"

'ဝင်းမာ' က လက်ညှိုးနှင့်လက်မကို ဝိုင်းပြရင်းဖြစ်သည်။

"ကဲ သွားတော့မယ်နော်... ဒီအပတ် လူကြီးတွေကို 'ဝင်းမာ' ချက်ကျွေးရမယ့်အလှည့်ကျတာ"

"ဟုတ်ပြီလေ... ငါ ပြောတာလဲမမေ့နဲ့... နင်တို့မောင်နှမ နှစ်ယောက်တိုင်ပင်ကြ"

"ကိုယ်က အစ်ကိုကိုချစ်လို့ သနားလို့ ကူညီပါလျှက် သူ့မိန်းမ,က ကျေးဇူးမတင်ဘဲ ပမာမခန့်လုပ်ဦးမှာ... ပြီးတော့ ပြန်ဆပ်မှာလဲ မဟုတ်တော့ဘူး"

"ငါ ပြောပြီးပြီပဲ... နင်တို့ကူညီသင့်တယ်... ကူညီနိုင်တယ်"

"အင်းပါ... တိုင်ပင်ရအုံးမှာပေါ့... သွားပြီနော်"


www.burmeseclassic.com

www.burmeseclassic.com

မောင်နှမနှစ်ယောက်လုံး အစ်ကိုကြီးအတွက် စိတ်မကောင်းဖြစ်ပြီး ချက်ချင်းထုတ်ပေးချင်ပါသော်လည်း အသုံးအဖြုန်းကြီးပြီး မိမိတို့မိသားစု၏ စီးပွားရေးကိုရော၊ ဂုဏ်သိက္ခာကိုပါ ကျဆင်းအောင်လုပ်နေသည့် 'ကေသရီ' ကိုတော့ စေတနာမရှိတာ အမှန်။

"ဘာပေးစရာလိုလဲ... အားလုံးဝေပုံကျပေးပြီးတဲ့အပြင် ဦးစီးပေးတဲ့အတွက် တစ်လနှစ်သောင်းခွဲစီ ပေးလာတာ ဘယ်နှစ်နှစ်ရှိပြီ လဲ... 'မီလွင့်' တို့ထက် သူတို့ကပိုရတာ... ဒါတောင်





ဘယ်လောက် ပိုယူထားသေးလဲ မသိဘူး"

"တော်စမ်းပါ မင်းက အခုမှ ဒီစကားလာပြောမနေနဲ့... မင်းပဲတစ်ချိန်လုံး ဒီမိန်းမနဲ့ လုံးလုံးထွေးထွေးနေနေတာ... မင်းလည်း ဖဲရိုက်တာ အပျင်းပြေအပျော်နဲ့ လာဖမ်းသွားမှ ထောင်ထဲရောက်နေမယ် နားလည်လား... 'ကိုအေး' ရဲ့ မျက်နှာကို ထောက်ပြီး ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ဒီတစ်ခေါက်တော့ ကူညီလိုက်မယ်"

'ညီထွန်း' ကလည်း ပွစိပွစိ ပြောနေသည်။

"ပလုံပြီသာမှတ် မိန်းမရေ"

'ဝင်းမာ' က ဝုန်းကနဲထရပ်ရင်း...

"သူစိမ်းဟာ သူစိမ်းစကားပြောတာပဲ... ရှင့်ကိုကျောင်းထားပေးခဲ့တာတွေ အလုပ်ရတာတောင် စားစရိတ်မထည့်ရတာတွေ အိမ်ခန်းထဲ လိုအပ်သမျှဝယ်ပေးတာတွေရဲ့ မျက်နှာကိုတောင် မထောက်ဘူး... အိမ်ထဲမှာထိုင်နေရင်း တစ်ပတ်တစ်ခါ ကားခတွေအထုပ်လိုက် ဇိမ်နဲ့ထိုင်ယူနေတဲ့ မျက်နှာကိုတောင် မထောက်ဘူး"

"မင်းကလည်းကွာ... 'ကိုအေး' အတွက် ပေးချင်ပေးမယ့် ဟို မိန်းမ အသုံးအဖြုန်းကြီးလို့ ပြန်ရမှာမဟုတ်ဘူးလို့ ပြောနေ


www.burmeseclassic.com

www.burmeseclassic.com



တာ… တော်ပါပြီ နောက်ဆို မင်းရဲ့ကားခနဲ့ ငါ မစားတော့ပါဘူး… ငါ့ဝင်ငွေနဲ့ပဲ ငါစားပါတော့မယ်”

ဝမ်းနည်းသံကြီးနှင့် ပြောနေသဖြင့်…

“ဘာလဲ ငွေကိစ္စကြောင့် ရှင်က သူစိမ်းစကားပြောပြီလား”

“မိန်းမရာ… ငါ ဘာစကားမှ မပြောတော့ပါဘူး… နောက်ကို မင်းတို့မိသားစုကိစ္စ ငါဘာမှ ဝင်မပြောတော့ဘူး… ‘ကိုအေး’ အတွက်ဆိုရင် ကားတစ်စီးလုံးပေးလဲ ငါ မပြောတော့ပါဘူး”

ထိုစကားကြောင့် ‘ဝင်းမာ’ က…

“ဒါကရော ဘာစကားလဲ… မပြောတော့ဘူးဆိုလို့ပဲ တော်တော့တယ်”

“စလံပေးပါတယ်… တောင်းပန်ပါတယ်… နှုတ်ပိတ်နေပါ့မယ်”

ထိုကဲ့သို့ပြောပြီး ‘ညီထွန်း’ ဆေးအိတ်ဆွဲ၍ ထွက်သွားခဲ့ပါသည်။





## ၁၅

သိန်းလေးဆယ်ဆိုသည့် ပိုက်ဆံကို သူငယ်ချင်းနှင့် ညီ ညီမတို့ထံက လက်ခံပြီးသည့်နောက် ဤပိုက်ဆံကို ပြန်ဆပ်နိုင်ဖို့ ‘ထင်ကျော်’ ကို အတိုးသဘောမျိုးပေးနိုင်ဖို့ ချွေးဘာမှဖြစ်တော့မည်။

‘ထင်ကျော်’ က တစ်လတစ်သိန်း ဖွဲ့စပ်သွားရန်ပြောသည်။ အတိုးမယူဘူးဟု ပြောသည်။ သို့သော် ကိုယ်က သိတတ်ရမည်။

ဒါတွေပြန်ဆပ်နိုင်ဖို့ ‘ကေသရီ’ ကို ငွေမအပ်တော့။ မုန့်

www.burmeseclassic.com



ဘိုးသာပေးသည်။ ထမင်းဟင်းလည်း မချက်နိုင်းတော့။ မိဘ များနှင့် တစ်အိုးထဲစားနိုင်းသည်။ ထိုစားစရိတ်ကိုသာ ထုတ်ပေး သည်။

ထိုကိစ္စကို မကျေနပ်သဖြင့် 'ကေသရီ' က လက်စား ချေသည်။ 'ခင်မောင်အေး' ကားထွက်သွားသည်နှင့် ဈေးထဲမှ ပစ္စည်းဟောင်းဝယ်သူများကိုခေါ်ပြီး သူ ဝယ်ထားသမျှပစ္စည်း ကိုရောင်းချပြီး ခရီးစရိတ်လုပ်၍ မိဘများထံ ပြန်သွားတော့ သည်။

ဒီလိုလုပ်သွားသဖြင့် အဖိုး၊အဖွားများ ခမြာ မျက်ရည် တစမ်းစမ်းဖြစ်ရသည်။ ယူပြီးစတည်းက ရန်ဖြစ်တိုင်းပြန်မည် ဟုပြောတတ်သော 'ကေသရီ' တစ်ယောက် လေးနှစ်ပြည့်မှ တကယ်ပြန်ဖို့ပြင်ဆင်နေပါပြီ။ ရထားလက်မှတ်၊ ကားလက် မှတ်တွေဝယ်နေသဖြင့် 'ကိုအေး' ထံ ဖုန်းဆက်ကြသည်။

ဆက်သွယ်ရေး ကင်းကွာသောနေရာတွင် ရောက်နေသ ဖြင့် 'ကိုအေး' ဝင်ထွက်သွားလာတတ်သော နေရာများသို့ ကြိ တင်အကြောင်းကြားထားရသည်။ ပြီးတော့ 'ကိုအေး' ၏ တိုင် ပင်ဖော်တိုင်ပင်ဖက်ဖြစ်သည့် 'ကိုထင်ကျော်' ထံ ပြေး၍ အကြံ ဉာဏ်တောင်းရသည်။





"ဒီတစ်ခါ တကယ် သွားတော့မယ် 'ကိုထင်ကျော်' ရ"

"ကလေးတွေကကော"

"ခေါ်သွားမှာပေါ့... တစ်အိမ်လုံး 'ကိုအေး' ပစ္စည်းပဲချန် ထားတာ"

"ကလေးတွေက ဒီမှာနေတာတောင် လမ်းဘေးက က လေးတွေနဲ့ ဆော့လို့ဆဲဆိုနေတတ်ပြီး ရိုင်းလဲအရမ်းရိုင်းတယ် နင့်ကလေးတွေနဲ့ တခြားစီပဲ"

"'ဝင်းမာ' လည်း သူတို့နဲ့ရောပြီး ပျက်စီးမှာကြောက် လို့ အိမ်မှာအိပ်ချိန်ပဲ ထားတာ... မိုးလင်းတာနဲ့ ဟိုပို့ဒီပို့ ကျူ ရှင်မျိုးစုံ သင်တန်းမျိုးစုံ တက်နိုင်းထားတာ... ပိုက်ဆံတော့ ကုန်သလားမပြောနဲ့"

"ကောင်းတယ်... ငွေကုန်တာကို မညည်းနဲ့... တခြားနေ ရာမှာ ချွေတာသုံးပေါ့... ကလေးတွေကို ခေါ်ထားလိုက်ပေါ့... 'ကိုအေး' က ကလေးတွေအတွက် ပေးမှာပါ"

"မပေးလဲ ဘာမှမဖြစ်ဘူး... ကိုယ့် တူ တူမလေးတွေပဲ ဟာ... နှစ်ယောက်လုံး မပေးရင်တောင် 'ရှင်မင်း' ကို ခေါ်ထား ချင်တာ... မိန်းကလေးဆိုတော့ သူ့လိုပေါက်ကရတွေ ဖြစ်မှာစိုး လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပြော... ကလေးတွေကို ခေါ်ခွင့်မပေးနဲ့... 'ခင်မောင်အေး' ပြန်လာမှ ကလေးကိစ္စဆွေးနွေးမယ်လို့... လော လောဆယ် သွားချင်ရင် တစ်ယောက်တည်း သွားခိုင်းလိုက်"

"ဟာ မပြောချင်ပါဘူး... 'ဝင်းမာ' ကို အားလုံးက ခဏ ခဏ စော်ကားကျူးလွန်းလို့ ဝင်မပြောတာကြာပြီပဲဟာ... စော နာနဲ့ ဝင်ပြောပေမယ့် ကိုယ့်ယောက်ျားကိုယ်တိုင်က ကိုယ့်ဘာ ကမရှိဘူး"

"'ညီထွန်း' စိတ်ဓါတ်ကို ငါ သိပြီးသားပါ... ဆန်ရင်း နာဖွပ်တဲ့သဘောနေမှာပါ... ပြီးတော့ ဒီကောင်က နင်တို့မိသ စုကိုသူ့မိသားစုလို သဘောထားတဲ့ကောင် ဒါကြောင့် ဒီအိမ် ကြာကြာနေလို့ ရတာပေါ့... နင် မပြောချင်ရင် 'စိုးမောင်' ပြောခိုင်း မထည့်တာအကောင်းဆုံးပဲ... စာရိတ္တလည်းမကော စိတ်ဓါတ်လည်းမကောင်း အမေလည်းမပီသနဲ့ ကလေး ပျက်စီးကုန်မှာပေါ့... ဒီအရွယ်က ဘယ်ကိစ္စမဆို အတုခိုး အရွယ်"

"အင်း အင်း 'ကိုစိုး' နဲ့ ပြောခိုင်းလိုက်မယ်"

'ဝင်းမာ' တို့ အရှုံးပေးလိုက်ရပါသည်။

'ကေသရီ' က ကလေးကိစ္စကို ကလေးအဖေနှင့်သာ





မည်ဟုပြောသည်။ ပြီးတော့ ချက်ချင်းကားငှားပြီး ပစ္စည်းတွေ ရောကလေးတွေရော ခေါ်တင်သွားခဲ့သဖြင့် အိမ်ကကလေးတွေ လည်း ငိုယို၍ ကျန်ရစ်ခဲ့ကြသည်။ 'ဝင်းမာ' လည်း မျက်ရည်ကျ သလို၊ အဖိုးနှင့်အဖွားလည်း ကွယ်ရာမှာ မျက်ရည်ကြိတ်သုတ် နေမှာပေါ့လေ။

အထူးသဖြင့် ရောဂါသည်အဖိုးက အစားအသောက်ပင် မစားတော့သဖြင့် သားနှင့်သားမက် ဆရာဝန်နှစ်ယောက်လုံးက ချော့ကာ တစ်မျိုး၊ ခြောက်ကာတစ်မျိုး၊ တရားပြကာတစ်မျိုးနှင့် မြော့ရင်းကပင် တစ်ပတ်ခန့်ကြာသောအခါ အိပ်နေရင်း အ သက်ထွက်သွားတော့သည်။

မိန်းမနားပူနာဆာ လုပ်မှာစိုး၍ အိမ်ကိုတစ်ပတ်လောက် ဖုန်းအဆက်အသွယ်ဖြတ်ထားခဲ့သော 'ခင်မောင်အေး' တစ် ယောက် သတင်းစာထဲမှာ နာရေးကြော်ငြာကို မြင်ရသော အချိန်တွင် မိမိတွေ့ခွင့်ရဖို့အတွက် သင်္ဂြိုလ်မည့်အချိန်ကို ထပ်မံ ကြေငြာပါမည်ဟု ရေးထားကြောင်းတွေ့ရသည်။ ဆုံးတာ ငါး ရက်တောင် ရှိပြီပဲ။

'ခင်မောင်အေး' စကားမပြောနိုင်ဘဲ ငိုင်နေသဖြင့် တည့် တွေက ကားအော်ဒါငှားပြီး အိမ်လိပ်စာအတိအကျရေးပေးပြီး



www.burmeseclassic.com

www.burmeseclassic.com



တင်လွှတ်လိုက်ကြသည်။

ထို့ကြောင့် သင်္ကြိုလ်မည့်နေ့သည့် ရက်လည်သည့်နေ့ ဖြစ်နေခဲ့ပြီ။ မီးရှို့ရန်တံခါးပိတ်လိုက်ချိန်ကျမှ ကားပေါ်မှပြေ ဆင်းလာသော 'ခင်မောင်အေး' မှာ အရူးတစ်ယောက်လို အော် ဟစ်နေပြီး မေ့လဲသွားခဲ့ပါသည်။

"ခဏပါဗျာ... ခဏလေး တံခါးဖွင့်ပေးပါဗျာ"

အရူးတစ်ယောက်လို ဖြစ်နေသော ခံစားနေရသော အစ် ကိုကြီးအတွက် ပိုရင်နာပြီး၊ အားလုံးထပ်မံ ခံစားနေကြသဖြင့် ဤအသုဘသည် အသံတိတ်ငိုပွဲ၊ ကြိတ်ဆွေးပွဲ၊ ခွဲခွာသည့်ပွဲကြီး ဖြစ်နေတော့သည်။ အော်ဟစ်ငိုကြွေးလိုက်တာကမှ ခံစားချက် သက်သာသေးသည်မဟုတ်လား။

ခုတော့ အစ်ကိုကြီး တက်သွားတာကိုကြည့်လိုက် 'ဝင်း မာ' က သတိလစ်သွားလိုက်နှင့် ဆရာဝန်နှစ်ယောက် မအား ရအောင်ဖြစ်နေတော့သည်။ အိမ်ပြန်ရောက်မှ ပိုဆိုးတော့သည်။ ဖခင်ကြီးထိုင်နေကြ ပိုးချဲကြီးကိုကြည့်ပြီး ခြေနင်းခုံနှင့် သူ့နာ တဒုန်းဒုန်း အကြိမ်ပေါင်းများစွာ ရိုက်နေသဖြင့် သွေးများဖြ ကျလာတော့သည်။

အားလုံး ဝိုင်းစောင့်ကြည့်နေသည့်ကြားက ဖြစ်သွားခြင်း





ဖြစ်သည်။

"သူငယ်ချင်းရာ... လူဆိုတာ သေမျိုးပဲကွာ... တရားနဲ့ ဖြေမှပေါ့"

"ငါ ဘယ်လိုလုပ်ဖြေနိုင်မှာလဲ သူငယ်ချင်းရာ... ငါသိပ် ချစ်ခဲ့တဲ့အဖေကို... ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်ကို မက် ဆာပြီး နှစ်သက်ခဲ့တဲ့အချိန်ကစပြီး အရင်ကလို တာဝန်မကျေ နိုင်ခဲ့တာ ငါအသိခဲ့ဆုံးပေါ့... ဒီမိန်းမကို အိမ်ပေါ်စတင်ခဲ့တဲ့ အချိန်ကစပြီး ငါ့မိဘနှစ် ပါး ဘယ်လောက်စိတ်ဆင်းခဲ့ရတယ် ဆိုတာတွေ ချခဲ့ရတယ်ဆိုတာ ငါ အသိဆုံးပဲလေ...

အခု ငါ မလိမ္မာလို့ မိဘစကားနားမထောင်လို့ ထင်ရာ လုပ်လို့ ငါ့ အဖေသေသွားခဲ့တာ... လေဖြတ်ယုံနဲ့ ဘာမှသေစ ရာမရှိဘူး... နောက် ဆယ်နှစ် အနှစ်နှစ်ဆယ် နေလို့ရသေး တယ် အီး ဟီး ဟီး"

"ဖြေပါ သူငယ်ချင်း... မင်း အဖေအပေါ်မှာ မင်းက တာ ဝန်ကျေခဲ့တဲ့ သားကြီးပါကွာ"

"ဟား ငါ ကျေခဲ့တဲ့တာဝန်ကို ငါ့ကြောင့်ပဲ အဖေနလုံးကွဲ သွားတာပါ... ငါ တဏှာရူးလို့ ဒီလိုဖြစ်တာ... ဒီမိန်းမကိုမက်လို့ ဘဝရော ငါ့မိသားစုရော ဘဝပျက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးရယ် အဲ့သလိုမတွေးပါနဲ့... အားလုံးက အချစ်နဲ့ ကင်းနိုင်ကြတာမှ မဟုတ်တာ... ကိုကြီး မှာအပြစ်မရှိပါဘူး"

နဖူးမှဒဏ်ရာကြောင့် ပလာစတာ ကပ်ထားရသော 'ကို အေး' တစ်ယောက် ဖခင်ကြီး၏ ခါတ်ပုံကိုပြုံးကြည့်လိုက်၊ စကားတတွတ်တွတ်ပြောလိုက်၊ မျက်ရည်သုတ်လိုက်နဲ့ ရှုးသွား မှာပင် စိုးရိမ်နေကြရသည်။

"'ခင်မောင်အေး' မင်း အဲ့သလိုလုပ်နေရင် မင်းအမေပါ မြန်မြန်သေသွားလိမ့်မယ် ကွာ... ဟိုမှာ မင်း တူတွေ တူမတွေက မင်းကို ကြည့်ပြီး ငိုနေကြတယ်... ကျန်တဲ့လူတွေအတွက် မင်း သတိလက်လွတ် မဖြစ်စေချင်ဘူးကွာ... လာပါ ငါနဲ့ လိုက်ခဲ့ စမ်းပါ... ကလေးတွေခေါ်ပြီး ကမ်းနားဘက် မြို့သစ်ဘက်ကား လျှောက်မောင်းရအောင်"

ဤရက်ပိုင်း 'ထင်ကျော်' ကို ချောဆွဲထားကြရသည်။

"ငါ ကားရောင်းပြီး မင်းတို့အကြွေးတွေ ပြန်ဆပ်ပြီး ဘုန်းကြီးပဲ ဝတ်လိုက်တော့မယ်"

"ဟာကွာ ဒီလိုလွယ်လွယ် ပြောလို့ မရဘူးလေကွာ... မင်းက လူပျိုလူလွတ်မှ မဟုတ်တာ... မိန်းမနဲ့ကလေးနဲ့လေ"

"မိန်းမကို ကွာလိုက်မယ်... ပေးသင့်တာ ပေးလိုက်မယ်



ကလေးနှစ်ယောက်ကတော့ သူ့ဦးလေးနဲ့ အဒေါ် တစ်ယောက် စီ ယူပစေ"

"သူငယ်ချင်းရာ လောလောဆယ်တော့ ထူပူနေသေးလို့ သွေးပူနေသေးလို့ မှန်တယ်ထင်ပြီး လျှောက်လုပ်မိမှာပဲပေါ့... သွေးအေးလာတဲ့အချိန် ကိုယ့်မိသားစုလေးနဲ့ ပြန်နေချင်လာတဲ့ အခါ တကွဲတပြားစီဖြစ်နေမှာပေါ့... သူတို့အမေ ဘယ်လောက် ဆိုးဆိုး သူတို့ချစ်ကြမှာပေါ့... ကလေးတွေ ရင်ကွဲနာကျအောင် ထပ်မလုပ်ပါနဲ့တော့ ကွာ... ခွေးမြီးကောက် ကျည်တောက်စွပ် ဆိုတဲ့စကားလည်းရှိသား ပဲ... သူ နဂိုတည်းက ဒီပုံစံအတိုင်းနေ တတ်တာက ဖြောင့်အောင်ဖွတ်လုပ်ယူလို့ ဘယ်ရမှာလဲ...

ဒီအသိုင်းအဝိုင်းကြားထဲကို ချော့ပြီးပြန်ခေါ်လာခဲ့ပြီး ဝိုင်း ထိန်းမှဖြစ်မှာပေါ့... လောလောဆယ် သွားမခေါ်ချင်သေးလဲ ဖြည်းဖြည်းမှ စဉ်းစားကွာ... မင်း ခရီးပြန်ထွက်လိုက်ရင် အခြေ အနေတွေ ပုံမှန်ပြန် ဖြစ်သွားမှာပါ... တစ်ရက်နှစ်ရက်လောက် နားပြီးရင် ကားနောက်သာ ပြန်လိုက်ပါ"

"ဟာ ငါ့အမေနားမှာ နေပေးဦးမှ ဖြစ်မှာပေါ့... တစ်လ ပြည့်ဆွမ်းကျွေးပြီးမှပြန်မယ်"

"ဒါကတော့ မင်း သဘောပဲလေ... အိမ်ထဲထိုင်ဆွေးပြီး



www.burmeseclassic.com

www.burmeseclassic.com

စိတ်ဓါတ်တွေ ကျနေမှာစိုးလို့ ပြောနေရတာ... စပယ်ယာတွေ တခြား ဒရိုင်ဘာတွေ ကားသုံးစီးလုံး အဝေးမှာထားခဲ့ရတာ မဟုတ်လား... တစ်လမပြည့်ခင် မင်း ရောက်အောင် ပြန်လာလိုက်ပေါ့... ကလေးတွေပါ ဝင်ခေါ်ခဲ့ပေါ့"

"ကိုကြီး ရေ... ဖုန်းလာနေတယ် 'မကေ' ဆီက"

'ဝင်းမာ' က လှမ်းအော်ခြင်းဖြစ်သည်။

"ဟော တွေ့လား... တကယ်တမ်းကျတော့ သူလည်း မနေနိုင်ပါဘူးကွာ... သွား သွား စကားပြောလိုက်ပါဦး"

'ခင်မောင်အေး' က အံကြိတ်ပြီး ထွက်သွားခဲ့သည်။

"ကိုကိုလား... အဖေဆုံးတာ 'ကေ' မြို့ပေါ်ရောက်မှ သတင်းစာဖတ်ပြီးမှတွေ့တာ"

"မင်း ဘာကိစ္စ ဖုန်းဆက်ရတာလဲ... မနေချင်လို့ ထွက်သွားခဲ့ပြီးပြီပဲ... မင်းကြောင့် ငါ့ အဖေဆုံးတာ"

"ရှင်ကတော့ အမြဲတမ်း ကျွန်မကိုပဲ အပြစ်တင်ဖို့ စဉ်းစားနေတာကိုး... ဆက်ချင်လွန်းလို့ ဆက်တာမဟုတ်ဘူး... အဖေ့နာရေးကိုတွေ့လို့ ကလေးတွေရဲ့အဖိုးဖြစ်နေလို့ စိတ်မကောင်းဖြစ်လို့ဆက်တာ... အဲ့ဒီကိစ္စကို ကလေးတွေကို ပြောတောင်မပြရဲဘူး... အငယ်ကောင် အဖျားတက်ပြီး သတိလွှ





ချင်သလိုဖြစ်လို့ ဆေးရုံတင်ထားရတယ်"

"ဟင် အခုရော ဘယ်လိုနေလဲ... စကားပြောနိုင်လား"

'ခင်မောင်အေး' ချက်ချင်းပြာသွားသဖြင့် အားလုံးကသည်း စိုးရိမ်ပြီး ဝိုင်းကြည့်နေကြသည်။

"စကားဘယ်ပြောနိုင်မလဲ... ရှင် လာမယ်ဆိုရင် အမြန်လာခဲ့စေချင်တယ်"

'ကေသရီ' အသံက ငိုသံဖြစ်နေ၍...

"ဟုတ်ပြီ ငါ ခုချက်ချင်း လာခဲ့မယ်"

စောစောက ကွာမယ်၊ ရှင်းမယ် ကလေးတွေ ဟိုပေးဒီပေးလုပ်နေသော 'ခင်မောင်အေး' တစ်ယောက် မိခင်ကိုထိုင်ကန်တော့ပြီး ကားငှားဖို့ ဖုန်းဆက်နေသဖြင့်...

"အိမ်ကကားပဲ ယူသွားလိုက်လေ 'ကိုအေး' ရယ်... 'ဝင်းမာ' ရော လိုက်ခဲ့ပေးရမလား"

"ဟာ မေမေ့အတွက် နင် ရှိဖို့လိုတယ်... ရတယ် ငါသွားနေကြပဲ... တစ်လမပြည့်ခင် ရောက်အောင် ပြန်ခဲ့မယ်"

"'ကိုအေး' နေ့တိုင်း ဖုန်းမှန်မှန်ဆက်နော်... ဖုန်းဆက်ခဲ့လို့ မဖြစ်သင့်တာတွေ ဖြစ်တာ"

"အေးပါ အေးပါ"


www.burmeseclassic.com

www.burmeseclassic.com



အေးပါပြောသွားသော 'ခင်မောင်အေး' နောက်တစ်နေ့ ညရောက်သည်အထိ ဖုန်းမဆက်သဖြင့် အားလုံး ဖုန်းအလာကို သာ မျှော်နေကြရသည်။ သူ့မိသားစုနှင့်တွေ့၍ မေ့သွားပြီ ထင်ပါရဲ့။

ည ဆယ့်တစ်နာရီမှ ဖုန်းမြည်လာသဖြင့် နည်းနည်းတော့ စိုးရိမ်သွားကြသည်။ ကလေးများ တစ်ခုခုဖြစ်ပြီလားဟု။

"'ဝင်းမာ' လား... 'ကိုအေး' မလာဘူးလား... သားလေး ဆုံးသွားပြီ"

"ဟင် 'ကိုအေး' မနေ့ညထဲက ထွက်သွားတာလေ... မရောက်သေးဘူးလား... ဒုက္ခပါပဲ လုပ်ကြပါဦး... တစ်ခုခုများ ဖြစ်နေပြီလား 'မကေ' အဲ့ဒီဘက်ကစုံစမ်းပြီး ဒီကိုအကြောင်းကြားလိုက်... 'ဝင်းမာ' တို့လည်း ဒီဘက်က စုံစမ်းမယ်... အိမ်ကကားနဲ့ထွက်သွားတာ... အဲ့ဒီကိုရောက်နေပြီတောင် ထင်နေကြတာ"

တစ်အိမ်လုံး ဝုန်းဒိုင်းကျဲကုန်တော့သည်။ ရဲစခန်းကို သွားသူက သွားကြသည်။ 'ဝင်းမာ' ကတော့ အိမ်မှာကျန်နေရစ်ခဲ့သဖြင့် ထုံးစံအတိုင်း လမ်းထိပ်ကိုပြေးပြီး 'ထင်ကျော်' ကို ငိုယိုပြီး ပြောပြသည်။





"နင်ကလည်း ငိုတာက အရင်ပဲ... ကားတွေဘာတွေ မျက်ချင်လည်း မျက်မှာပေါ့"

'စိုးမောင်' နှင့် 'ညီထွန်း' မိုးလင်းခါနီးမှ ပြန်လာကြသည်။

မျက်နှာတွေ မကောင်းကြသဖြင့်...

"ဘာဖြစ်လို့လဲဟင်"

"ကားအရှိန်လွန်ပြီး တောင်နံရံနဲ့တိုက်မိထားလို့ ဆေးရုံရောက်နေတယ်တဲ့... အခြေအနေ မကောင်းဘူးတဲ့... အမြန်လိုက်ခဲ့ပါတဲ့"

"ဘယ်နားမှာ ဖြစ်တာလဲ"

"ပြင်ဦးလွင် အတက်မှာ"

အကုသိုလ်က အလုံးအရင်းနှင့် ဝင်ခဲ့ပြီကိုး။ အခြေအနေ မကောင်းဘူးဆို၍ တစ်အိမ်သားလုံး လိုက်ဖို့ပြင်ရတော့သည်။

'ထင်ကျော်' ကလည်း အချစ်ဆုံးသူငယ်ချင်းအတွက် စိတ်ပူပြီး သူ့ကားနှင့် လိုက်မည်ပြော၍ ဗင်တစ်စီးသာ ငှားရသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၁၆

"မနေ့ည ဆယ့်တစ်နာရီကျော်လောက်က ဆုံးသွားပါတယ်"

ထုံးစံအတိုင်း 'ဝင်းမာ' သတိလစ်ပြန်ပါသည်။

"သူ သတိရနေတဲ့အချိန်တုန်းက တတွတ်တွတ်ပြောနေတာကတော့ 'ထင်ကျော်' ကားရောင်းပြီး သူ ယူထားတဲ့အကြွေး ပြန်ယူပါတဲ့ အတိုးလည်း ယူပါတဲ့... နောက်ထပ် သူ့ညီနဲ့ညီမရဲ့ အကြွေးကိုလဲဆပ်ပေးပါတဲ့... သူ့မိသားစုကိုလည်း သူ့ကိုယ်စား ဂရုစိုက်ပေးပါလို့ မှာသွားတယ်"

တာဝန်ကျ ဆရာဝန်က ပြောပြခြင်းဖြစ်သည်။ ❀





တစ်မိသားစုလုံးနဲ့အတူ 'ထင်ကျော်' ပါ မျက်ရည်ကျရပါတော့သည်။ သူ ချစ်သော မိသားစုကြီးကို မိမိနှင့်စိတ်ချလက်ချအပ်ပြီး လောဘ၊ ဒေါသ၊ မောဟတွေအားလုံး ချုပ်ငြိမ်းသွားခဲ့ပြီ။ ငြိမ်းချမ်းစွာအနားယူခဲ့ပြီ။

သူ အလွန်ချစ်သော သူ အလွန်ရွံ့ရှာသွားခဲ့သော 'ကေသရီ' ကို ခေါ်ယူပေးဖို့မလွယ်၊ 'ကေသရီ' ကိုယ်တိုင်လည်း ကလေးနာရေးရှိသောကြောင့် မိခင်ကြီး၏ ဆန္ဒအတိုင်း 'ခင်မောင်အေး' ကို မီးသဂြိုလ်ပြီးနောက် 'ကေသရီ' ရှိရာသို့ အားလုံးရောက်လာခဲ့ပါသည်။

"အို လုံးဝအမိပ္ပါယ်မရှိတာ... လင်တစ်ယောက်လုံးသေတာ မမြင်ရဘူးလား... မတွေ့ရဘူးလား ဒါ ဘာသဘောတုန်း"

သူမ၏ ဒေါသတကြီး ငိုကြီးချက်မသံကြောင့် ဝိုင်းအုံကြည့်သူတွေ စုပြုံ၍ရောက်လာပါတော့သည်။ 'ထင်ကျော်' က အားလုံးကိုယ်စား ဝင်ပြောပေးသည်။

"'မကေ' စိတ်ကိုအေးအေးထားပြီး စကားပြောပါဗျာ... အခုလာတဲ့သူအားလုံးဟာ 'မကေ' ကို ပြဿနာကိုလုပ်ဖို့ ခွန်အားမရှိပါဘူး... သူတို့အချစ်ဆုံး အားအကိုးဆုံး ရုတ်တရက်သေသွားလို့ ရင်စို့နေကြပါတယ်... သူတို့အဖေ ကွယ်ထားလို့



www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲနေကြပါတယ်... အထူးသဖြင့် အန်တီ 'ဒေါ်ကြည်မာ' ဆိုရင် လင်ရော သားရော မြေးရော ရက်ပိုင်းအတွင်းသေဆုံး ထားလို့ သောကမီးတွေ လောင်မြိုက်ပြီး တရားနဲ့ဖြေနေ တဲ့အချိန်ပါ...သားရဲ့မိန်းမ မြေးတွေရဲ့အမေတစ်ယောက် အနေ နဲ့ ဒုက္ခခံပြီး ရောက်လာခဲ့တဲ့သူတွေကို ရန်မလိုစေချင်ပါဘူး— မစော်ကားစေချင်ပါဘူး"

ဤမျှ တောင်းပန်ထားသည့်ကြားက ကလေးကို မြေမြှုပ် ပြီးသည်နှင့် 'ထင်ကျော်' နားကပ်လာပြီး...

"'ကိုထင်ကျော်'... ကျွန်မတော့ လင်လည်းသေ သား လည်းသေပြီးမှတော့ သူတို့နဲ့ ဆက်မပတ်သက်ချင်တော့ဘူး"

သူမ ဘာကိုဆိုလိုမှန်း သိပါလျှက်နှင့်...

"မပတ်သက်လို့တော့ မရဘူးလေ... 'ရှင်မင်း' က ရှိနေ သေးတယ်လေ... အဲ့ဒါ သူတို့သွေးသားဆိုတော့ သူတို့လည်း ချစ်မှာပေါ့"

"ဒါပေမဲ့ မွေးထားတဲ့အမေကသာ ပိုအရင်းဆုံးပါ... ကျွန် မ သူတို့ကို သိပ်စိတ်နာတယ်... ပြန်လဲ မလိုက်ချင်ဘူး... ပတ် လဲမပတ်သက်ချင်ဘူး... ဒါကြောင့် ကျွန်မယောကျ်ားနာမည် ပေါက်တဲ့ကားကို ကျွန်မတို့သားအမိနှစ်ယောက်အတွက် ပေး





သွားစေချင်တယ်"

"ဒါပေါ့ လုပ်ပေးရမှာပေါ့... ဒါပေမဲ့ သေဆုံးသွားတဲ့ 'ခင်မောင်အေး' ကိုယ်တိုင်က တာဝန်ကျ ဆရာဝန်ဆီမှာသွား ခဲ့တာတဲ့... သူ့မှာ ပေးစရာရှိတဲ့ အကြွေးတွေပေးနိုင်ဖို့အတွက် ကားရောင်းဖို့လေ... ပြီးတော့ သူ့ကလေး နောင်ရေးအတွက် လည်း စိတ်မချလို့ ကျွန်တော့်ကိုပါ ဝိုင်းကြည့်ရှုပေးဖို့ မှာသွား တယ်"

ထိုစကားကြောင့် 'ကေသရီ' က သရော်သလို ရယ်ရင်း...

"ဟုတ်လား... ရှင်လည်း အကြွေးမရမှာကြောက်လို့ လိုက်လာတာမဟုတ်လား... နာမည်ကောင်း ဝင်ယူမနေစမ်းပါ နဲ့... ဆရာကြီး ဝင်လုပ်မနေစမ်းပါနဲ့... ရှင် သွေးထိုးလို့ ကိုကို ကျွန်မကို ရွံမုန်းကြီး ဖြစ်နေမှန်း ကျွန်မသိတယ်... ကဲ ရှင့်သူ ငယ်ချင်းကို တကယ်သံယောဇဉ်ကြီးပြီး သူ မှာသွားသလို တကယ်ကူညီမှာလား... ဒါဆို အကြွေးတွေကို မေ့လိုက်လေ... ဒါမှမဟုတ် ကျွန်မကို အကြွေးနဲ့သိမ်းမလား ရှင့်နေ ကိုဆို ရင်တော့ ကျွန်မလိုက်ခဲ့မယ်ဆိုရင်ရော"

ထိုစကားကြောင့် 'ထင်ကျော်' အသားတွေ တဆတ် ဆတ်တုန်လာပြီး...



www.burmeseclassic.com

www.burmeseclassic.com



“ဟာ ခင်ဗျား တော်တော်ဖျံကျတဲ့ မိန်းမပဲ… ‘ခင်မောင်အေး’ လို ငတုံးအေပဲ ခင်ဗျား ထောင်ချောက်ထဲကိုဝင်မှာ… ကလေးမရှိတုန်းက အပျိုဆိုပြီး ခင်ဗျားလိမ်လို့ရပေမယ့် အခုကိစ္စကတော့ ကိုယ့်ကို ကိုယ် သိပ်အထင်ကြီးလွန်းသွားပြီဗျ… ကျုပ်ကိုယ်တိုင်မပြောနဲ့ ခင်ဗျားကို မိန်းမကို ယူခဲ့တဲ့ ကျုပ်သူငယ်ချင်းကို ကျုပ်ဘယ်လောက် နှမြောတယ်မှတ်လဲ… ခင်ဗျား အရှက်မရှိတဲ့မိန်းမ သိက္ခာမရှိတဲ့မိန်းမ”

“မသိဘူးလေ… ရှင်က အရွယ်မရောက်သေးတဲ့ ကလေးကို တာဝန်ယူမယ်ပြောနေတာကိုး… အရွယ်ရောက်ရင်တော့ ရှင့်ကိုသူ့လက်ထဲ စိတ်ချလက်ချ ထည့်ပေးလိုက်ပါတယ်”

“တော်ဗျာ… ခင်ဗျား ရူးနေလား… ကားကိစ္စ ရှေ့နေငှားပြီး စီစဉ်ပေးမယ်”

“ရှေ့နေခတော့ နှုတ်ဖို့မကျန်နဲ့နော်… ရှင့်ကိုလည်း ကျွန်မက ယုံကြည်စိတ်ချနေမှာပါ”

ချိုမချဉ် ရိသဲ့သဲ့ပြုံးစိစိ ပြောနေသော ‘ကေသရီ’ ကို လှည့်မကြည့် နှုတ်မဆက်ဘဲ ခြေလှမ်းကျဲများဖြင့် ထွက်ခဲ့သည့်ကြားက သူမ၏ ရယ်သံလွင်လွင်ကို ကြားနေရပါသည်။





ရယ်သံလွင်လွင်လေးကြောင့် ကားမောင်းရင်း လှည့်ကြည့်မိသည်။ ထင်သည့်အတိုင်း ‘ရှင်မင်း’ ၏ အသံ။

ကျုပ်ရှင်ကအပြန် အိမ်မပြန်သေးဘဲ စာအုပ်ဆိုင်ရှေ့တွင် ကောင်လေးတစ်သိုက်နှင့် စကားဖောင်ဖွဲ့နေခြင်းဖြစ်သည်။ ရှစ်နာရီကျော်နေပြီ။

“ ‘ရှင်မင်း’ ”

“ရှင်…”

“လာ လာ နင့်အဖွားက ငါ့ကိုအရှာခိုင်းလိုက်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဦးထင်... မသိချင်ဟန်ဆောင်နေလိုက်ကွာ"

"မရဘူးလာခဲ့... ကားပေါ်တက်"

ပါးစပ်ကလည်း ပြော၊ လက်ကလည်း 'ရှင်မင်း' ၏ လွယ်အိတ်ကို ဆွဲယူပြီး ကားနောက်ခန်းထဲ ဆွဲသွင်းမိသည်။ အိမ်ရောက်ဖို့က အမှောင်ရိပ်တွေ၊ အမှောင်ကွေ့တွေ ဖြတ်ရဦးမည်။ ညဉ့်နက်လျှင် လူက အသွားအလာ ကျဲပါသည်။

သူမ ကျူရှင်လွတ်ချိန်သည် ခုနစ်နာရီ။ ဘယ်လိုဖြစ်ဖြစ် ရှစ်နာရီဆို အိမ်မှာရှိသင့်တာပေါ့။

"ဘိုးတော် ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ... နေရာတကာ လိုက်လိုက်ပါနေတာ"

ကောင်လေးတွေက မကျေမနပ် ဘုကြည့်၊ ဘုတောနေခြင်းဖြစ်သည်။

"ဟာ ငါ့တူမကွ"

"လာမရှိုးနဲ့... တောမှာသွားပြော တူမ တူမနဲ့ ခင်ဗျားကြီးပဲ ကားပေါ် ခေါ်ခေါ်တင်သွားတာနော်"

"အေး... မတော်တရော် ဖြစ်မှာစိုးလို့ သူ့အိမ်ပြန်ပို့ပေးတာ အားလုံးသိနေတာပဲ"

"ကာယကံရှင်တွေကတောင် ဘာမှမဖြစ်ဘဲ ခင်ဗျားကြီး





က ဘာဖြစ်နေတာလဲ... သူ့မှာ အဒေါ်အရင်း ဦးလေးအရင်း အစ်ကိုဝမ်းကွဲတွေ အများကြီးရှိနေတာပဲ"

"အေးလေ သူတို့တွေက နယ်မှာရောက်နေကြတာ... ငါ့ကို မှာသွား အပ်သွားတာ... သေသွားတဲ့ သူ့အဖေကိုယ်တိုင်က အပ်သွားတာ"

"သူ့အဖေကလည်း သိပ်လူရွှေးတာပဲနော်... သေသွားပြီးတာ ဆယ်နှစ်ကျော်တောင် ရှိသွားပြီ... ခုထိ တော်ဒီဂတ်လုပ်တုန်းပဲ... သူ ငါးတန်းထဲက လမ်းဆောမှာ ကျုပ်တို့နဲ့ဆော့နေကြ... ဘောလုံးကွင်းထဲ ဆော့နေကြဗျ... အဲ့ဒီတုန်းကတော့ ခင်ဗျားကြီး လာမခေါ်ပါဘူး... ခုမှ မနက်ကျောင်းသွားလဲ နောက်ကလိုက် ညဘက်လည်း နောက်ကလိုက်နဲ့ မရိုးသားတာ ခင်ဗျားကြီးဗျ... ကျုပ်တို့လူငယ်ချင်း ချစ်ကြိုက်သွားလဲ ခင်ဗျားကြီးနဲ့ ဘာဆိုင်သလဲ... ခင်ဗျား ဘာပူစရာရှိလဲ"

ဒီကောင်တွေ မိမိကိုမြင်တိုင်း ရန်လုပ်ချင်နေကြသည်။ မမာမခန့်ပြောနေကြသည်။ ဆိုင်မှာလာထိုင်လျှင်လည်း ရန်စနေတတ်သည်။

ယခုတော့ မိမိကို စာအုပ်ဆိုင်နားတွင် အော်ကြီးဟစ်ကျယ်ဖြင့် အရှက်ခွဲနေကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



အံကြိတ်ပြီး ကားစက်နှိုးထွက်ခဲ့ပြီးနောက်...

" 'ရှင်မင်း...' "

"ရှင်"

"နှင့်ကြောင့် ငါ ဘယ်လိုအပြောခံထိတယ်ဆိုတာ နှင်ကြားတယ် မြင်တယ်နော်"

သူမ မဖြေ။

"နှင့်အဖွားက ဖုန်းဆက်ပြီး ရှာခိုင်းလို့ ရှာပေးရတာ... နှင့်အရွယ်က ဘောလုံးကွင်းထဲ ဆော့ရတဲ့အရွယ်မဟုတ်တော့ဘူးလေ... စာလဲ မကြိုးစားဘူး... နှင်ပဲ စဉ်းစားကြည့်... သူများတွေ နှင့်အရွယ်ဆို ဆယ်တန်းရောက်ပြီ... နှင်အခုမှ ရှစ်တန်းစတက်ရတာ မရှက်ဘူးလား... စာကျတော့ မကြိုးစားဘူး... ကောင်လေးတွေ တရှုန်းရှုန်းနဲ့ ရည်းစားစာလည်း ပေးတိုင်းလက်ခံတယ်ဆို"

" 'ဦးထင်' ကလည်း ဖွားဖွားဆီက အမိန့်ရထားတာနဲ့ လူကိုတွေ့ရင် ဆူဖို့ပဲ စဉ်းစားနေတာပဲ... ဟိုကောင်တွေပြောတာ နည်းတောင်နည်းသေးတယ်"

"ငါ နရင်းပိတ်တီးမိတော့မယ်"

" 'ရှင်မင်း' ကို ရိုက်တဲ့လူဆိုရင် အနားတောင် အကပ်မခံ





ဘူး အမေရိုက်လွန်းလို့ ထွက်ပြေးလာတာ... ပထွေးတောင်တစ်ခါမှ မရိုက်ဖူးဘူး... မဆူဘူး"

'ထင်ကျော်' က စိတ်ပျက်သည့် ပုံစံဖြင့်...

"နှင့် ခေါင်းထဲမှာ ဦးနှောက်မှမရှိတာ... ပထွေးက နှင့်ကို မရိုက်ပေမယ့် နှင့်ဘဝကို ဖျက်ဆီးမှာ... ဒါကြောင့် နှင့်အမေက နှင်မနေချင်အောင် တမင်ရိုက်ထုတ်တာ... နှင်လည်း နှင့်အမေလိုပဲ... ရုပ်ကလေးလှသလောက် ကျန်တာ ဘာမှအသုံးကျတာမဟုတ်ဘူး... နှင့်အမေ ပုံစံအတိုင်းပဲလာမှာ"

"အမေက သင်ပြီးသား... ယောက်ျားယူရင် ပိုက်ဆံအရှာတော်တဲ့ ယောက်ျားယူတဲ့"

"ဟား ကောင်းကွာ... ပညာသင်နေတဲ့ ကလေးကို အမေက ဒီလိုစကားမျိုး သင်ထားသတဲ့လား"

"အခုပြောတာ မဟုတ်ဘူးလေ... တစ်နေ့ ယောက်ျားယူရင် ပြောတာ"

"နှင် ယောက်ျားလေးတွေ တရှုန်းရှုန်းနဲ့ နေပုံမျိုးနဲ့ဆိုရင် ဘယ်ယောက်ျားကမှ တန်ဘိုးထားမှာမဟုတ်ဘူး... နှင်နဲ့တွဲတာတွေကလည်း နှင့်လိုအရွယ်ကျောင်းသားတွေ နှင့်လိုပဲ ငပျင်းငပျင်းတွေကြီးပဲ... ကိုယ့်အရွယ်ကျောင်းသားကိုယူရင် ဘာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ သွားစားမှာလဲ… ဆိုက် ကားဆရာ ယူရင်တောင် ထမင်းနပ်မှန်အောင် ကျွေးနိုင်ဦးမယ်"

"'ဦးထင်' သူများကို အဲ့သလောက် မနိမ့်ပါနဲ့… ပြီးတော့ 'ရှင်မင်း' ကို အထင်သေးရင်လည်း 'ရှင်မင်း' နဲ့ လာမပတ်သက်
ပါနဲ့… ဖွားဖွားကိုလည်း ပြောထားရဦးမယ်… ကိုယ့်သွေးသား မဟုတ် အမျိုးမတော်တဲ့လူကို စောင့်ရှောက်ဖို့ အပ်ထားစရာ မလိုဘူးလို့… အိမ်ရှေ့ရောက်တော့မယ် ကားရပ်ပေး… ဒီကပဲ ဆင်းမယ်"

ကားတံခါးဖွင့်ပြီး အတင်းခုန်ဆင်းနေသဖြင့် ရပ်ပေးလိုက်ရသည်။

ကားဂိုဒေါင်ထဲသွင်းပြီး နွေးကွေးသော ခြေလှမ်းများဖြင့် တက်လာသော 'ထင်ကျော်' ကို မိခင်ကြီးက လှမ်းခေါ်သဖြင့်…

"ထိုင်ဦး ငါ့သား… ပြောစရာရှိလို့"

ကောင်လေးတစ်သိုက်နှင့် 'ရှင်မင်း' ကိစ္စကြောင့် သား ဖြစ်သူကို ဝိုင်းလှောင်၊ ဝိုင်းဟား၊ ဝိုင်းရိုက်မည့် ပုံစံမျိုးဖြစ်နေကြောင်း မိခင်ကြီးက သတင်းအရင်ရထားပြီးပါပြီ။

"ကောင်မလေးက ကလေးမဟုတ်တော့ဘူး ငါ့သား… အရွယ်ကလည်း ထွားတယ်… ကလေးငယ်ဘဝတုန်းက ငါ့





သား အိမ်ခေါ်လာလည်း မေမေ ဘာမှမပြောဘူး… ကားပေါ်တင်သွားလည်း မပြောဘူး… သူ သွားချင်ရာသွားပို့တာ လိုချင်တာဝယ်ပေးတာကအစ ဘာမှ မပြောခဲ့ဘူး… ခုတော့ ပြောရပြီ သားရယ်… သဒ္ဒါလွန်ရင် ရွာကျောကျွံတတ်တယ်တဲ့… မီးကို မလောင်ခင်က တားရတော့မယ်"

"မေမေ အစိုးရိမ်လွန်နေတာပါ… ကိုယ့်အချစ်ဆုံးရဲ့ သူငယ်ချင်း သမီးလေးလည်းဖြစ် ပြီးတော့ 'ခင်မောင်အေး' က ကျွန်တော်တို့ အဆင်မပြေခင်တုန်းက သူ့အိမ်ကမသိအောင် လေးငါးဆယ်သိန်းမျိုး အတိုးမယူဘဲ ချေးခဲ့တာ"

"အေးလေ… မင်းလည်း သူမသေခင်က အတိုးမယူဘဲ ပြန်ချေးခဲ့ပြီးပြီပဲ… ကျေးဇူးကန်းတဲ့ စကားမျိုး မေမေ ပြောတာ မဟုတ်ဘူး… ငါ့သားကို ဒီကောင်မလေးကြောင့် ကောင်လေးတွေ ခဏခဏလှောင်ကြပြောင်ကြ စော်ကားကြတာ မေမေ ကြားနေရတာ ကြာပြီ… ဒီနေ့ ဆို ဆွဲတောင်ထိုးကြမလို့ဆို… တော်ပြီ နောက်နေ့ကစပြီး မသွားရဘူး… မပတ်သက်ရဘူး… အမေ့ကိုချစ်ရင် အမေ့စကားနားထောင်နော်"

'ထင်ကျော်' က ငွေကောင်တာမှာသာ ထိုင်နေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်က 'ခင်မောင်အေး' ၏ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော နောက်ဆုံးနေ့က မျက်နှာနှင့် နောက်ဆုံးနေ့က စကားများကို ပြန်ကြားနေရသည်။

ထို့နောက် 'ကေသရီ' ဆိုသည့် မိန်းမလည်၊ မိန်းမရှုပ်တစ်ယောက်၏ အရှက်မရှိသော စကားများ။

ကားမရောင်းမချင်း၊ မိမိကို ဖုန်းနှင့်တစ်မျိုး လူကိုယ်တိုင်တစ်မျိုး လာပတ်သက်ဆက်နွယ်နေသဖြင့် မိမိ၏ မိခင်ကြီးက၊ မိမိကို သူမနှင့် မပတ်သက်စေချင်သဖြင့် ထိုကားပေါက်ဈေးအတိုင်း ဖြတ်ပြီး ဝယ်ယူနိုင်းခဲ့သဖြင့် ကိစ္စပြတ်သွားခဲ့သည်။

ငွေထုပ်ပိုက်ပြီး ပြန်သွားပြီး နှစ်ဝက်ခန့်ကြာသောအခါ သူမ ထက် ဆယ်နှစ်ငယ်သော လူချောလေးတစ်ယောက်ကို ယူလိုက်ကြောင်းကြားလိုက်ရသလို နောက်နှစ်နှစ်ခန့်ကြာသောအခါ 'ရှင်မင်း' ကို သူ့အဖွားထံ လူကြုံနှင့်အပြီးပို့ပေးခဲ့သည်။

သိန်းချီကျော်ရှိထားသောငွေဖြင့် လင်ငယ်ငယ်လေးကို အလိုလိုက်ပြီး ခေါင်းပေါ်တင်ထားသည့်ကြားက လင်ဖြစ်သူမူးလာလျှင် အရိုက်ခံရကြောင်း၊ လင်ဖြစ်သူက နောက်မိန်းမတစ်ယောက်ထပ်ယူပြီး သူ့ကိုဖျံကျသွားကြောင်း ကြားရသဖြင့်





ကွယ်လွန်သွားခဲ့ပြီဖြစ် သော သူငယ်ချင်း၏ မေတ္တာစူးလေပြီဟု တွေးပြီး ကျေနပ်မိသလို၊ သူငယ်ချင်း၏ သမီးလေး 'ရှင်မင်း' ပြန်ရောက်လာသည့်နေ့ကစပြီး မိမိ၏တာဝန်တစ်ခုလို နေ့စဉ်သွားတွေ့တတ်သည်။

ဘာကိုင်ကိုင်ရွှေဖြစ်သည့်လက်ဟု ရပ်ကွက်ကလူတွေပြောကြသလို 'ခင်မောင်အေး' ၏ ကားကိုဝယ်ပြီးတော့လည်း မိမိ၏လက်ထဲတွင် သစ်လွင်အောင်ပြုပြင်ပြီး ယနေ့တိုင် ပြေးဆွဲနေဆဲ။ ဝင်ငွေ ကောင်းနေဆဲဖြစ်သည်။ ကားလုပ်ငန်းဆိုတော့လည်း စိတ်ပါဝင်စားစွာ လုပ်သဖြင့် နောက်ထပ် ဆယ်ဘီးတစ်စီးနှင့် ဟီးနိုးတစ်စီးပါ ထပ်ပွားလာခဲ့ပါပြီ။

'ရှင်မင်း' ပြန်လာတည်းက နေ့စဉ် မုန့်ဘိုးပေးခြင်း၊ မုန့်ဝယ်ပေးခြင်း၊ အဝတ်အစား ဝယ်ပေးခြင်း၊ တစ်နှစ်တစ်ခါ မွေးနေ့တိုင်း ရွှေထည်ဝယ်ပေးခြင်းတို့ကို မပျက်မကွက်လုပ်ခဲ့သူ။

ဒီလို သံယောဇဉ် ကြီးမိခဲ့သူလေးကို လုံးဝမတွေ့ရဟု အမိန့်ထုတ်ယုံဖြင့် စိုးရိမ်သွားမိသည်။ မတွေ့မနေနိုင်တော့သည့် အခြေအနေမှန်း ကိုယ့်စိတ်ကိုယ် သိလိုက်သည်။

မိခင်ကြီးကိုလည်း စိတ်မဆင်းရဲစေချင်ပါ။ ထို့ကြောင့် သူမထံ စိတ်မရောက်စေရန် ဆိုင်မှာမထိုင်၊ အိမ်ကအလုပ်များကို



www.burmeseclassic.com

www.burmeseclassic.com



စာရေးမများနှင့် အလုပ်သမားများနှင့်သာလွဲ၍ ဗွီဒီယိုရိုက်သည့် အဖွဲ့များနှင့် တစ်ပတ်ခန့်ခရီးထွက်ခဲ့သည်။ ခရီးထွက်ရာက အိမ်ပြန်ရောက်လျှင် သူမ ထံ မသွားမိအောင် ကြိုးစားမည်ဟု ရည်ရွယ်ထားသည်။

ခက်တာက အဖွဲ့သားတွေ၊ လူရွှင်တော်တွေ၊ မင်းသမီး ပေါက်စလေးတွေ၊ မင်းသားလေးတွေ ရယ်လိုက်မောလိုက် စ လိုက်နောက်လိုက် လုပ်နေကြတာကိုမြင်နေကြားနေရပါလျက် မိမိနားထဲကို ဝင်မလာပါ။ ကြောင်တောင်တောင် ထိုင်ကြည့်နေ ပါသော်လည်း သူတို့ကို မမြင်ပါ။

ဒီအချိန်ဆို မိမိဈေးကအပြန် အမေ 'ဒေါ်ကြည်မာ' ထံ မုန့်တစ်ခုခုဝင်ပေးရင်း သူမအတွက် မုန့်ဘိုးပေးနေကြမို့ မျှော် မျှားနေလေမလား။ အဝေးလာကြည့်မှ သူမ ကိုလုံးဝ မမြင်ရ၊ မနေနိုင်မှန်းပိုသိသွားတော့သည်။

မိခင်က မျိုးရိုးစရိုက်မကြိုက်၍ သဘောမတူဘူးဆိုတာ သတိထားပါဦး။ မိမိအနေနှင့်ရော ဒီကိစ္စကို စိတ်ကူးယဉ်ဖို့ တောင်မသင့်။ သူငယ်ချင်း၏ သမီးလည်းဖြစ်ပြန်၊ ကိုယ့်ကို လည်း အပ်ထားသည့်အပြင် အသက်က ၂၇ နှစ်တိတိ ကွာပါ သည်။





နိုင်ငံခြားကလူတွေကတော့ သုံးဆယ်ကွာကွာ၊ လေး ဆယ်ကွာကွာ ယူကြတာပါပဲ။ ကိုယ့်တိုင်းပြည်မှာလည်း ယူကြ တာပါပဲ။ သို့သော် ရှားပါးသည်မဟုတ်လား။ တစ်နေကုန် ဒီအတွေးတွေ လုံးခြာလည်ရာမှ ညဘက်ရောက်သောအခါ လုံးဝမနေနိုင်တော့သဖြင့် ဖုန်းကောက်ဆက်မိတော့သည်။

“ဟယ်လို ဒေါ်လေးလား… ကျွန်တော် 'ထင်ကျော်' ပါ”

“အေးကွဲ့… မင်းလည်း မပြောမဆိုနဲ့ ခရီးထွက်သွားတာ ကိုး”

“ဟင် ဒေါ်လေး ဘယ်လိုသိသလဲ”

“ 'ရှင်မင်း' က ကျူရှင်သွားခါနီး လှမ်းပြောသွားတာ လေ… မင်းကိုတစ်နေ့လုံး မတွေ့ဘူးတဲ့… နေများမကောင်းဘူး လား ဖုန်းဆက်ကြည့်ပါဦးဆိုလို့ ဆက်ကြည့်တော့ မင်းအမေ က ဗွီဒီယိုအဖွဲ့သားတွေနဲ့ ပါသွားတယ်လို့ပြောတယ်”

“ 'ရှင်မင်း' ပြန်မလာသေးဘူးပေါ့”

“သိတယ်မဟုတ်လား… မင်း ရှိနေရင်တောင် ဆူမှုပြီး အိမ်ပြန်ခိုင်းရတာ… ဟော ဟော ဒီနေ့တော့ စောသားပဲ… ဟိုမှာလာနေပြီ ပြောဦးမလား…”

“ဟုတ်ကဲ့”



www.burmeseclassic.com

www.burmeseclassic.com


"'ရှင်မင်း' က သူ့ကိုမပြောဘဲ သွားလို့ စိတ်ကောက်နေတယ် စကားမပြောချင်ဘူးတဲ့ကွယ်"

"ကျွန်တော့် ပြောစကားနားမထောင်လို့ မဆူမပြောမိအောင် တမင် အဝေးကြီးကိုထွက်သွားလိုက်တာလို့ ပြောပေးပါဒေါ်လေး"

"'ဦးထင်'"

သူမ ဖုန်းခွက်ကိုလာကိုင်ပြီး ခပ်ငေါက်ငေါက် ခေါ်ခြင်းဖြစ်သည်။

"ဗျာ"

"ဘာလို့ မပြောဘဲ သွားတာလဲလို့... ဒီနေ့ 'ဦးထင်' လာကြိုမလား မျှော်နေသေးတာ"

"ညည်းက ငါ့စကားမှနားမထောင်တာ... ညည်းကြောင့် ကောင်လေးတွေ ငါ့ကို ရှောင်ပြောင်ကြ ရိုက်ကြမယ်လုပ်တော့ ငါ့ အမေက ဆူတာပေါ့ဟ"

"ဟင် အဲ့ဒါနဲ့ပဲ ခရီးထွက်သွားရရောလား... ဘာမှ မဆိုင်ဘူး ဘယ်တော့ ပြန်လာမှာလဲလို့"

အမြဲခွဲနေကြဖြစ်သော်လည်း ယခု အသံ၏ဒဏ်ကို မခံနိုင်ပါ။ နွားအိုမြက်နုကြိုက်တယ်ပဲ ပြောချင်ပြောကြပါတော့။






"နောက်ကို ကျောင်းမှန်မှန်တက်ပြီး ကျောင်းကနေဆင်းတာနဲ့ ကျူရှင်ကဆင်းတာနဲ့ အိမ်တန်းပြန်ပါမယ်လို့ ကတိပေး"

"အင်းပါ"

"လွယ်လွယ်မပြောနဲ့... 'ဦးထင်' မနက်ဖြန်ပြန်တဲ့ အချိန်ပဲလာတွေ့မယ်... ညဘက်တွေ မကြိုတော့ဘူး"

"ဘာဖြစ်လို့လဲ... ဘာကြောက်စရာလိုလဲ... သူတို့ထိုးရင် ပြန်ထိုးပေါ့... 'ရှင်မင်း' လည်း ဝိုင်းကူထိုးမှာပေါ့"

"ဟာ ဒါ လမ်းသူရဲအလုပ်... 'ဦးထင်' က လူငယ်မဟုတ်ဘူး"

"ကြောက်ရင် ကြောက်တယ်ပေါ့"

"ထားပါ ကြောက်တယ်လို့ပဲ... ကဲ ညည်း ကတိပေးရင် နက်ဖြန်ချက်ချင်း ပြန်လာမယ်"

"ပြန်လာရင် လက်ဆောင်ဝယ်ခဲ့လေ"

"ဘာလိုချင်လို့လဲ"

"ဟိုလေ... ဖက်အိပ်တဲ့ ဝက်ဝံရုပ်ကြီးလေ... အကြီးကြီးပဲလေ သောင်းကျော်တန်တယ်"

"ဟုတ်ပြီ ဝယ်ခဲ့မယ်"


www.burmeseclassic.com

www.burmeseclassic.com



"မုန့်လဲ ဝယ်ခဲ့နော်"

"ဟုတ်ပြီ"

ကလေးအရုပ်ပေးကြိုက်၊ မုန့်ပေးကြိုက်သူလို့ ပြောချင်လည်း ပြောကြတော့၊ နက်ဖြန် အဟုတ်ပြန်တော့မည်။



## ၁၇

" 'ထင်ကျော်' "

"ဗျာ"

"မင်း ဘယ်လိုဖြစ်နေတာလဲ... မနေ့ကပဲ ထွက်သွားတယ်... ဒီနေ့မနက် ပြန်ထွက်လာတယ်... ရောက်တာနဲ့ ဟိုအိမ်ဝင်ပြီး အရုပ်တွေ မုန့်တွေ အထုပ်တွေဝင်ပေးခဲ့ပြီးပြီ မဟုတ်လား"

မိမိမရောက်ခင် သတင်းကရောက်နှင့်နေပြီ။ အင်တာနက် ခေတ်ပေးကိုးဟု ကတ်သီးကတ်သပ် တွေးမိသေးသည်။

မိခင်က အသားတွေ တဆတ်ဆတ်တုန်ပြီး ဒေါသတွေပွနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ငါ မေးနေတာ ဖြေလေ"

"အမေ သိပြီးနေပြီလေ"

"ငါ့စကားကို နားမထောင်ဘူးပေါ့ ဟုတ်လား"

"နားထောင်ချင်လို့ ချက်ချင်း ထွက်သွားခဲ့တာပေါ့ အမေရာ"

"ချက်ချင်း ပြန်လာတာကရော"

"မနေနိုင်လို့ပါ အမေရာ... ယေချင်တဲ့အပြစ်သာ ပေးပါတော့"

ရင်ထဲကစကားသာ ဖြစ်ပါသည်။ အပြင်မှာတော့ ခေါင်းငိုက်စိုက်ချထားပါသည်။

"မင်းကို အိမ်ထောင်ချပေးဖို့ ငါ စီစဉ်ပြီးပြီ"

"ဗျာ ဘယ်သူနဲ့လဲ"

"လမ်းထဲက ဆရာဝန်မနဲ့"

လုပ်ပြန်ပြီ။ ဒီ ဆရာဝန်မကို ခလုတ်တိုက်ပြန်ပြီ။ 'ခင်မောင်အေး' အမေတုန်းကလည်း ဒီ ဆရာဝန်မကိုသာ ချွေးတော်ချင်လွန်းသဖြင့် တစ်ချိန်လုံးသွားဖားနေခဲ့သည်။

ယခု မိမိအမေက ဓာတ်လမ်းစလာပြီ။





"သွားမပြောပါနဲ့ အမေရာ... ကျွန်တော်တို့ကို သူက အဖက်လုပ်တာတောင် မဟုတ်ဘူး... သူ့ထက်အဆင့်မြင့်တဲ့ အထူးကုဆရာဝန်ကြီးနဲ့တွဲနေတာ... အမေတို့က ပိုက်ဆံရှိတိုင်း မိန်းမဝယ်လို့ရတာကျနေတာပဲ"

"ဝယ်မယ် ဝယ်မယ်... မင်းရှာထားတဲ့ ပိုက်ဆံကုန်ချင်ကုန်သွားပစေ... အဲ့ဒီ ဆရာဝန်မကိုမရရင် နောက်ထပ်တွေ ထပ်တွေ့ထားတာရှိတယ်... မင်းအသက်အရွယ် မင်း ဂုဏ်သိက္ခာနဲ့ လိုက်ဖက်မယ့် ချွေးမလောင်းတွေ အများကြီးတွေ့ထားတယ်... ရုပ်လည်းချောတယ် ကိုယ်လုံးလည်းလှတယ်"

"မိန်းမ မယူချင်လို့ ဒီအရွယ်ကြီးအထိ နေလာတာဗျာ"

"အေး မင်းက အခုအနေအထိုင် မတတ်လို့ မိဘဝတ္တရားရှိတဲ့အတိုင်း စီစဉ်ရတော့မှာပဲ"

"မလုပ်ပါနဲ့ဗျာ... အမေ မကြိုက်တာလဲ ကျွန်တော်လုပ်တော့ဘူး... ကျွန်တော် မကြိုက်တာလည်း အမေ ဇွတ်မလုပ်ပါနဲ့ဗျာ တောင်းပန်ပါတယ်"

ငိုတော့မလို ပြောနေသော သားဖြစ်သူ၏စကားကို 'ဒေါ်အေးထက်' က လက်မခံပါ။ ခေါင်းတခါခါနှင့် ထွက်သွားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော ဘယ်သူလဲလို့ 'မအေးထက်' ပါလား… မလာတာနှစ်ပေါက်နေပြီ ခုမှ ဘာစိတ်ကူးပေါက်ပြီး လာတာလဲ ညီမရဲ့"

"မလာလို့ မဖြစ်ဘူး 'မမကြည်' ရယ်… လာအကူအညီတောင်းရတာ… ဒါနဲ့ 'ရှင်မင်း' ကျောင်းသွားပြီလား"

"သွားပြီ သွားပြီ"

*"ဒီနှစ်တော့ ရှစ်တန်းအောင်မယ် ထင်တယ်"*

"ပြောတတ်ပါဘူးအေ… သူက တစ်တန်းကိုနှစ်နှစ်နေ





တာဆိုတော့… ဒီနှစ်ကျရင်တော့ ကျောင်းကထွက်ခိုင်းပြီး အိမ်မှာလုပ်ငန်းတစ်ခုခု လုပ်ခိုင်းမလားလို့"

"ကောင်းတာပဲ… အရွယ်ကကြီးလာပြီး အတန်းကငယ်နေတဲ့အပြင် ကျောင်းသွားကျောင်းပြန် ကောင်လေးတွေ တရုန်းရုန်းနဲ့ သူလည်း သူ့အမေလိုပဲ ခပ်ထထရယ်… အိမ်ထဲမှာသာ စီးပွားရေးတစ်ခုခုလုပ်ပေးတာ ကောင်းတယ်"

ထိုစကားကြောင့် 'ဒေါ်ကြည်မာ' မျက်နှာတင်းသွားကြောင်းတွေ့ရပါသည်။ သူ့မြေးမကိုဒီလိုပြောတာတော့မကြိုက်တာအမှန်ပါ။

"ဩော် 'အေးထက်' လာရင်းအကြောင်းတောင် မေ့ပျောက်နေပြီ"

"အိမ်က လူပျိုကြီးကို အိမ်ထောင်ချပေးတော့မလို့"

"အေး ကောင်းတာပဲ… ညည်း မရှိရင် သူ့ကိုနူးခတ်ကျွေးဖို့ ပြုစုပေးဖို့ တိုးတိုးဖော်လိုတယ်လေ… တွေ့ထားပြီလား"

"တွေ့ထားတာတွေတော့ ရှိပါတယ်… ဒီကောင်က မယူချင်ဘူး ဖြစ်နေတာ"

"ဩော် မယူချင်ရင်လဲ မပေးစားနဲ့ပေါ့… တစ်သက်လုံး



www.burmeseclassic.com

www.burmeseclassic.com



လူပျိုကြီးလုပ်တော့မယ် ထင်ပါရဲ့”

‘ဒေါ်အေးခက်’ က ‘ဒေါ်ကြည်မာ့’ မျက်နှာကို အကဲခတ်သလိုလုပ်ရင်း...

“မယူချင်တဲ့အကြောင်းရင်းက ‘ရှင်မင်း’ ကြောင့်ပဲ”

“ဘယ်လို ဘယ်လို”

“သူ့စိတ်က ‘ရှင်မင်း’ ဆီကိုပဲ ရောက်နေတယ်”

“ဩော် မဖွယ်မရာ မပြောပါနဲ့ကွယ်... ‘ခင်မောင်အေး’ မျက်နှာကြောင့်ပါ... အပ်သွားလို့ပါ... သူ့တူမလေးလို ချစ်တာပါ”

“ထားပါလေ...ကျွန်မကတော့ ကျော်မကောင်း ကြားမကောင်းတွေ ဖြစ်မှာကြောက်လွန်းလို့ပါ... တစ်ခုပဲ ကူညီပါ ‘မမကြည်’ ရယ် ဒီနှစ်စာမေးပွဲကျရင် သူ့အမေဆီ ပြန်ပို့ထားလိုက်ပါလား”

“ဟဲ့ ငါ့မှာလည်း ဒီမြေးပဲ အဖော်လုပ်နေရတာ... ကျန်တဲ့မြေးတွေက ပညာတတ်ကြီးတွေဖြစ်ပြီး သူတို့ဘွဲ့တစ်ခုပြီးတစ်ခုရဖို့ နိုင်ငံခြားထွက်ဖို့လုပ်နေတာ”

“ကူညီပါ ‘မမကြည်’ ရယ်... ဒီအတွက် ဒီကောင်မလေးအတွက် သူ့အမေလက်ထဲကို ဆယ်သိန်းလောက်ပေးလိုက်ရင်





လက်ခံမယ်ထင်တယ်... ‘မမကြည်’ ဆက်သွယ်ကြည့်လေ... ‘ရှင်မင်း’ မရှိရင် ‘ထင်ကျော်’ စိတ်ငြိမ်သွားပြီး ကျွန်မပေးစားတာကို ပြန်ယူမှာပါ... သူ မိန်းမရပြီးတော့လဲ ပြန်ခေါ်ချင်ခေါ်ပေါ့... သူနဲ့ခွဲရရင် အလွန်ဆုံး တစ်နှစ်ပေါ့”

‘ဒေါ်ကြည်မာ’ စဉ်းစားနေပါသည်။ မိမိ၏ မြေးမလေးခင်ဗျာ မိခင်အသုံးမကျသဖြင့် ဘာအမွေအနှစ်မှ မရှိရှာပါ။ တစ်ခုပဲရှိသည်။ ဤခြံဝိုင်းနှင့်အိမ်ကိုရောင်းလျှင်တော့ သူ့အဖေ ဝေစုလေးရနိုင်သေးသည်။ သို့သော် ဤကလေးမ မသေမချင်း နေစရာတစ်ခုရှိစေဖို့ ဤအိမ်ဝိုင်းကို မရောင်းဖို့ အားလုံးကိုမှာထားပြီးသားဖြစ်သည်။

သုံးလို့၊ ဖြုန်းလို့ ကုန်လို့ အရွယ်ကျသွားလို့ ငြိမ်ကျသွားပြီဖြစ်တဲ့ ‘ကေသရီ’ လည်း သမီးမှာငွေပါလာလျှင် သဘောကျပြီးခေါ်ထားမှာသေချာသည်။

‘ဒေါ်အေးထက်’ တစ်သက်လုံး ကပ်စေးနှည်း၊ သမျှ သားအတွက် ရက်ရက်ရောရောကို ထုတ်သုံးဖို့ ဆုံးဖြတ်ပြီးသားဖြစ်သည်။

“ပိုက်ဆံယူပြီးရင်တော့ ကတိတော့တည်မှ ဖြစ်မှာနော်... ‘မမကြည်’ ”



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွယ်... အေးပါ ငါကိုယ်တိုင် သွားပို့ပါ့မယ်"





"မေမေရယ် ကိုယ်တိုင် လာပို့ရတယ်လို့... အကြောင်းကြားလိုက်ရင် 'ကေ' လာခေါ်မှာပေါ့"

'ထင်ကျော်' အကြောင်းပြောပြပြီး ငွေထုပ်ကိုပေးလိုက်သောအခါ 'ကေသရီ' မျက်လုံးများ အရောင်တဖျတ်ဖျတ် လက်သာမှန်း သိလာသည်။

"အမေက ကျန်းမာရေးကောင်းတယ်နော်... 'ကေ' ကတော့ ဗိုက်ခဏခဏ အောင့်လိုက် နာလိုက် ဖြစ်နေလို့ ဆေးခန်းခဏခဏ ပြနေရတယ်"

"အင်း ခြေတွေလက်တွေ ကျန်းမာသန်စွမ်းပေမယ့် သား



www.burmeseclassic.com

www.burmeseclassic.com



သမီးတွေအတွက် ရောဂါသည်ဖ် ယောက်ျားအတွက် စိတ်မောခဲ့တဲ့ဒဏ်တွေ သားကြီးတို့ မြေးအဖိုး သားအဖတွေ တဖြုတ်ဖြုတ်ကြွေကုန်ပြီးတဲ့ နောက်ပိုင်းတော့ စိတ်ပိုင်းဆိုင်ရာတော့ ခံနိုင်ရည်အစွမ်းမရှိတော့ပါဘူး… နှလုံးအောင့်လို့ ခဏခဏ အထူးကုဆရာဝန်ဆီသွားပြရတာယ် ဒီကြားထဲ 'ရှင်မင်း' ပညာရေးအတွက် စိတ်ပူတာ မိုးချုပ်မှပြန်ရောက်ရင်လဲ စိတ်ပူရတာတွေရှိသေးတယ်… ဘာပဲဖြစ်ဖြစ် ခုလိုငွေမျိုး မမျှော်လင့်ဘဲ ရတာကလည်း ထူးတဲ့ကံပဲလေ…

အသုံးချတတ်ရင် တစ်နှစ်အတွင်း အများကြီးကြီးပွားနိုင်တာပဲ… နောက်နှစ်နှစ်လောက်နေရင်တော့ 'ရှင်မင်း' ကို ပြန်ခေါ်မှာပါ… တကယ်လို့ 'ထင်ကျော်' မြန်မြန်ဆန်ဆန် လက်ထပ်ဖြစ်သွားရင်တော့ အကောင်းဆုံးပေါ့… ငါ့မြေးကို အိမ်တွင်းမှုလုပ်ငန်းတစ်ခုခုလုပ်ဖို့ ဆုံးဖြတ်ထားတယ်… ပြန်မခေါ်ခင်ကြားထဲ 'ရှင်မင်း' အတွက် လုံခြုံမှုတော့ ရှိပါစေ… နောက်အိမ်ထောင်နဲ့ ကွဲသွားတာတော့ သေချာပါတယ်နော်"

"ကြာပြီပဲ အမေရယ်"

"အေး အေး ဒါဆို အမေ့အတွက် ကားလက်မှတ်သွားဖြတ်ပေးဦး"





"လေးငါးရက်တောင် မနေတော့ဘူးလား အမေရယ်"

"မဖြစ်ဘူး… ရန်ကုန်ခြံမှာက လူကြီးတွေရှိကြတာ မဟုတ်ဘူး ကလေးတွေကလည်း အိမ်ကပ်တယ်ကို မရှိကြဘူး… သူ့ဟို့အလုပ်နဲ့ သူတို့ ရှုပ်နေကြတာပဲလေ"

နောက်တစ်နေ့မနက် အဘွားကြီးကားဂိတ်တွင် မြေးကို မုန့်ဘိုးသီးသန့်ထုတ်ပေးရင်း မိမိလည်ပင်းမှ နှစ်ကျပ်သားဆွဲကြိုးကိုပါ ချွတ်၍ ဆင်ပေးခဲ့သည်။

" 'ရှင်မင်း' လိမ်လိမ်မာမာနေနော်… ဒီဆွဲကြိုးကို ညည်းအဖေ ကိုယ်တိုင်ဝယ်ပေးခဲ့တာ… တခြားကြိုးတောင် မဆွဲဘဲ ဖွားဖွား မြတ်မြတ်နိုးနိုးနဲ့ ဆွဲခဲ့တာ… ရောင်းလဲမစားနဲ့ သူများကိုလဲမပေးနဲ့… အလှူအတန်းသွားလို့ တခြားပစ္စည်းဝတ်ချင်တဲ့အချိန်မျိုးကျရင်တော့ ခဏတဖြုတ်ချွတ်ပေါ့"

"ဟုတ်ကဲ့ စိတ်ချပါ ဖွားဖွား"

'ဒေါ်ကြည်မာ' ၏ လက်ပြနှုတ်ဆက်သည့် လက်ဝါးလေး ပျောက်ကွယ်သွားသည်နှင့် 'ကေသရီ' က မကျေနပ်သောမျက်နှာဖြင့်…

" 'ကိုထင်ကျော်' အမေက သူ့သားနဲ့ ညည်းနဲ့ရမှာကြောက်လို့ ရှောင်ပေးခ ဆယ်သိန်းတောင်ပေးတယ်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ငါ့သမီး နုနု ထွတ်ထွတ်လှလှပပလေးကို သူ့သားအဖိုးကြီးနဲ့ မတန်ဘူးဆိုတဲ့ သဘောပေါ့ဟုတ်လား"

"အသက် အရမ်းကွာလို့တဲ့"

'ကေသရီ' က မဲ့ရွဲ့ပြီး...

"ငါ သိပါတယ်... ငါ့သမီးမို့ မပေးစားချင်ဘူးဆိုတာ... နာချင်းနာ ငါကနာရမှာပါ... ပိုက်ဆံချမ်းသာတဲ့လူနဲ့ ငါ့သမီး မတန်ဘူးဆိုတဲ့သဘောလား... "

"မပြောတတ်ပါဘူး... 'ဦးထင်' ကောင်းသလောက် ဘွား ဒေါ်က 'ရှင်မင်း' ကို မြင်ရင် မျက်မှောင်ကြုတ်ကြည့်လိုက် မျက်စောင်းထိုးကြည့်လိုက် အံကြိတ်ပြီး မောင်းထုတ်တဲ့အခါ ထုတ် သေးတာ"

"ဟွန်း 'ထင်ကျော်' ဆိုတဲ့လူကကော ဘယ်လိုဆက်ဆံ သလဲ"

"ငယ်ငယ်တုန်းကလိုပါပဲ... ငယ်ငယ်တုန်းက ချီတယ် ပွေ့တယ်... နမ်းတယ်... အခု ဒါမျိုးမလုပ်တော့တာပဲ ရှိတယ်... နေ့တိုင်း မုန့်ဝယ်ပေးတယ် မုန့်ဘိုးပေးတယ်... သူ ဝယ်ပေး ထားတဲ့အရုပ်တွေ အခန်းထဲမှာအပြည့်ပဲ... နှစ်တိုင်း မွေးနေ့ လက်ဆောင်ရတဲ့ ရွှေဆွဲကြိုး လက်ကောက် လက်စွပ် ဖွတ်ချိန်း





ဟာန်းချိန်း လော်ကက်လေးတွေဆိုတာ ယောဒီမှာကြည့် ပုံစံမျိုးစုံ နဲ့ အများကြီးပဲ"

'ရှင်မင်း' က သူ့ပခုံးလွယ်အိတ်မှ ဗူးတစ်ခုကိုယူ၍ ထုတ် ပြသည်။

"ချစ်တယ်လို့ ပြောဖူးလား"

"ငယ်ငယ်တုန်းက ပြောပေမယ့် ခုနောက်ပိုင်း မပြော တော့ဘူး"

"ဒါနဲ့ ညက ညည်းအဖွားနဲ့ စကားပြောတုန်းက ညည်း က ရည်းစားများတယ်ဆို... ကောင်လေးတွေ တရုန်းရုန်းနဲ့ ဆို... အဲဒီကောင်တွေနဲ့ 'ကိုထင်ကျော်' နဲ့ ရန်ဖြစ်ကြတာဆို"

"ကြိုက်တဲ့လူတွေတော့ ရှိတာပေါ့... ဒါပေမဲ့ 'ရှင်မင်း' က စာမေးပွဲကျနေတော့ သူတို့က အတန်းကြီးသွားပြီး 'ရှင်မင်း' ကို ဂရုမစိုက်ကြတော့ဘူး"

"ညည်းက စာမကျက်ဘဲ တစ်ချိန်လုံး ရည်းစားစာတွေပဲ ထိုင်ပြန်နေတော့ ကျမှာပေါ့... ခုဆို ကျောင်းတောင်ထွက်ခဲ့ရ ပြီ... ဝညာရေးကတော့ ညည်းက ငါ့ထက်တောင် ညံ့သေး တယ် ရုပ်ကလေး ရှိလို့ ဘိုးဘွားအမွေရှိလို့ပဲ ညည်းတင်ဘိုးက မြင့်တော့မှာ... ဒီမှာ ရည်းစားအများကြီးထားဖို့ စိတ်မကူးနဲ့...



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကိုကြည့်... ရည်းစားများတာနဲ့ပဲ လူကိုအပျက်မ ကျနေတာပဲ... နင့်အဖေလည်း လူလည်ပဲ... တကယ် ချစ်မလိုလို့နဲ့ ငါ့ကိုတွေ့ကာစပဲ ဂရုစိုက်တယ်...

အချစ်ဆိုတာ တကယ်တော့ ဒုက္ခပဲ... အပူပဲ... ချစ်ရင်ပူရပြီ သာမှတ်... လွမ်းရဆွေးရပြီသာမှတ်... ကိုယ်ချစ်ကို မရှာနဲ့ သူချစ်ကိုပဲရှာ... လောကမှာ အရေးကြီးတာကငွေပဲ... ငွေမရှိတာနဲ့ လူက တန်ဘိုးမရှိတော့သလိုပဲ"

"ပညာတတ်ရင်တော့ တန်ဘိုးရှိပါတယ် အမေရယ်... ရန်ကုန်အိမ်က ကိုကြီး ကိုယ်တို့ မောင်နှမတွေ ဆရာဝန်တွေကြီးပဲ... ဟိုလူက ခေါ်ချင် ဒီလူကခေါ်ချင်နဲ့... သူတို့အဖေတွေကလည်း ဆရာဝန်တွေကို...အမေတွေကလည်း ဘွဲ့ရပြီးသားလူတွေကြီးပဲ.. 'ရှင်မင်း' မှာကျတော့ အဖေကလည်း ဘွဲ့မရ အမေကလည်း ဆယ်တန်း မအောင်ဘဲ ရည်းစားများခဲ့တော့ နာမည်တွေပျက်ခဲ့တော့ မေမေ့ရဲ့ အမည်းစက်က 'ရှင်မင်း' ဘဝကိုလာဟပ်တာပေါ့"

"ဪ ညည်းက ငါ့ကိုသည်လို ပြောလာပြီပေါ့လေ... အေး ငါ ပညာမတတ်ပေမယ့် သူများထက်ပိုတတ်တဲ့ ပညာရှိတယ်... ငါ့မှာရုပ်ရှိလို့ ပိုက်ဆံရှိတဲ့ယောက်ျားကို ရအောင်





ယူခဲ့ပြီး ခုချိန်ထိငွေ ထုပ်ပိုက်ပြီး နေနိုင်ခဲ့တယ်... ညည်းလည်း ငါ့သမီးပဲ... ဒီအရည်အချင်းတွေ ရှိရမှာပေါ့... ညည်း ရုပ်သည်လောက်လှတာ... 'ဦးထင်' ကို ရအောင်သာယူ... တစ်သက်လုံး ဇိမ်နဲ့စားယုံပဲ... ငါ့ကိုလည်း ထောက်ပံ့နိုင်မှာလေ...

ညည်း ချမ်းသာမှာပါ... ဘာဖြစ်လို့လဲဆိုတော့ ငါဗိုက်ခွဲဖို့ ပိုက်ဆံလိုနေတဲ့အချိန်မှာ အထုပ်လိုက်လာပေးနိုင်တဲ့ သမီးဆိုတော့ နမိတ်ကောင်းတယ် အမေစိတ်ချမ်းသာအောင်အသက်ရှည်အောင် လုပ်ပေးနိုင်တဲ့အတွက် အမေ့ရဲ့ရင်ထဲက ကြည်နူးစွာပေးတဲ့ ဆုကိုရမှာပါ... ဗိုက်မခွဲရင်လေ ကြာရင်ကင်ဆာဖြစ်ပြီး သေဖို့များနေတယ် သားအိမ်ထုတ်ပစ်ရမှာ အမေ့ကို သေစေချင်လား"

"ဟာ ဘယ်သေစေချင်ပါ့မလဲ အမေရာ... ပြေးကြည့်မှ ကိုယ့်အရင်းအခြာဆိုလို့ အဖွားနှစ်ယောက်နဲ့ အမေပဲရှိတာပါ"

"ဒါဆိုရင် ဒီငွေပေးရတာ ကျေနပ်တာပေါ့"

"ကျေနပ်တာပေါ့... ကိုယ့်အမေရတာပဲ"

"ဟုတ်ပြီ... ဒါဆိုရင် ရန်ကုန်ကအဖွားကတော့ ပိုက်ဆံရှိလို့ထားပါတော့... ငွေလည်း မက်မှာမဟုတ်ပါဘူး... ဒီကအဖွားက မျက်စေ့မကောင်းဘူး... အမေ့ကိုပဲ အားကိုးနေတာ...



www.burmeseclassic.com

www.burmeseclassic.com



အမေကလည်း သိတဲ့အတိုင်း ဘာမှအသုံးကျတာ မဟုတ်ဘူး… အမေနဲ့အဖွားမှာက အားကိုးစရာဆိုလို့ ဟောဒီ သမီးပဲရှိတာ… သမီးချမ်းသာရင် အမေ တို့လည်း ချမ်းသာမှာပဲ… အသေ ဖြောင့်မှာပဲ… မေမေ မိုက်သလို မမိုက်နဲ့သမီး… လူတစ်ယောက် ကိုပဲချစ် အဲ့ဒီလူတစ်ယောက်ကိုပဲ ယူ… ယူပြီးရင် မိန်းမကောင်း ပီပီသသနဲ့ မယားဝတ္တရားနဲ့အညီနေ ယောက်ျားယူတဲ့နေရာမှာ ရှယ်တူမှချောမှဆိုပြီး မရွေးနဲ့… ပထမ ကိုယ့်ကိုချစ်ဖို့အရေး တယ်…

ဒုတိယ အဲ့ဒီချစ်တဲ့လူဟာ ပြည်စုံချမ်းသာဖို့လိုတယ်… ကိုယ်ပိုင်လုပ်ငန်း ကိုယ်ပိုင်ဝင်ငွေရှိတဲ့ လူမျိုးဖြစ်ဖို့လိုတယ်… အဲ လူပျို မဟုတ်ရင်တော့ အဲ့ဒီအချက်တွေလည်း အလကားပဲ… မုဆိုးဖို တစ်ခုလပ်ဖြစ်လည်း သူများအိမ်ယာကိုတော့ မပြစ်မှား နဲ့ပေါ့… မေမေ အဲ့ဒီတစ်ခုတော့ အမြဲရှောင်တယ်… ဘာသာ လည်း တူမယ်ဆိုရင် ကျန်တာ ဘာပြဿနာမှ မရှိဘူး… ခြော် နောက်တစ်ခုရှိသေးတယ် ယူပြီးရင် ကိုယ့်အိမ်နဲ့ကိုယ် သီး သန့်နေဖို့ အရေးကြီးတယ်… သူများ အမျိုးကြားမှာနေရင် ကိုယ့်အမှားကိုစောင့်ပြီး ဝိုင်းပြီးလက်ညှိုးထိုးမှာ ပဲ”

‘မေမေ ပြောတာက ဟုတ်ပါပြီ… ‘ဦးထင်’ ကဖြင့် မိန်းမ





ယူရတော့မယ့်ဟာ”

“စိတ်ချ… ငါ့သမီးဆီကို သူ ဆက်သွယ်ပါလိမ့်မယ်”

“မလာရင်ကော”

“မလာရင် သူမိန်းမမယူခင်မှာ ကိုယ့်ဆီကို လာအောင် လုပ်ပေါ့”

“ဟာ အဲ့သလိုတော့ မလုပ်ချင်ပါဘူး… သူနဲ့မပတ်သက် စေချင်လို့ သူ့အမေက ပိုက်ဆံတွေအများကြီးပေးပြီး ရှောင်ခိုင်း ထားတာ… ပြီးတော့ ဖွားဖွားက ကတိပေးခဲ့ရတာ”

‘ကေသရီ’ က သမီး၏ လက်မောင်းကို ညှစ်ကိုင်ရင်း…

“သမီး အခွင့်အရေးဆိုတာ တစ်ခါပဲလာမှာနော်… ကတိ ပေးခဲ့တာက ဖွားဖွား မဟုတ်လား… ဒီကတိကိုဖျက်တာက ဖွားဖွားမှ မဟုတ်တာ… ကြောက်ရင်လွဲ ရဲရင်မင်းဖြစ်တဲ့… ဟိုက လူပျိုကြီး အသက်ကြီးကြီးဆိုတော့ သမီးမခေါ်ရင် လာစရာမှာ မဟုတ်ဘူး… သူ့ အမေပေးစားတာကို ယူလိုက်ရင် သမီး အတွက် ရတနာတွင်းပျောက်သွားပြီသာမှတ်…ဘာလဲ အသက် ကြီးလို့ မယူချင်တာလား”

‘ရှင်မင်း’ က မဖြေ။

“တစ်နေ့မဟုတ်တစ်နေ့တော့ ယူမှာပဲ မဟုတ်လား…



www.burmeseclassic.com

www.burmeseclassic.com



ယူမယ့်အတူတူ ကိုယ့်အစွက်တိုက်တွေကားတွေ စိန်တွေရွှေတွေ အချစ်တွေနဲ့ အရံသင့်ကြိုဆိုမယ့်လူမျိုးကိုသာရွေး သမီးရေ... နေမြင့်မှအိပ်ယာ ထပြီး ထမင်းစားပွဲပေါ်မှာ ကိုယ့်ကိုစားစေချင်လို့ ဖွယ်ဖွယ်ရာရာတွေ နဲ့ အရံသင့်ပြင်ဆင်ပေးထားတဲ့ဘဝကို ယူမလား မိုးမလင်းခင် မထချင်ဘဲထပြီး ချက်ရပြုတ်ရတဲ့ဘဝ ဈေးထွက်ရောင်းရမယ့်ဘဝကို ယူမလား... 'ဦးထင်' နဲ့ယူရင် ဘာမဆိုအရံသင့်အပြင် ခွံတောင်ကျွေးဦးမှာ... ပြောလို့ ဖူးဖူးမှုတ်ထားမှာရှင့်"

'ကေသရီ' က လက်ဝါးကို ဟန်ပါပါမှုတ်ပြသဖြင့် 'ရှင်မင်း' က ရယ်ရင်း...

"အင်း သမီးလည်း 'ဦးထင်' နဲ့ အမြဲမြင်တွေ့နေရပြီး သူ့ အကြင်နာမေတ္တာတွေနဲ့ နေခဲ့ရတာကြာတော့ သူ့ကို မတွေ့ရင် မနေတတ်ဘူး... သူ မရှိရင် အားငယ်တယ်"

"အဲဒါက တစ်ဦးမေတ္တာ တစ်ဦးမှာဆိုတဲ့ သဘောပေါ့... အချစ်ဆိုတာက အဲဒီနောက်မှာ အလိုလိုပါလာမှာ... ကဲ လာ ဖုန်းသွားဆက်ရအောင်... သူနဲ့တွေ့ရင် မေမေ သင်ထားတဲ့ အတိုင်းပြော ကြားလား"

"ဟုတ်ကဲ့"





" 'ဦးထင်' လားဟင်"

"ဟုတ်တယ် 'ရှင်မင်း' မဟုတ်လား... ဘယ်က ဆက်နေတာလဲ... မပြောမဆိုနဲ့ ဘယ်ကိုထွက်သွားတာလဲ"

"ဖွားဖွားခေါ်လို့လိုက်လာတာ... ဒီကျတော့ ဖွားဖွားက ငွေဆယ်သိန်းပေးပြီး 'ရှင်မင်း' ကို ရန်ကုန်မလာနဲ့တော့တဲ့... 'ဦးထင်' ရဲ့ အမေကလုပ်ခိုင်းတာလေ... ငွေဆယ်သိန်းလည်း မလိုချင်ဘူး... 'ဦးထင်' ကို မတွေ့ရရင်လဲ မနေနိုင်ဘူး... သိလား အင့် ဟီး ဟီး"



www.burmeseclassic.com

www.burmeseclassic.com



"မငိုနဲ့ မငိုနဲ့... 'ဦးထင်' ဒီည ထွက်ခဲ့မယ်... ဘယ်သူမှ မသိအောင်ထွက်ခဲ့... ပြင်ဦးလွင်နာရီစင်အောက်နားမှာ စောင့်နေ... ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် သဘက်ခါနေ့လည် ၁၂ နာရီ တော့ရောက်အောင်လာမယ်...တကယ်ရောက်မလာဘူး နောက်ကျမယ်ဆိုရင် ရဲစခန်းမှာသာ စောင့်နေ"

"ဟင် ဘာဖြစ်လို့တုန်း... စိတ်ပူအောင် မပြောနဲ့လေ"

"မဟုတ်ဘူးလေ... ဟိုဟိုဒီဒီလျှောက်သွားရင် အန္တရာယ်ဖြစ်မှာစိုးလို့... မိုးချုပ်သွားရင် ပြောတာပါ... စိတ်မပူနဲ့... သူများကားပဲ ငှားလာခဲ့မယ် ဟုတ်ပြီလား"

"ဟုတ်ကဲ့"

'ထင်ကျော်' ရောက်လာမည်ဆို၍ ပိုပျော်သွားရသူက 'ကေသရီ' ပါ။



## ၁၈

" 'ဒေါ်ကြည်မာ' "

ခရီးဝေးကပြန်လာပြီး အထုပ်လေးချ၊ ရေလေးတစ်ခွက်သောက်နေသော 'ဒေါ်ကြည်မာ' ခမြာ လန့်ဖြန့်ပြီး ရေခွက်ပင်ပြုတ်ကျသွားခဲ့ပါသည်။

"ရှင် ယုတ်မာလှချည်လား... ကတိမတည်ပါလား"

"ဘာတွေပြောနေတာလဲ... သွားပို့ပြီး အခုမှပြန်ရောက်တာ ထိုင်တောင် မထိုင်ရသေးပါဘူး"

"ဘာပဲဖြစ်ဖြစ် ရှင့်ဘက်က မပိုင်လို့ အခုဘာတွေဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကုန်ပြီလဲ သိလား… ဒီမှာ စာဖတ်ကြည့်စမ်းပါ”

'ဒေါ်ကြည်မာ' တစ်ယောက် စာဖတ်ပြီး ပျော့ခွေကျသွားပါတော့သည်။

မေမေ ခင်ဗျား

မေမေက ရှင်မင်း ကို ငွေဆယ်သိန်းပေးပြီး ပြန်နိုင်းလိုက်တယ်ဆို… မေမေ ဒီလိုရက်စက်လိမ့်မယ်လို့ မထင်ခဲ့မိဘူး… သူတို့က ငွေပြန်ပို့ပေးမယ်တဲ့…

သူတို့ငွေမမက်ပေမယ့် ကျွန်တော်ကတော့ သူ့ကိုမက်မိတဲ့အတွက် မခွဲနိုင်လို့ လိုက်သွားခဲ့ပါပြီ…

ကျွန်တော့်ကို ခွင့်လွှတ်ပါလို့ပဲ တောင်းပန်ပါတယ်…

ထိုစာပြီး အရှက်ခွဲဖို့လာသော 'ဒေါ်အေးထက်' မှာ သတိလစ်သလိုဖြစ်နေသော 'ဒေါ်ကြည်မာ' ကိုကြည့်ပြီး ရန်မထောင်နိုင်တော့ပါ။

“ဖွားဖွား ဘာဖြစ်တာလဲ… ဘာပြောလိုက်လို့လဲ”

'နန္ဒ' နှင့် 'ကဲကဲ' က ပုံလျှက်သားလဲနေသော ဖွားအေကို ပွေ့ထူရင်း 'ဒေါ်အေးထက်' ကို တရားခံအကြည့်နှင့်ကြည့်နေကြပြီ။





အံမယ်လေး။ တကယ်လို့ သေများသေသွားရင် မိမိတော့ လူသတ်တရားခံဖြစ်တော့မယ် ထင်သည်။ ဒီအရွယ်ကြီး ကျမှ ထောင်ကျတော့မည်။ ထိုအတွေးနှင့် 'ဒေါ်အေးထက်' လည်းမူးပြီး ခွေကျသွားခဲ့ပါသည်။

'နန္ဒ' တို့မောင်နှမက သတိမရှိသော အဖွားနှင့် 'ဒေါ်အေးထက်' ကို ကားငှား၍ ဆေးရုံသို့ခေါ်ခဲ့ကြသည်။

ဆေးရုံရောက်ပြီး ခဏကြာတော့ 'ဒေါ်အေးထက်' သတိပြန်ရလာသည်။

“'မမကြည်' ရော 'မမကြည်'”

“သေတော့ မသေပါဘူးနော် သမီးရယ်”

“မပြောတတ်သေးဘူးလေ မသေအောင်တော့ဆုတောင်းနေရတာပေါ့… ဟိုဘက် ငါးဆယ် ဒီဘက်ငါးဆယ်တဲ့”

“ဘုရား ဘုရား… ကယ်တော်မူပါ… 'မမကြည်' မြန်မြန်နေကောင်းပါစေ… အသက်ရှူပါစေ”

လက်အုပ်ချီပြီး ဘုရားစာတွေ တတွတ်တွတ်ရွတ်နေသော 'ဒေါ်အေးထက်' ပုံစံက တကယ် သနားစရာကောင်းနေပါသည်။ ရယ်စရာလည်းကောင်းနေပါသည်။

“'မမကြည်' ရယ်… 'မမကြည်' မှာ အပြစ်မရှိဘူးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

ခု လိုဖြစ်တာကိုကြည့်ယုံနဲ့ သိရပါပြီ… 'မမကြည်' ဆိုတာ ကျွန်မတို့ ရပ်ကွက်က ရပ်မိကြီးပါ… ဒီလိုလူကို လာစော်ကား မိတာ ခွင့်လွှတ်ပါ… တကယ်ဆိုရင် ကျွန်မသတိမရဘဲ 'မမ ကြည်' သတိရဖို့ကောင်းတာပဲ… 'မမကြည်' သေမယ်ဆိုရင် လေ 'မမကြည်' အစား ကျွန်မ သေပါရစေလို့ဆုတောင်းပါ တယ်…

'မမကြည်' သေသွားမယ်ဆိုရင်လည်း ကျွန်မကြောင့် သေရတာမို့ ကျွန်မထောင်ထဲကို ကျေကျေနပ်နပ်ကြီး ဝင်သွား ပါတော့မယ်… ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ ချွေးမပေါက်စ လေးနဲ့ပြန်လာမယ့်သားကို စိတ်နာလွန်းလို့ပါ… ချွေးမနှိပ်စက် မယ့်ဒဏ်ကိုလည်း မခံချင်တော့လို့ပါ 'မမကြည်' ရဲ့ အီး ဟီး"





" 'ဦးထင်' "

"ဗျာ"

" 'ကိုကိုထင်' "

"ဗျာ"

" 'မောင်မောင်ထင်' "

"ဗျာ"

"အဟီး ဟီး ဟီး"

'ရှင်မင်း' ၏ ရယ်သံက စမ်းရေစီးသံအလားဟု


www.burmeseclassic.com

www.burmeseclassic.com

အရန်သင့်

ပင် ထင်ရပါတော့သည်။

စာဖတ်ပရိတ်သတ်များကို

အစဉ်လေးစားလျှက်

ဆွေဆွေအောင်

BURMESE CLASSIC

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com